အခြေခံဥပဒေရေးရာ

# မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့ တိုင်းရင်းသားဗုဒ္ဓဘာသာ

လှဒွေး

မြန်မာနိုင်ငံသားတွေအပါအဝင်ဖြစ်တဲ့ အရှေ့တိုင်းသားတွေဟာ ကိုယ်နဲ့အရင်က သိကျွမ်းခြင်းမရှိခဲ့ပေမဲ့ တဦးနဲ့တဦး ကြုံတဲ့၊ ဆုံတဲ့အခါ နာမယ်ဘယ်လိုခေါ်သလဲ ဘာအလုပ်လုပ်လဲ၊ အိမ်ထောင်နဲ့လားစသဖြင့် ပဋိသန္ဓာရ စကားဆိုတဲ့ အလေ့အထရှိပါတယ်။ ဒီလိုမေးမြန်းပြောဆိုတာကို လူတဦးတယောက်ရဲ့ ပုဂ္ဂိုလ်ရေးကိစ္စရပ်ကို ဝင်ရောက်စွက်ဖက်ခြင်းအဖြစ်မရှုမြင်တဲ့အပြင် လောကဝတ်အရ ပြုရမဲ့အပြုအမူတခုအဖြစ် လက်ခံကျင့်သုံးကြပါတယ်။ လူခြင်းဆုံကြရာမှာ အဲဒီလိုမှ ပဋိသန္ဓာရစကားမဆိုခဲ့ရင် ကိန်းခန်းကြီးတဲ့လူ၊ လောကမှာ ဆောင်ရွက်အပ်တဲ့ဝတ္တရား (လောကဝတ်) နားမလည်ပျက်ယွင်းသူလို့ အရှေ့တိုင်းလူ့အဖွဲ့အစည်းက ယူဆပါလိမ့်မယ်။ ဒီအယူအဆအမြင်နဲ့ဆန့်ကျင်ကွဲလွဲစွာဘဲ၊ ကြားလူတယောက်က မိတ်ဆက်ပေးခြင်းမရှိဘဲ ကိုယ့်ဘာသာမိတ်ဖွဲ့ပြောဆိုခြင်းကို အင်္ဂလိပ်လူ့အဖွဲ့အစည်းက လူမှုရေးနားမလည်မသိတတ်မှုအဖြစ် ရှုမြင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်သူရဲ့ လောကဝတ္တရားက ပိုမိုသင့်တင့်လျောက်ပတ်သလဲဆိုတာ အလွယ်တကူ ကောက်ချက်ချလို့မရပေမဲ့ သေချာတဲ့အချက်ကတော့ လူ့အဖွဲ့အစည်းတခုကလက်ခံထားတဲ့ အလေ့အထတခုဟာ ယဉ်ကျေးမှုခြင်းခြားနားတဲ့အလျောက် အခြားသောလူ့အဖွဲ့အစည်းက လက်ခံထားတဲ့ "စံ" နဲ့ ဆန့်ကျင်ကွဲလွဲမှုတွေ ရှိနိုင်တယ်ဆိုတဲ့အချက်နဲ့၊ ဘယ်လိုဘဲတခြားလူ့အဖွဲ့အစည်းနဲ့ ကွဲလွဲတဲ့လောကဝတ် (အလေ့အထ) ဖြစ်ပါစေ သက်ဆိုင်တဲ့လူ့အဖွဲ့အစည်းအတွင်းမှာတော့ လိုက်နာစောင့်ထိန်းရမဲ့ လူမှုရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းအသွင်သဘောရှိနေတယ်ဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။

လူမှုရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေကို ခွဲခြမ်းသုံးသပ်ရင် အခြေခံအားဖြင့် ပုံစံနှစ်မျိုးကို တွေ့နိုင်ပါတယ်။ လူကြီးရှေ့မှာ ဦးညွှတ်(ခါးညွှတ်)ပြီးသွားရမယ်ဆိုတာ မြန်မာ့ယဉ်ကျေးမှုအရ လေးစားမှုကိုပြသတဲ့ လက္ခဏာတရပ်ဖြစ်သလို တချိန်တည်းမှာ ကိုယ့်ထက်အသက်၊ ဝါ၊ ဂုဏ်အရ ကြီးမြင့်သူနဲ့ဆက်ဆံရာမှာ လိုက်နာရမယ့် လူမှုရေးဆိုင်ရာ စည်းမျဉ်း

စည်းကမ်းလည်းဖြစ်ပါတယ်။ ဒီစည်းကမ်းမျိုးကို ချိုးဖေါက်ရင် ပတ်ဝန်းကျင်က ချိုးဖေါက်သူကို မယဉ်ကျေးသူ၊ ရိုင်းစိုင်းသူလို့သတ်မှတ်ခြင်းဖြင့် အနိမ့်ဆုံးတုန့်ပြန်မှုဖြစ်ပြီး၊ အမြင့်ဆုံးအနေဖြင့် ပတ်ဝန်းကျင်ရဲ့ ဝိုင်းကြဉ်ခြင်း (Social Sanction) အထိ တုန့်ပြန်ပါလိမ့်မယ်။ ဆိုရရင် တင်ပြခဲ့တဲ့လူမှုရေးဆိုင်ရာ စည်းကမ်းချက်မျိုးဟာ ကျင့်ဝတ်အရလိုက်နာရတဲ့တာဝန် (Moral Duty) ရှိတဲ့ စည်းကမ်းချက်မျိုးဖြစ်ပါတယ်။ တချို့ လူမှုရေးဆိုင်ရာစည်းကမ်းချက်များကတော့ အထက်ကတင်ပြခဲ့တဲ့ လူမှုရေးဆိုင်ရာစည်းကမ်းချက်မျိုးနဲ့ တာဝန်ရှိမှုအပိုင်းမှာ ကွဲပြား ခြားနားပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာ လက်ခံထားမှုအရ သားသမီးတွေဟာ မိဘဆိုဆုံးမစကားကို လိုက်နာရမဲ့တာဝန်ရှိပါတယ်။ ဒီတာဝန်ကိုပျက်ကွက်တဲ့ သားသမီး (သွာနုတ္တ–မိဘဆိုဆုံးမသည်ကိုမလိုက်နာသော ခွေးနဲ့တူတဲ့သားသမီး) ဟာ မိဘရဲ့အမွေအနှစ်ကို ဆက်ခံခွင့်မရှိပါဘူး။ အခုဆိုခဲ့တဲ့လူမှုရေးဆိုင်ရာစည်းမျဉ်းဟာ ပထမဆိုခဲ့တဲ့စည်းမျဉ်းမျိုးနဲ့ တာဝန်ရှိမှုအပိုင်းမှာ ကွဲပြားခြားနားသွားပါတယ်။ ဆိုရရင် မိဘဆိုဆုံးမမှုကိုလိုက်နာဖို့ သားသမီးမှာတာဝန်ရှိတယ်ဆိုတဲ့ လူမှုရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်ဟာ ကျင့်ဝတ်အရ တာဝန်ရှိမှု (Moral Duty) မဟုတ်တော့ဘဲ ဥပဒေအရတာဝန်ရှိမှု (Legal Duty) ဖြစ်လာပါတယ်။ ဒီလိုဥပဒေသဘောသက်ဝင်တဲ့ လူမှုရေးဆိုင်ရာစည်းမျဉ်းစည်းကမ်း တနည်းပြောရရင် ဓလေ့ထုံးတမ်းဥပဒေ (Customary Law) တွေဟာ လူ့အဖွဲ့အစည်းတိုင်းရဲ့ သမိုင်းဦးအစပိုင်းမှာ လူ့အဖွဲ့အစည်းအတွင်း တဦးနဲ့တဦး၊ တစုနဲ့တစု ကူးလူးဆက်ဆံကြရာမှာ လိုက်နာရတဲ့ဥပဒေအဖြစ်တည်ရှိခဲ့ပါတယ်။ နောက်ပိုင်း ပြဋ္ဌာန်းဥပဒေ (Statute Law) တွေ ပေါ်ပေါက်လာတဲ့အခါ ဓလေ့ထုံးတမ်းဥပဒေတွေရဲ့ အရေးပါတဲ့အခန်းကဏ္ဍဟာ ယုတ်လျော့သွားပါတယ်။ ယုတ်လျော့သွားတယ်ဆိုရာမှာ ပျောက်ကွယ်သွားတဲ့သဘောတော့မဟုတ်ပါဘူး။ အသွင်ပြောင်း ရှင်သန်ဖွံ့ဖြိုးခြင်းဖြစ်တယ်လို့ ဆိုရပါမယ်။ ဒီနေ့ကမ္ဘာမှာ ဥပဒေစနစ်တရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေတဲ့ အင်္ဂလိပ်ဥပဒေစနစ် (Common Law System) ရဲ့ ပင်မရေသောက်မြစ်ဟာ ဓလေ့ထုံးတမ်းဥပဒေဖြစ်တယ်လို့ ဆိုနိုင်တဲ့အပြင် ဓလေ့ထုံးတမ်း ဥပဒေကနေ ပြဋ္ဌာန်းဥပဒေအဖြစ်သို့ တဖြည်းဖြည်း အသွင်ပြောင်းတိုးတက်ပြီး အိန္ဒိယ၊ မြန်မာ၊ ကနေဒါ၊ အမေရိကန်စတဲ့ ဗြိတိသျှကိုလိုနီဖြစ်ခဲ့ဘူးတဲ့နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ဥပဒေစနစ် (အင်္ဂလိပ် ဥပဒေစနစ်) အဖြစ် ရပ်တည်လာခြင်းဖြစ်ပါတယ်။ ဆိုရရင် ဓလေ့ထုံးတမ်းဥပဒေကနေ ပြဋ္ဌာန်းဥပဒေ အဖြစ်သို့ တဖြည်းဖြည်း တိုးတက်ပြောင်းလဲသွားတဲ့ပုံစံလို့ ဆိုရပါမယ်။ တချို့နိုင်ငံတွေကတော့ ဓလေ့ထုံးတမ်းဥပဒေကိုသုံးသပ်ပြီး ခေတ်နဲ့လျော်ညီတဲ့ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းကြပါတယ်။ အသစ်ပြဋ္ဌာန်းတယ်ဆိုပေမဲ့ အရင်းခံအားဖြင့် ဓလေ့ထုံးတမ်းမှာဘဲ အခြေပြုထားပါတယ်။ ဒီပုံစံကို အိန္ဒိယနိုင်ငံမှာ တွေ့ရပါတယ်။ အိန္ဒိယမှာ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေကို ဥပဒေပြုဌာန (ပါလီမန်) က ပြဋ္ဌာန်းဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီလိုရေးဆွဲတဲ့အခါ Dowry (မိန်းကလေးမှ ယောကျ်ားလေးသို့ပေးရသည့် မင်္ဂလာကြေး) လို တရားမျှတမှုစံနှင့်မကိုက်တဲ့၊ ခေတ်နဲ့မလျော်ညီတဲ့ ဓလေ့ထုံးတမ်းများကိုပယ်ဖျက်ပြီး ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ ဆိုရရင် ဒီနေ့ကမ္ဘာမှာ ပြဋ္ဌာန်းဥပဒေအယူအဆထွန်းကားလာလို့ ဓလေ့ထုံးတမ်းဥပဒေရဲ့ အရေးပါမှု ယုတ်လျော့သွားတယ်ဆိုပေမဲ့ ပျောက်ကွယ်သွားခြင်းမဟုတ်ဘဲ အသွင်ပြောင်း ရှင်သန်ဖွံ့ဖြိုးနေခြင်း

သာဖြစ်တယ်လို့ ဆိုရပါမယ်။

ကမ္ဘာပေါ်မှာ ဆိုခဲ့သလို ဓလေ့ထုံးတမ်းဥပဒေတွေအသွင်ပြောင်း ရှင်သန်ဖွံ့ဖြိုးနေချိန်မှာ မြန်မာနိုင်ငံလူမျိုးစုအသီးသီးမှာရှိတဲ့ ဓလေ့ထုံးတမ်းဥပဒေတွေရဲ့ အခြေအနေများကို လေ့လာကြည့်တဲ့အခါ– မြန်မာနိုင်ငံဟာ လူမျိုးစုံနဲ့ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်း (Multi-society) ဖြစ်ပါတယ်။ သမိုင်းကိုပြန်ကြည့်ရင် ဒီနေ့မြန်မာနိုင်ငံလို့ဆိုတဲ့ ပထဝီအနေအထားတခုကို လူမျိုးတမျိုးမျိုးက အချိန်ကာလအတိုင်းအတာတခုအထိ ဩဇာလွှမ်းမိုး အုပ်ချုပ်ခဲ့တာတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ တပြိုင်နက်မှာ လူမျိုးစုအသီးသီးကလည်း ကိုယ့်အကြီးအကဲနဲ့ကိုယ်၊ ကိုယ့်ဒေသကို အုပ်ချုပ်ခဲ့ကြပါတယ်။ ဆိုလိုတာက မြန်မာလူမျိုးက မြန်မာပြည်အလယ်ပိုင်းမှာ ထီးနန်းထောင်ပြီး မြန်မာနိုင်ငံတခုလုံးကို စိုးမိုးထားတယ်လို့ဆိုပေမဲ့ စော်ဘွား၊ စော်ကဲ၊ ဒူဝါစတဲ့ မျိုးရိုးစဉ်လာအရဖြစ်တဲ့ လူမျိုးစုအကြီးအကဲတွေက ကိုယ့်ဒေသကို ကိုယ့်ဓလေ့ထုံးတမ်းဥပဒေနဲ့ အုပ်ချုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ကိုလိုနီပြုတဲ့အခါ တောင်တန်းဒေသကို ဇယားဝင်နယ်မြေများအဖြစ် သီးခြားခွဲ၍ အုပ်ချုပ်ခဲ့ပါတယ်။ တောင်တန်းဒေသကို ဇယားဝင်နယ်မြေများအဖြစ် သီးခြားခွဲထုတ်ပြီး အစဉ်အလာအတိုင်း လူမျိုးစုခေါင်းဆောင်များက ဆက်လက်အုပ်ချုပ်သွားခွင့်ကို ဗြိတိသျှတို့က အတိုင်းအတာတခုအထိ လိုက်လျောခဲ့ပြီး မြေပြန့်ဒေသကိုတော့ ဗြိတိသျှဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်ပါတယ်။ တောင်တန်းဒေသကို ကိုယ့်အကြီးအကဲနဲ့ကိုယ် အုပ်ချုပ်ခွင့်ရလို့ သက်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ ဆက်လက်ရှင်သန်နေတယ်လို့ ယေဘုယျအားဖြင့်ဆိုနိုင်ပေမဲ့ ပကတိဖြစ်စဉ်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ပါဘူး။ ဒီအပိုင်းကို နောက်မှ သီးခြားတင်ပြလိုပါတယ်။ ယခုအပိုင်းမှာတော့ ဗုဒ္ဓဘာသာကိုကိုးကွယ်ယုံကြည်တဲ့ တိုင်းရင်းသားများ (မြန်မာအပါအဝင်) ရဲ့ ဓလေ့ထုံးတမ်းဥပဒေနဲ့ဆိုင်တဲ့အပိုင်းကိုသာ တင်ပြဆွေးနွေးလိုပါတယ်။

## ဗုဒ္ဓဘာသာဝင်များ၏ ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ ပြဋ္ဌာန်းကျင့်သုံးမှု

ဗြိတိသျှတို့ မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီး ၁၈၉၈ ခုနှစ်မှာ မြန်မာပြည်တရားဥပဒေများဆိုင်ရာအက်ဥပဒေ (1898 - The Burma Law Act) ဆိုတဲ့ အက်ဥပဒေတရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေ ပုဒ်မ ၁၃ (၁) မှာ–

"မြန်မာနိုင်ငံတရားရုံးများတွင်–

၁။ လက်ထပ်ထိမ်းမြားရေး (သို့မဟုတ်) ဇာတ်အယူဝါဒ

၂။ အမွေဆက်ခံရေး

၃။ အမွေခွဲဝေရေး

၄။ ဘာသာရေးဆိုင်ရာ အစဉ်အလာ (သို့မဟုတ်) အဖွဲ့အစည်းတစုံတရာနှင့်ပတ်သက်သော မည့်သည့်ပြဿနာကိုမဆို ဆုံးဖြတ်ရန်ရှိလျှင် –

သက်ဆိုင်ရာအမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် ဗုဒ္ဓဘာသာဥပဒေ၊ မဟာမေဒင်ဖြစ်လျှင် မဟာမေဒင်ဥပဒေ၊ ဟိန္ဒူဖြစ်လျှင် ဟိန္ဒူဥပဒေအရ အဆုံးအဖြတ်ပေးရမည်။

သို့ရာတွင် အက်ဥပဒေပြုလုပ်၍ ပြင်ဆင်ဖျက်သိမ်းထားသည့် ဥပဒေများနှင့် ဥပဒေကဲ့သို့ အတည်ဖြစ်နေသော ဓလေ့ထုံးတမ်းများကို မဆန့်ကျင်စေရ" လို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်အရ ရှင်းလင်းနေတဲ့အချက်ကတော့ ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ လူမျိုးဖြစ်လျှင် ဗုဒ္ဓဘာသာတရားဥပဒေနဲ့ဆုံးဖြတ်ဘို့ ဖြစ်ပါတယ်။ ဒီနေရာမှာ "ဗုဒ္ဓဘာသာတရားဥပဒေ"ဆိုတာ ဘယ်ဥပဒေကိုဆိုလိုတာလဲလို့ အမေး ပေါ်လာပါတယ်။ ဒီအချက်နဲ့ စပ်လျဉ်းလို့ မြန်မာဓလေ့ထုံးတမ်းဥပဒေစာအုပ်ကို ပြုစုခဲ့သူဦးမြစိန်က ဦးသာကြွယ်၊ ဦးမေအောင်၊ ဒေါက်တာအေးမောင်၊ ဒေါက်တာမောင်မောင်တို့ပြုစုခဲ့တဲ့ စာအုပ်များကိုကိုးကားပြီး သူ့ရဲ့မြန်မာဓလေ့ထုံးတမ်းဥပဒေစာအုပ်မှာ "ဗုဒ္ဓဘာသာဥပဒေဟူသောဝေါဟာရအရဆိုသော် ဘာသာရေးဆိုင်ရာဥပဒေဟူ၍ သဘောသက်ရောက်လျက်ရှိသည်။ စင်စစ် ဗုဒ္ဓဘာသာ၏ ရင်းမြစ်သဘောတရားမှာ လောကီရေးနှင့်သက်ဆိုင်သည်မဟုတ်ပေ။ အဆိုပါအက်ဥပဒေ (မြန်မာပြည်တရားဥပဒေဆိုင်ရာအက်ဥပဒေကို ဆိုလို– စာရေးသူမှတ်ချက်) တွင် ဖော်ပြထားသည့် မြန်မာလူမျိုးတို့၏ ထိမ်းမြားလက်ထပ်ရေး၊ အမွေဆက်ခံရေး၊ အမွေခွဲဝေရေး အစရှိသည့် လူမှုရေးပြဿနာရပ်တို့ကို ရှေးမြန်မာမင်းလက်ထက်တွင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုအရ ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါ မြန်မာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုများကို မြန်မာ့သမိုင်းတလျှောက်တွင် ခေတ်နှင့်အညီ ပြုစုပျိုးထောင်ခဲ့ကြသည့် ဓမ္မသတ်ကျမ်းများတွင် တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဥပဒေဟူသည့်ဝေါဟာရသည် လွဲမှားနေသောအမည်တရပ်ဖြစ်ကြောင်း ထင်ရှားလှပေသည်။ သို့ရာတွင် အစိုးရကပြဋ္ဌာန်းထားသော အက်ဥပဒေတရပ်၌ပါရှိသည့် ဝေါဟာရတခုကို ရုတ်တရက်ပစ်ပယ်ရန်ဝန်လေးနေကြ၍ မြန်မာဗုဒ္ဓဘာသာတို့နှင့်သက်ဆိုင်သောဥပဒေကို "မြန်မာဗုဒ္ဓဘာသာဥပဒေ"ဟူ၍ ပြုပြင်ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ဤဝေါဟာရသစ်မှာလည်း သင့်လျော်လှသည်မဟုတ်ပေ။ ဗုဒ္ဓဘာသာဥပဒေဟူသည့် ဝေါဟာရသည် အဓိပ္ပါယ်လွဲမှားနေကြောင်း၊ မြန်မာဗုဒ္ဓဘာသာတို့နှင့်သက်ဆိုင်သော လူမှုရေးဥပဒေမှာ "မြန်မာဓလေ့ထုံးတမ်းဥပဒေ"သာလျှင်ဖြစ်သင့်ကြောင်း မြန်မာဥပဒေပညာရှင်အသီးသီးက တညီတညွတ်တည်း လက်ခံဆုံးဖြတ်ခဲ့ကြသည်။"[၁] လို့ တင်ပြထားပါတယ်။ ဥပဒေများ လက်တွေ့ကျင့်သုံးမှုနယ်ပယ်တွင်ကြည့်လျှင်လည်း ကိုလိုနီခေတ်တရားရုံးများက ဗုဒ္ဓဘာသာဥပဒေအဖြစ် လက်ခံကျင့်သုံးခဲ့တဲ့ မနုကျယ်ဓမ္မသတ်၊ ကင်းဝန်မင်းကြီး ဦးကောင်း၏ အိမ်မှုခန်းဓမ္မသတ်၊ အမွေမှုခန်းဓမ္မသတ်စတဲ့ ဓမ္မသတ်အားလုံးဟာ မြန်မာလူမျိုးတွေရဲ့ဓမ္မသတ်များသာ ဖြစ်ပါတယ်။ တရားမှုခင်းများစစ်ဆေးစီရင်ရာတွင် ဗုဒ္ဓဘာသာတရားဥပဒေအရ ကျင့်သုံးဆောင်ရွက်ရမည်ဆိုလျှင် ကိုလိုနီခေတ်တရားရုံးများက ဆိုခဲ့တဲ့ဓမ္မသတ်သုံးစောင်ကို အဓိကကိုးကားကြပါတယ်။ ကိုလိုနီခေတ်အင်္ဂလိပ်တရားသူကြီးများ ကိုးကားနိုင်စေဖို့အတွက် ၁၈၄၇ ခုနှစ်မှာ "မနုကျယ်ဓမ္မသတ် "၊ ၁၈၇၇ ခုနှစ်မှာ ကင်းဝန်မင်းကြီးဦးကောင်းရဲ့ သုံးဆယ့်ခြောက်စောင်တွဲ အမွေမှုခန်းဓမ္မသတ်နဲ့ သုံးဆယ့်လေးစောင်တွဲ အိမ်မှုခန်းဓမ္မသတ်တို့ကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခဲ့ကြပါတယ်။ ဗြိတိသျှအင်ပါယာ အယူခံတရားလွှတ်တော်ဖြစ်တဲ့ ပရီဗွီ ကောင်းဆယ် (Privy Council) က အမှုတခုမှာ "မနုကျယ်ဓမ္မသတ်၌ပါရှိသော စီရင်ထုံးများအရ ရှင်းလင်းနေလျှင် အခြားဓမ္မသတ်များကို ကိုးကားရန်မလိုတော့ပေ "[၂] လို့ မှတ်ချက်ချထား

တာကိုကြည့်ခြင်းအားဖြင့် ဆိုခဲ့တဲ့ဓမ္မသတ်များအပေါ် ကိုလိုနီခေတ်တရားသူကြီးများက မည်မျှ ကိုးစားသည်ကို မှန်းဆနိုင်ပါတယ်။

ဗုဒ္ဓဘာသာတရားဥပဒေမှာအဓိကကိုးကားတဲ့ မနုကျယ်ဓမ္မသတ်ကို အလောင်းဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၁၄ မှာ ကျုံးဝန်ဇေယျသင်္ကြန်အမတ်က စီရင်ရေးသားခဲ့တာဖြစ်ပါတယ်။ ကင်းဝန်မင်းကြီးဦးကောင်းပြုစုခဲ့တဲ့ အမွေမှုခန်းဓမ္မသတ်နှင့် အိမ်မှုခန်း ဓမ္မသတ်တို့မှာလည်း ရှေးဟောင်းဓမ္မသတ်များကို ညှိနှိုင်းတည်းဖြတ်ပြီး စုစည်းထားတဲ့ဓမ္မသတ်ဖြစ်ပါတယ်။ ရှေးဟောင်းဓမ္မသတ်များ [၄] မှာလည်း ဓမ္မဝိလာသဓမ္မသတ် – ဝါးရူဓမ္မသတ် စတဲ့ မွန်ဓမ္မသတ်တချို့မှလွဲ၍ အများစုမှာ မြန်မာဓမ္မသတ်များဖြစ်ပါတယ်။ ဒါကြောင့် ကိုလိုနီခေတ်တရားရုံးများမှာကျင့်သုံးတဲ့ ဗုဒ္ဓဘာသာဥပဒေဆိုတာ ပကတိသဘောအားဖြင့် မြန်မာဓမ္မသတ်များမှာမြစ်ဖျားခံတဲ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေဘဲဖြစ်နေပါတယ်။ ၁၉၆၉ ခုနှစ်မှာ တရားရုံးချုပ်စုံညီခုံရုံးကဆုံးဖြတ်တဲ့အမှုတခု [၆] မှာ "ဗုဒ္ဓဘာသာဝင်များ၏ အိမ်ထောင်ရေးကိစ္စနှင့် သက်ဆိုင်သော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် လူမှုရေးဓလေ့ထုံးတမ်းများဖြစ်သည်။ ဘာသာရေးနှင့် ရောယှက်ခြင်းကင်းသည်။ ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာဥပဒေဟူသော အခေါ်အဝေါ်ပင်လျှင် မှားယွင်းနေကြောင်း စီရင်ထုံးများကပြခဲ့ကြသည်။ ကျွန်ုပ်တို့ကလည်း အခေါ်အဝေါ်နှင့်တကွ အတွေးအမြင်မှန်ကန်စေရန် မြန်မာဓလေ့ထုံးတမ်းဥပဒေဟု သတ်မှတ်ခေါ်ဝေါ်လျက်ရှိသည်။" လို့ ထုံးဖွဲ့ခဲ့ပါတယ်။ ၁၉၇၀ ခုနှစ် တတိယအကြိမ်ထုတ် တရားရုံးများလက်စွဲမှာ ဦးမြစိန်ရဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေကို "စံ" အဖြစ် တရားရုံးများကသုံးစွဲဖို့ ပြဋ္ဌာန်းခဲ့ပါတယ်။ [၇] ဒါကြောင့်မို့ ဗုဒ္ဓဘာသာဥပဒေဆိုတဲ့ မြန်မာပြည်တရားဥပဒေများဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃ (၁) ပါ စကားရပ်ဟာ ကိုလိုနီခေတ်မှာ တရားကိုယ်သဘောအရ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေဖြစ်ပြီး၊ ၁၉၆၉ နောက်ပိုင်းမှာ ဝေါဟာရအရရော၊ တရားကိုယ်သဘောအရပါ မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေကိုဆိုလိုကြောင်း ထင်ရှားနေပါတယ်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ကိုလိုနီပြုခဲ့စဉ်က တောင်တန်းဒေသကို ဇယားဝင်နယ်မြေများအဖြစ် သီးခြားထားရှိပြီး မျိုးရိုးစဉ်လာအရဖြစ်တဲ့ အကြီးအကဲများကို အုပ်ချုပ်စေခဲ့တာကြောင့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးတို့မှာ ၎င်းတို့ရဲ့ဓလေ့ထုံးတမ်းအရ ကျင့်သုံးဆောင်ရွက်ခွင့်ရခဲ့ကြပါတယ်။ ဆိုခဲ့တဲ့ ဇယားဝင်နယ်မြေများမှအပဖြစ်တဲ့ ကျန်နယ်မြေများဟာ ဘုရင်ခံ၏ အုပ်ချုပ်မှုအောက်မှာရှိပြီး ၁၈၉၈ – မြန်မာပြည်တရားဥပဒေဆိုင်ရာအက်ဥပဒေ အာဏာသက်ရောက်ပါတယ်။ ရှမ်းပြည်တွင် အာဏာသက်ရောက်သောဥပဒေများစာရင်းတွင် မြန်မာပြည်တရားဥပဒေများဆိုင်ရာအက်ဥပဒေ ပါဝင်တဲ့အတွက် အဲ့ဒီဥပဒေဟာ ရှမ်းပြည်တွင်လည်း အာဏာသက်ရောက်မှု ရှိနေပါတယ်။ ဒ့ါအပြင် ဗုဒ္ဓဘာသာဟာ မြန်မာလူမျိုးတမျိုးထဲက ကိုးကွယ်တဲ့ဘာသာမဟုတ်ဘဲ မြန်မာလူမျိုးမဟုတ်တဲ့ အချို့သောတိုင်းရင်းသားများကလည်း ကိုးကွယ်တဲ့ဘာသာဖြစ်နေပါတယ်။ မြန်မာပြည်တရားဥပဒေဆိုင်ရာအက်ဥပဒေအရ ဗုဒ္ဓဘာသာဥပဒေ (မြန်မာဓလေ့ထုံးတမ်းဥပဒေ) ဖြင့် ဗုဒ္ဓဘာသာဝင်များရဲ့အမှုကိစ္စများကို တရားရုံးများက ဖြေရှင်းပေးရမယ်ဆိုတဲ့အခါ ဗမာလူမျိုးမဟုတ်တဲ့ ဗုဒ္ဓဘာသာကိုးကွယ်သူများဟာ မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့သက်ဆိုင်ခြင်း ရှိ/မရှိဆိုတဲ့ ပြဿနာပေါ်လာပါတယ်။ ဒီပြဿနာနဲ့ စပ်လျဉ်းလို့

ကိုလိုနီခေတ်တရားရုံးများက ထုံးဖွဲ့ခဲ့တဲ့စီရင်ထုံးများအရ မြန်မာနိုင်ငံတွင်နေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ကရင်လူမျိုး [၆]၊ ချင်းလူမျိုး [၇]၊ ရခိုင်လူမျိုး [၈]၊ ရှမ်းလူမျိုး [၉] တို့ဟာ ဗုဒ္ဓဘာသာတရားဥပဒေ (မြန်မာဓလေ့ထုံးတမ်းဥပဒေ) နဲ့ သက်ဆိုင်တယ်လို့တွေ့ရပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၁ ခုနှစ်မှာဆုံးဖြတ်တဲ့အမှုတခုမှာ “မြန်မာနိုင်ငံတိုင်းရင်းသားများဖြစ်သော ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြလျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့သက်ဆိုင်သည်” [၁၀] လို့ ဆုံးဖြတ်ထားပါတယ်။ ဆိုရရင် မြန်မာနိုင်ငံမှာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူမည်သူမဆို ထိမ်းမြားလက်ထပ်ရေး၊ အမွေခွဲဝေရေး၊ အမွေဆက်ခံရေးတို့နဲ့ပါတ်သက်သော ပြဿနာတစုံတရာကိုဆုံးဖြတ်ရန်ရှိလျှင် အခြေခံအားဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမယ်ဆိုတဲ့ မူဟာ ကိုလိုနီခေတ်မစပြီး ယနေ့အထိ အတည်ဖြစ်နေတဲ့မူဖြစ်ပါတယ်။ တကယ်လို့ ဗုဒ္ဓဘာသာကိုးကွယ်သူအမှုသည်ဟာ မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့မသက်ဆိုင်လိုဘူးဆိုရင် မသက်ဆိုင်လိုသူက ၁၉၂၇ ခုနှစ်မှာ ဆုံးဖြတ်တဲ့ “မရင်မြနှင့် တန်ရောက်ပု စီရင်ထုံး” [၁၁] အရ

(၁) ထိုသူ၏ဓလေ့ထုံးတမ်းသည် မြန်မာနိုင်ငံတွင် တရားဥပဒေကဲ့သို့ အတည်ဖြစ်နေကြောင်း၊

(၂) ထိုဓလေ့ထုံးတမ်းသည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်ဆန့်ကျင်ကြောင်း၊

(၃) ထိုဓလေ့ထုံးတမ်းသည် တရားမျှတကြောင်းဆိုတဲ့ အချက်(၃)ချက်ကို ထင်ရှားအောင်ပြရန် တာဝန်ရှိပါတယ်။

အဲ့ဒီအချက်(၃)ချက်ကို ထင်ရှားအောင်မပြနိုင်ရင် ဗမာလူမျိုးမဟုတ်သော်လည်း မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမှုစစ်ဆေးဆုံးဖြတ်တာကို ခံယူရပါလိမ့်မယ်။

အထက်မှာတင်ပြခဲ့တဲ့ ဗုဒ္ဓဘာသာဝင်တွေနဲ့ဆိုင်တဲ့ တရားစီရင်ရေးဆိုင်ရာမူဟာ ကျိုးကြောင်းဆီလျှော်မှန်ကန်မှု၊ တရားမျှတမှုရှိရဲ့လားဆိုတဲ့အချက်ဟာ များစွာစဉ်းစားဘို့ကောင်းတဲ့ အချက်တခုဖြစ်နေပါတယ်။ ၁၈၈၁ ခုနှစ်မှာဆုံးဖြတ်ခဲ့တဲ့ စီရင်ထုံးတခုမှာ [၁၂] “မြန်မာနိုင်ငံတရားရုံးများအက်ဥပဒေ [၁၃] ပုဒ်မ – ၄ တွင်ပါဝင်သော ဗုဒ္ဓဘာသာတရားဥပဒေဆိုသည်မှာ မြန်မာဓလေ့ထုံးတမ်းဥပဒေတခုတည်းကိုဆိုလိုသည်မဟုတ်။ ထိုသို့မဟုတ်ကြောင်းကို ဟိန္ဒူတရားဥပဒေနှင့် မိုဟာမေဒင်တရားဥပဒေများကိုကြည့်လျှင် ပိုမိုထင်ရှားသည်။ ဟိန္ဒူတရားဥပဒေဆိုသည်မှာ တခုတည်းသောဥပဒေမဟုတ်၊ မိုဟာမေဒင်တရားဥပဒေမှာလည်း တခုတည်းသောမိုဟာမေဒင်တရားဥပဒေမဟုတ်၊ ဂိုဏ်းအလိုက်ရှိကြသည့် တရားဥပဒေများအရ ခွဲခြားခေါ်ဆိုခြင်းဖြစ်သည်။ ထိုနည်းတူ ဗုဒ္ဓဘာသာဥပဒေမှာလည်း မြန်မာဓလေ့ထုံးတမ်း တခုတည်းကိုဆိုလိုခြင်းမဟုတ်၊ မြန်မာဓလေ့ထုံးတမ်းဥပဒေသည် ဗုဒ္ဓဘာသာ ဥပဒေများအနက်တခုသာဖြစ်သည်။”လို့ ကောက်ချက်ချထားတာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းတရာကျော်က ဆုံးဖြတ်ခဲ့တဲ့ အဲ့ဒီစီရင်ထုံးမှာထောက်ပြထားတဲ့အချက်တွေဟာ များစွာ အလေးထားစဉ်းစားဘို့ကောင်း သလို ကိုလိုနီခေတ်ကနေ ယနေ့အထိ အတည်ဖြစ်ဆဲဖြစ်တဲ့ မြန်မာပြည်မှာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ရင် မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့ သက်ဆိုင်ရမယ်ဆိုတဲ့မူဟာ တရားမျှတ

မှန်ကန်မှုရှိရဲ့လား ဆိုတဲ့အချက်ကို စိမ်ခေါ်မေးမြန်းနေပါတယ်။

တရားမျှတမှု (Justice) အယူအဆဟာ မျှတခြင်း (Fairness) ညီမျှခြင်း (Equality) အယူအဆတွေနဲ့ ဆက်စပ်နေပါတယ်။ မျှတမှု (Fairness) ရဲ့အဓိပ္ပါယ်က ဥပဒေစနစ် (Legal system) ဟာ လူတဦးကို သူတို့ရဲ့ပုဂ္ဂလိကရှုမြင်ချက်ကို တင်ပြဖို့ အခွင့်အလမ်း (Opportunity) ကိုအလုံအလောက်ပေးရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပြီး ညီမျှမှုရဲ့ ယေဘုယျအဓိပ္ပါယ်က လူတဦးစီကို တူညီတဲ့နည်းလမ်းအရ ပြုမူဆက်ဆံရမယ့်အပြင် နိုင်ငံတော်နှင့် ဆက်ဆံရာမှာလည်း မည်သူမဆို တူညီသောနည်းလမ်းအရ ပြုမူဆက်ဆံခံ ရခြင်းဖြစ်ရမယ်လို့ အဓိပ္ပါယ်ရပါတယ် [၁၄]။ အင်္ဂလိပ်ဥပဒေစနစ်ရဲ့ တရားမျှတမှုသင်္ကေတ (Symbol of Justic) ဖြစ်တဲ့ တဖက်မှာဓါးကိုမြှောက်ကိုင်ထားပြီး တဖက်မှာချိန်ခွင်ကိုကိုင်ထားကာ မျက်လုံးကိုအဝတ်စည်းပိတ်ထားတဲ့ အမျိုးသမီးရုပ်ထုမှာ မျက်လုံးပိတ်ထားတဲ့ သဘောက တရားမျှတမှုရဲ့ ဖက်မလိုက်သော၊ မျှတသော၊ (Impartial) သဘောဖြစ်ပြီး ချိန်ခွင်ရဲ့ သဘောက ညီမျှမှုသဘောဖြစ်ပါတယ်။ အခုဆိုခဲ့တဲ့ တရားမျှတမှုအယူအဆအရဆိုရင် ဗုဒ္ဓဘာသာဝင်တွေနဲ့စပ်လျဉ်းတဲ့၊ မြန်မာနိုင်ငံတရားစီရင်ရေးနယ်ပယ်မှာအတည်ဖြစ်နေတဲ့မူဟာ တရားမျှတမှုမရှိတဲ့မူလို့ ဆိုရပါလိမ့်မယ်။ စီရင်ထုံးအများစုက မြန်မာနိုင်ငံမှာနေထိုင်ပြီး၊ ဗုဒ္ဓဘာသာကိုးကွယ်ရင် မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့သက်ဆိုင်ရမယ်ဆိုတဲ့အချက်ကို အခိုင်အမာဖော်ထုတ်ခဲ့ကြပြီး၊ လက်ရှိမှာလည်း အတည်ဖြစ်နေပါတယ်။ တကယ်လို့ မသက်ဆိုင်လိုဘူးဆိုရင် မသက်ဆိုင်လိုသူက အချက်သုံးချက်ကို ထင်ရှားအောင်ပြရမယ်လို့ ဆိုထားပါတယ်။ ဒီမူမှာ ထင်ရှားအောင်သက်သေပြဖို့တာဝန် (Burden of Proof) ဟာ တိုင်းရင်းသား ဗုဒ္ဓဘာသာရဲ့ဖက်ကို ကျရောက်နေပါတယ်။ လွယ်လွယ်ရှင်းရှင်းဆိုရရင် တိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေကို တရားရုံးက ကျင့်သုံးဆောင်ရွက်ပေးစေလိုလျှင် အချက်သုံးချက်ကို ထင်ရှားအောင်သက်သေပြရမယ်။ မပြနိုင်ရင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရသာ ဆုံးဖြတ်မယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ ဖြစ်ပါတယ်။ ဒါဟာ တိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေနဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေကြားမှာ အခွင့်အလမ်း (Opportunity) မညီမျှတဲ့သဘောကို ဆောင်နေပါတယ်။ ဥပဒေရှေ့မှောက်မှာ လူတိုင်းညီမျှရမယ်ဆိုတဲ့ ဥပဒေဆိုရိုးစကားနဲ့လည်း မကိုက်ညီပါဘူး။ ဒ့ါအပြင် တိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေနဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေ (၂) ခု အပေါ်မှာ တရားရုံး (နိုင်ငံတော်) က တူညီတဲ့နည်းလမ်းအရ ပြုမူဆက်ဆံတဲ့သဘောလည်း မဟုတ်ပါဘူး။ ဆိုရရင်ဗုဒ္ဓဘာသာဝင်တွေနဲ့စပ်လျဉ်းလို့ မြန်မာနိုင်ငံ တရားရေးနယ်ပယ်မှာ တည်ရှိနေတဲ့မူဟာ တရားမျှတမှုရှိပါတယ်လို့ ပြောခဲ့ရင် တရားမျှတမှုနတ်သမီးဟာ မျက်နှာမှာစည်းထားတဲ့ အဝတ်ကိုဖြုတ်ပစ်ပြီး ဈေးထဲကအလေးခိုးတဲ့ ဈေးသည်ရဲ့ချိန်ခွင်ကို ကိုင်ထားတယ်လို့ပဲ ဆိုရပါလိမ့်မယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေဆိုတဲ့ ဝေါဟာရအတည်ဖြစ်လာပုံကို တင်ပြခဲ့ရာမှာ ဗုဒ္ဓဘာသာဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဥပဒေ၊ မြန်မာဓလေ့ထုံးတမ်းဥပဒေဆိုပြီး အဆင့်ဆင့် ပြောင်းလဲခဲ့တယ်လို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုအဆင့်ဆင့်ပြောင်းလဲရာမှာ ဒေါက်တာမောင်မောင် အစရှိတဲ့ မြန်မာဥပဒေပညာရှင်များကရော၊ စီရင်ထုံးများကပါ "မြန်မာဓလေ့ထုံးတမ်းဥပဒေ

သည် လူမှုရေးဓလေ့ထုံးတမ်းများဖြစ်ပြီး ဗုဒ္ဓဘာသာရေးနှင့် ရောယှက်ခြင်းကင်းတယ်” ဆိုတဲ့ အချက်ကို တညီတညွတ်တည်းပြောခဲ့ကြပါတယ်။ တဘက်မှာ လူမှုရေးဓလေ့ထုံးတမ်းများဖြစ်လို့ ဘာသာရေးနဲ့မနီးနွယ်ဘူးလို့ပြောနေပေမဲ့ အခြားတဖက်မှာတော့ မြန်မာနိုင်ငံအတွင်းနေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူမှန်ရင် မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့သက်ဆိုင်ရမယ်လို့ ဘာသာရေးကိုအခြေပြုပြီး ဆက်စပ်မှုလုပ်လာခြင်းဟာ ရှေ့နောက်သဟဇာတမဖြစ်တဲ့သဘောဖြစ်နေပါတယ်။ ဆိုရရင်မြန်မာနိုင်ငံမှာနေထိုင်တဲ့ ဗုဒ္ဓဘာသာဝင်များနဲ့သက်ဆိုင်တဲ့ မူဟာမီးစတဖက်၊ ရေမှုတ်တဖက်မူလို့ပဲလို့ဆိုရပါလိမ့်မယ်။ ဒီလိုမီးစတဖက်၊ ရေမှုတ်တဖက်မူ မြန်မာတရားစီရင်ရေးနယ်ပယ်မှာ အတည်ဖြစ်နေခြင်းဟာ သဘောရိုးနဲ့ဖြစ်နေတာလား၊ အချို့သောသူများက ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့ကြတာလားဆိုတာစဉ်းစားစရာဖြစ်နေပါတယ်။ မြန်မာဓလေ့ထုံးတမ်းဥပဒေစာအုပ် စတုတ္ထအကြိမ်ပုံနှိပ်ခြင်းအမှာစာမှာ ထိုစဉ်ကတရားသူကြီးချုပ်ဖြစ်သူ ဒေါက်တာ မောင်မောင်က “အိမ်ထောင်ရေးသည် လူမှုရေးဖြစ်ပေရာ အတူနေထိုင်မှီဝဲရာ လူ့အဆောက်အဦးအတွင်း၌ သက်ဝင်လှုပ်ရှားသော လူမှုရေးဥပဒေတို့သည် အတူနေ၍ အချင်းချင်းအကျိုးပြုကြသော လူအများနှင့် ဘာသာမရွေးသက်ဆိုင်စေသင့်သည်။ ဘာသာကိုအကြောင်းပြု၍ ကိုယ်ပိုင်ဥပဒေများရှိထိုက်သည်ဟုတခေတ်ကဆိုခဲ့ကြသည်။ ၎င်းကိုယ်ပိုင်ဥပဒေစနစ်သည် နိုင်ငံခြားသားများက တိုင်းပြည်တပြည်ကို လာရောက်ကူးသန်းရောင်းဝယ်နေထိုင်ကြကာ ဩဇာလွှမ်းမိုးလာသောအခါ၌ သူတို့၏ဥပဒေအရသာလျှင်၊ သူတို့မှုခင်းများအား ဆုံးဖြတ်ရမည်ဟု စည်းကမ်းချထားခြင်းနှင့် သဘောအားဖြင့်ဆင်တူ၏။ ကိုယ်ပိုင်ဥပဒေစနစ်သည် ကမ္ဘာအရပ်ရပ်၌ ဆိတ်သုဉ်းလျှက်ရှိပြီ။ **ထို့အတူမြန်မာဓလေ့ထုံးတမ်းဥပဒေသည် ဗုဒ္ဓဘာသာဝင်များနှင့်သာမက မြန်မာပြည်တွင်းအိုးအိမ်စိုက်ထူမှီတင်းနေထိုင်သူများနှင့်လည်း သက်ဆိုင်စေသင့်သည်။** ထိုသို့ညီညွတ်မျှတစွာ အကျိုးသက်ရောက်စေခြင်းဖြင့် အခြားဘာသာဝင်တို့သည် နစ်နာရန်မရှိပါ။ မြန်မာဓလေ့ထုံးတမ်းဥပဒေသည် ခေတ်မှီ၍မျှတပါသည်။ အခြားနိုင်ငံများတွင် အိမ်ထောင်ရေးဥပဒေများကို ပြန်လည်သုံးသပ်ကာ ဘာသာရေးဩဇာကိုဖယ်ရှား၊ လူမှုရေး ကိစ္စရပ်များကိုအလေးထား၍ ညီမျှခြင်းကိုအခြေခံပြီးလျှင် ပြင်ဆင်နေကြပါပြီ။ ယင်းသို့ပြင်ဆင်ရာတွင်မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ကိုက်ညီသည်များပါရှိပါသည်”လို့ ရေးသားထားတာကို တွေ့ရပါတယ်။

## တုံးအောက်ကဗုဒ္ဓဘာသာတိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေ

မြန်မာဓလေ့ထုံးတမ်းဥပဒေ၏ လွှမ်းမိုးမှုအောက်တွင် ဗုဒ္ဓဘာသာတိုင်းရင်းသားများ၏ဓလေ့ထုံးတမ်းဥပဒေများ လွှမ်းမိုးခံနေရတယ်လို့ပြောတဲ့အခါ အချို့လူများအနေနဲ့ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များရဲ့ဓလေ့ထုံးတမ်းဥပဒေကို တရားရုံးမှာမသုံးစွဲရလို့ ပိတ်ပင်ထားတာမဟုတ်။ မရင်မြန်နဲ့ တန်ရောက်ပုစီရင်ထုံးမှာဖော်ပြထားတဲ့အချက်သုံးချက်ကို ထင်ရှားအောင်ပြနိုင်ရင် တရားရုံးကကျင့်သုံးဆောင်ရွက်ပေးမှာဖြစ်တယ်လို့ စောဒကတက် ကောင်းတက်နိုင်ဖွယ်ရှိပါတယ်။ အဲဒီစီရင်ထုံးအရမြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့ မသက်ဆိုင်လိုဘူးဆိုရင်ကိုယ့်ရဲ့ ဓလေ့

ထုံးတမ်းဥပဒေဟာ မြန်မာနိုင်ငံမှာ တရားဥပဒေကဲ့သို့အတည်ဖြစ်နေကြောင်း၊ မြန်မာဓလေ့ထုံးတမ်းနဲ့ဆန့်ကျင်ကြောင်း၊ တရားမျှတကြောင်း၊ ဆိုတဲ့အချက်သုံးချက်ကို သက်သေပြရပါမည်။ ဒီလိုသက်သေပြရမဲ့အချက်သုံးချက်ဟာ ဥပဒေသဘောတရားရှုထောင့်အရတော့ မှန်ကန်မှုမရှိဘူးလို့ မပြောနိုင်တဲ့အချက်များပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချက်သုံးချက်ကို ပကတိတည်ရှိနေတဲ့အခြေအနေများနဲ့ ဆက်စပ်လိုက်တဲ့အခါမှာ ဗုဒ္ဓဘာသာတိုင်းရင်းသားများ မိမိတို့ရဲ့ဓလေ့ထုံးတမ်းဥပဒေကို ကျင့်သုံးဖို့အခွင့်အရေးဟာ ပေးကားပေး၏မရတဲ့အခွင့်အရေးတခုဖြစ်နေတာကို တွေ့ရပါတယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေဟာ ခေတ်နဲ့လျော်ညီတယ်၊ တရားမျှတမှုစံတွေနဲ့ညီတယ်လို့မြန်မာဥပဒေပညာရှင်များက ဆိုကြပါတယ်။ နှိုင်းယှဉ်ချက်အရဆိုရင် မြန်မာဓလေ့ထုံးတမ်းဥပဒေဟာ အခြားသောတိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေများထက် အထူးသဖြင့်အမျိုးသမီး၊ အမျိုးသားတန်းတူညီတူရှိမှုမှာ ပို၍တရားမျှတတဲ့အသွင်သဘောရှိတယ်ဆိုတာလက်ခံနိုင်ဖွယ်ရှိတဲ့အချက်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ စဉ်းစားဖို့ကောင်းတဲ့အချက်တခုက မွန်ဂိုလွိုက်အနွယ်တူလည်းဖြစ်၊ တမြေတည်းနေ တရေတည်းသောက်ပြီး လူမျိုးတမျိုးနဲ့တမျိုး ကူးလူးဆက်ဆံခဲ့ကြတာလည်းဖြစ်ရဲ့နဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေကချွန်ပြီး အခြားသောလူမျိုးစုဓလေ့ထုံးတမ်းဥပဒေများထက် ဘာဖြစ်လို့ခေတ်မှီတရားမျှတနေတာလည်းဆိုတာဖြစ်ပါတယ်။ လူတိုင်းဟာ မွေးဖွားလာစဉ်ကတော့ ကိုယ်လုံးတီးပါဘဲဆိုသလို မြန်မာဓလေ့ထုံးတမ်းဥပဒေမှာလည်း တခြားဓလေ့ထုံးတမ်းဥပဒေတွေလိုဘဲ တရားမျှတမှုစံတွေနဲ့မကိုက်ညီတဲ့ ဓလေ့ထုံးတမ်းတွေ တချိန်တခါကရှိခဲ့ပါတယ်။ ဒေါ်ခင်မြမာ (ခ) မာမာနဲ့ ဦးညွန့်လှိုင်အမှုမှာ တရားသူကြီးစုံညီခုံရုံးက–

“လူမျိုးတမျိုး၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းတို့သည် ယင်းလူမျိုး၏ သွားလာနေထိုင်မှုစနစ်အပေါ်မူတည်လျက် အစဉ်ပြောင်းလဲလျက်ရှိသည်။ ဓမ္မသတ်များ ရေးသားပြုစုသည့်အခါသမယတွင် လက်ခံကျင့်သုံးခဲ့သော လူ့ဓလေ့ထုံးတမ်းတို့မှာ ယနေ့လက်ခံကျင့်သုံးနေသည့် လူနေမှုစနစ်၊ ယဉ်ကျေးမှုတို့နှင့် များစွာကွာခြားလျက်ရှိသည်ဆိုခြင်းကို မငြင်းနိုင်ပေ။ ဓမ္မသတ်များတွင် ဖော်ပြထားသော ဓလေ့ထုံးတမ်းအချို့မှာ လက်ရှိလူနေမှုစနစ်၊ ယဉ်ကျေးမှုတို့နှင့် များစွာဆန့်ကျင်နေပေရာ ဓမ္မသတ်များကို တသွေမတိမ်းလိုက်နာရန်အကြောင်းမရှိပေ။ ဥပမာဆောင်ရသော် ဓမ္မသတ်များတွင်ဖော်ပြထားသည့် ကျေးကျွန်စနစ်၊ မိဘကသားသမီးကို ရောင်းချနိုင်ခွင့်၊ လင်ကဇနီးကို ရောင်းချနိုင်ခွင့်စသည့် ကိစ္စရပ်များမှာ ယခုအခါလက်ခံ ကျင့်သုံးနေသည့် ဓလေ့ထုံးတမ်းများနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသည်ကို အလွယ်တကူသိမြင်နိုင်ပေသည်”[၁၅] လို့ မှတ်ချက်ပြုထားပါတယ်။

တရားသူကြီးစုံညီခုံရုံးရဲ့မှတ်ချက်ကိုလေ့လာကြည့်ရင် ယနေ့အချိန်မှာ တရားမျှတမှုနဲ့ကိုက်ညီပါတယ်လို့ပြောနေနိုင်တဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ တချိန်တခါက ကျေးကျွန်စနစ်လို၊ ကိုယ့်သားသမီး၊ သားမယားစတာတွေကို လူတယောက်အဖြစ်မမှတ်ယူဘဲ၊ ကုန်ပစ္စည်းတခုသဖွယ်ယူဆပြီး လွှဲပြောင်းရောင်းချခွင့်လို လူသားမဆန်တဲ့ ဓလေ့ထုံးတမ်းတွေရှိခဲ့ပြီး၊

အဲ့ဒီဓလေ့ထုံးတမ်းတွေကို တရားရုံးများက ဝေဖန်သုံးသပ်ပြီး တရားစီရင်ဆုံးဖြတ်ချက်များ (စီရင်ထုံး) များဖြင့် တရားမျှတမှုကင်းမဲ့တဲ့ဓလေ့ထုံးတမ်းများကို ပယ်ဖျက်ခြင်း၊ တိုးတက်လာတဲ့လူ့အဖွဲ့အစည်းရဲ့အယူအဆ၊ အတွေးအမြင်သစ်များဖြင့် ဓလေ့ထုံးတမ်းများကိုမွမ်းမံခြင်းတို့ကို တွေ့နိုင်ပါတယ်။ ဒီလိုတရားရုံးများရဲ့ ဓလေ့ထုံးတမ်းဥပဒေနဲ့စပ်လျဉ်းတဲ့ ဆောင်ရွက်မှုလုပ်ငန်းစဉ်ဟာ ဓလေ့ထုံးတမ်းဥပဒေများဖွံ့ဖြိုးမှုဖြစ်စဉ်မှာ အခြေခံအားဖြင့် မရှိမဖြစ် ရှိရတဲ့လုပ်ငန်းတခုဘဲဖြစ်ပါတယ်။ ပြဋ္ဌာန်းဥပဒေ (statute law) တွေကိုဥပဒေပြုဌာန (ပါလီမန်) က ရေးဆွဲတာဖြစ်လို့ ပြင်ဆင်စရာရှိလာတဲ့အခါ ပြဋ္ဌာန်းထားတဲ့လုပ်ထုံးလုပ်နည်းနဲ့အညီ ဥပဒေပြုဌာနက ပြင်ဆင်နိုင်ပါတယ်။ ဓလေ့ထုံးတမ်းဥပဒေရဲ့မူလသဘောအရ ဓလေ့ထုံးတမ်းဥပဒေကို ဥပဒေပြုဌာနကရေးဆွဲပြဋ္ဌာန်းတာမဟုတ်ဘဲ၊ လူ့အဖွဲ့အစည်းအတွင်းမှာ လူတဦးနဲ့တဦး၊ တစုနဲ့တစု ကူးလူးဆက်ဆံရာမှာ လိုအပ်သလိုလက်ခံကျင့်သုံးလာတဲ့ စည်းကမ်းများကို ကာလကြာရှည် အသုံးပြုလာရာမှ ဥပဒေသဘောအသွင်ဖြစ်လာခြင်းဖြစ်တာကြောင့် ဓလေ့ထုံးတမ်းဥပဒေကို ခေတ်နှင့်လျော်ညီအောင်ပြုပြင်မွမ်းမံခြင်းကို ယေဘုယျအားဖြင့် ဥပဒေပြုဌာနက ဆောင်ရွက်လေ့မရှိဘဲ တရားစီရင်ရေးဌာန (တရားရုံး) များက ပြောင်းလဲလာတဲ့လူ့အဖွဲ့အစည်းနဲ့သဟဇာတဖြစ်အောင်ညှိနှိုင်းပြီး စီရင်ထုံးများဖြင့်ထိန်းညှိလုပ်ဆောင်ရပါတယ်။ ဒါကြောင့်မို့ ဓလေ့ထုံးတမ်းဥပဒေကို တရားသူကြီးလုပ်ဥပဒေ (Judge make law) လို့ တချို့ဥပဒေပညာရှင်များက ဆိုကြပါတယ်။ မြန်မာဓလေ့ထုံးတမ်းဥပဒေဖွံ့ဖြိုးမှုဖြစ်စဉ်မှာလည်း တရားရုံးများရဲ့ အခန်းကဏ္ဍဟာ အဓိကအပိုင်းမှာ တည်ရှိခဲ့ပါတယ်။ မြန်မာဓလေ့ထုံးတမ်းဥပဒေဟာ ဓမ္မသတ်များမှာမြစ်ဖျားခံခဲ့ပေမဲ့လည်း အထက်မှာဖေါ်ပြခဲ့တဲ့အမှုမှာလို ဓမ္မသတ်များမှခေတ်နဲ့မလျော်ညီတဲ့ ဓလေ့ထုံးတမ်းများကို တရားရုံးများက စီရင်ထုံးများနဲ့ပယ်ဖျက်ခြင်း၊ တိုးတက်လာသောခေတ်စနစ်နှင့် သဟဇာတဖြစ်အောင် မူသဘောတရားအသစ်များနဲ့ ဓလေ့ထုံးတမ်းဥပဒေကို တိုးချဲ့မွမ်းမံခြင်းတို့ကို ကိုလိုနီခေတ်မှမျက်မှောက်ခေတ်အထိ စဉ်ဆက်မပြတ် လုပ်ဆောင်ခွင့်ရခဲ့တဲ့အတွက် မြန်မာဓလေ့ထုံးတမ်းဥပဒေဟာ ခေတ်နဲ့အညီ ဖွံ့ဖြိုးနေခြင်းဖြစ်ပါတယ်။ ဆိုရရင် မြန်မာဓလေ့ထုံးတမ်းဥပဒေဟာ ရှင်သန်ခွင့်အခွင့်အရေးအပြည့်အဝရရှိခဲ့လို့ ဒီနေ့အခြေမှာ မြန်မာဥပဒေပညာရှင်များညွှန်းသလို ဓမ္မသတ်ခေတ်ကိုကျော်ပြီး မြန်မာဓလေ့ထုံးတမ်းဥပဒေခေတ်ကို ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာဓလေ့ထုံးတမ်းမှအပဖြစ်တဲ့ အခြားဗုဒ္ဓဘာသာတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းဥပဒေအခြေအနေကို တဖက်မှာကြည့်လိုက်ရင် ဗုဒ္ဓဘာသာတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းဥပဒေဟာ မြန်မာပြည်တရားဥပဒေများဆိုင်ရာအက်ဥပဒေပုဒ်မ ၁၃ (၁) ပြဋ္ဌာန်းချက်အောက်မှာ ရှင်သန်ခြင်းကင်းမဲ့တယ်လို့ဆိုနိုင်မဲ့ အခြေအနေကို ရာစုနှစ်တခုကျော်ဖြတ်သန်းခဲ့ရပါတယ်။ တနည်းပြောရရင် တိုင်းရင်းသားဗုဒ္ဓဘာသာတွေရဲ့ ဓလေ့ထုံးတမ်းဥပဒေတွေဟာ ပြုစုပျိုးထောင်သူမဲ့တဲ့အခြေအနေအောက်မှာ ရေလောင်းပေါင်းသင်ကင်းမဲ့ပြီး လွန်ခဲ့တဲ့နှစ်တရာကျော်မှာ ကျောက်ချရပ်နားထားတဲ့အသွင်မျိုးရှိနေပါတယ်။ ဒီလိုအနေအထားမျိုးမှာ “မင်းတို့ရဲ့ ဓလေ့ထုံးတမ်းဥပဒေဟာ တရားမျှတမှုစံတွေနဲ့ကိုက်ရဲ့လား” လို့မေးနေခြင်းဟာ တော်တော် မသိဆိုးရွားနိုင်မှုတခုပါဘဲ။ မသွေးလို့ဓါးသံချေးတက်တဲ့ကိစ္စမှာ ဓါးအပြစ်လား၊

လူအပြစ်လား စဉ်းစားဘို့လိုပါတယ်။ တရားရုံးမှာ ဥပဒေတရပ်အဖြစ် ကျင့်သုံးဆောင်ရွက်ဘို့ အခွင့်အလမ်းတွေချို့ငဲ့တဲ့ အခြေအနေတရပ်ကို ရာစုတခုကျော် ဖြတ်သန်းခဲ့ရတဲ့နောက်တော့ ဗုဒ္ဓဘာသာတိုင်းရင်းသားတွေရဲ့ဓလေ့ထုံးတမ်းဥပဒေမှာ မျက်မှောက်လူ့အဖွဲ့အစည်းက လက်ခံထားတဲ့ တရားမျှတမှုစံတွေနဲ့ အံမဝင် ခွင်မကျတာတွေ ရှိနေရတော့မှာဘဲဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုးမှာ မိမိရဲ့ဓလေ့ထုံးတမ်းဥပဒေကို တရားရုံးတော်မှာ လက်ခံကျင့်သုံးပေးစေ လိုလျှင် ထိုဓလေ့ထုံးတမ်းဥပဒေသည် တရားမျှတကြောင်း အထင်အရှား ပြရမယ်လို့ မူချလိုက် တဲ့အခါ ဗုဒ္ဓဘာသာတိုင်းရင်းသားတွေရဲ့ မိမိဓလေ့ထုံးတမ်းဥပဒေကို တရားရုံးမှာကျင့်သုံးခွင့် အခွင့်အရေးဟာ ပေးကားပေး၏မရတဲ့ အခွင့်အရေး ဖြစ်သွားပါတော့တယ်။ ဒ့ါအပြင် တဆက် တစပ်ထဲမှာ ဗုဒ္ဓဘာသာတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းဥပဒေဟာ ပြုစုပျိုးထောင်သူမဲ့ အနေအထားကို တဖန် ပြန်ရင်ဆိုင်ရပါတယ်။ ဆိုရရင် ဗုဒ္ဓဘာသာတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းဥပဒေဟာ တရားမျှတရဲ့လားဆိုတဲ့ မေးခွန်းအောက်မှာ အသုံးပြုခွင့်မရခြင်း၊ အသုံးပြုခွင့်မရသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိသောကြောင့် မျက်မှောက် လူ့အဖွဲ့အစည်းမှလက်ခံထားသော တရားမျှတမှုစံများနှင့် ကွာဟလာခြင်း၊ တရားမျှတမှု စံများ နှင့်ကွာဟသောကြောင့် အသုံးပြုခွင့်မရခြင်းဆိုတဲ့ စက်ဝန်းကို ဂျာအေးသူ့အမေရိုက် သီချင်းလို အဆုံးမရှိလုံးခြာလည်ပြီး တဖြေးဖြေး လုံးပါးပါးကာ အဆုံးတနေ့မှာ တိမ်ကော ပျောက်ကွယ် ခြင်းအဖြစ်ကို ရင်ဆိုင်ရပါလိမ့်မယ်။ တုံးအောက်ကဖါးကမှ ဖေါင်းတဲ့ဖါးကဖေါင်း၊ ပြားတဲ့ ဖါးကပြား အခြေအနေရှိပါသေးတယ်။ မြန်မာနိုင်ငံတရားစီရင်ရေးနယ်ပယ်မှာတော့ တိုင်းရင်း သားဗုဒ္ဓဘာသာဓလေ့ထုံးတမ်းဥပဒေဟာ ဆွေးနွေးတင်ပြခဲ့တဲ့အနေအထားတွေကြောင့် ပြားတဲ့ဖါးချည်းသာ ဖြစ်ဖွယ်ရှိပါတယ်။ ဖေါင်းတဲ့ဖါးဆိုလို့ တကောင်မျှပင် ရှိနိုင်ဖွယ်မမြင်ပါ။

## ဘယ်လိုဖေါက်ထွက်ကြမလဲ

မရှိလို့မလျှု၊ မလျှုလို့မရှိဆိုတဲ့ လုံးခြာလည်နေတဲ့အခြေအနေမျိုးကို ဆက်ခွင့်ပြုထား ပြီး ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေကို တိမ်ကောခံလိုက်မလား၊ ဒါမှမဟုတ် ဒီအခြေအနေကနေ ဖေါက်ထွက်ပြီး ကိုယ့်ဓလေ့ထုံးတမ်းဥပဒေကို တရားစီရင်ရေးနယ်ပယ်မှာ မားမားမတ်မတ်ရပ် တည်နိုင်တဲ့အခြေအနေရောက်အောင် ပြုစုပျိုးထောင်ကြမလားဆိုတဲ့ အမေးဟာ ဗုဒ္ဓဘာသာ တိုင်းရင်းသားတွေရဲ့အပေါ်မှာ ကျရောက်နေပြီဖြစ်ပါတယ်။ ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေ ဖွံ့ဖြိုး တိုးတက်ပြီး ဥပဒေနယ်ပယ်မှာ မားမားမတ်မတ်ရပ်တည်စေလိုတယ်ဆိုရင်တော့ ဘယ်လို နည်း လမ်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်သွားမလဲဆိုတဲ့အချက်ဟာ အရေးကြီးတဲ့အချက် ဖြစ်လာပါ တယ်။ မြန်မာဓလေ့ထုံးတမ်းဥပဒေ ဖွံ့ဖြိုးတိုးတက်လာတဲ့ပုံစံကိုကြည့်ရင် အဓိကအားဖြင့် ဓမ္မ သတ်မှာအခြေခံပြီး တရားရုံးစီရင်ထုံးများနဲ့မွမ်းမံပြီး ဖွံ့ဖြိုးတိုးတက်လာတဲ့အသွင်ကို တွေ့ရပါ တယ်။ ဒီပုံစံကို ဓလေ့ထုံးတမ်းဥပဒေတခုရဲ့ ဖွံ့ဖြိုးရိုးဖွံ့ဖြိုးစဉ်ပုံစံအတိုင်း ဖွံ့ဖြိုးတဲ့ပုံစံလို့ ပြောနိုင်ပါ လိမ့်မယ်။ ဒီနည်းလမ်းမျိုးနဲ့မတူဘဲ အိန္ဒိယနိုင်ငံမှာတော့ တည်ရှိနေတဲ့ဓလေ့ထုံးတမ်းဥပဒေကို တည်းဖြတ်ပြီး ပြဋ္ဌာန်းဥပဒေအဖြစ် ပြောင်းလဲခဲ့တာကို တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဟိန္ဒူ လူ့အဖွဲ့အစည်းမှာ ရှေးရိုးဆန်တဲ့သဘောရှိတဲ့အတွက် ဓလေ့ထုံးတမ်းဥပဒေ ဖြစ်ရိုးဖြစ်စဉ်

အတိုင်းဖွံ့ဖြိုးမှုကို လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေတဲ့ ရှေးရိုးဆန်တဲ့အယူအဆ (Conservatism) တွေက နောက်ပြန်ဆွဲထားတဲ့အခြေအနေမျိုးဟာ မလွဲမသွေဖြစ်ပေါ်လာမှာဘဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဓလေ့ထုံးတမ်းဥပဒေနယ်ပယ်ထဲကို ဥပဒေပြုဌာနက ဝင်ရောက်စွက်ဖက်ပြီး ပြဋ္ဌာန်းဥပဒေအဖြစ် အသွင်ပြောင်းခဲ့ရတဲ့ အကြောင်းအချက်များစွာထဲမှာ အထက်ကအကြောင်းအချက်ဟာလည်း အဓိကကျတဲ့အချက်တခုအဖြစ် ပါဝင်ပါလိမ့်မယ်။ ဆိုရရင် လူ့အဖွဲ့အစည်းအတွင်းမှာ အမြစ်တွယ်စွဲကပ်နေတဲ့ ရှေးရိုးဆန်မှုက ဓလေ့ထုံးတမ်းဥပဒေရဲ့ ပြောင်းလဲနေတဲ့ခေတ်နဲ့လိုက်လျောညီစွာ ဖွံ့ဖြိုးတိုးတက်ခြင်းကို အကန့်အသတ်ပြုလာတဲ့အတွက် ဓလေ့ထုံးတမ်းဥပဒေဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ် ရှေ့သို့တိုးတက်မဖြစ်ထွန်းနိုင်တဲ့ အခြေအနေမှာ ဥပဒေပြုဌာနကဝင်ရောက်စွက်ဖက်ပြီး မျက်မှောက်လူ့အဖွဲ့အစည်းနဲ့ သဟဇာတဖြစ်တဲ့ ဓလေ့ထုံးတမ်းဥပဒေတရပ်ဖြစ်လာအောင် ဆောင်ရွက်တဲ့ပုံစံလို့ ဆိုရပါမယ်။

အထက်မှာ လက်လှမ်းမှီတွေ့ရှိရတဲ့ ဓလေ့ထုံးတမ်းဥပဒေများကို ခေတ်နဲ့လိုက်လျောညီတဲ့ ဥပဒေတရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ နည်းလမ်း (ပုံစံ) နှစ်မျိုးကို တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားဗုဒ္ဓဘာသာတွေရဲ့ဓလေ့ထုံးတမ်းဥပဒေတွေ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာတော့ အဲ့ဒီနည်းလမ်းထဲကတခုခုကို တိုက်ရိုက်ကူးယူပြီး လုပ်ဆောင်လို့မရဘူးလို့ မြင်ပါတယ်။ ဓလေ့ထုံးတမ်းဥပဒေတခု ဖွံ့ဖြိုးရိုး ဖွံ့ဖြိုးစဉ်အတိုင်းဖွံ့ဖြိုးတဲ့ပုံစံကိုလိုက်မယ်ဆိုရင် တရားရုံးမှာလက်တွေ့ကျင့်သုံးခြင်းဟာ အဓိကအခန်းကဏ္ဍ ဖြစ်လာပါတယ်။ ဒီနေရာမှာ မေးစရာပေါ်လာတာက ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေဟာ တရားရုံးမှာ လက်တွေ့ကျင့်သုံးဖို့အတွက် သင့်တင့်လျောက်ပတ်တဲ့ တစုံတရာသောအဆင့် အခြေရှိပြီလား ဆိုတာဘဲ ဖြစ်ပါတယ်။ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ ပကတိ ဖြစ်တည်နေတဲ့ အချက်အလက်တွေအရတော့ လူမျိုးစုဓလေ့ထုံးတမ်းဥပဒေတွေမှာ ညီမျှမှုအယူအဆ အထူးသဖြင့် အမျိုးသမီး၊ အမျိုးသား တန်းတူရည်တူရှိမှု ရှုထောင့်ကကြည့်ရင် ထောက်ပြစရာတွေ များစွာရှိနေပါတယ်။ အိမ်ထောင်ရေးအပိုင်း၊ အမွေဆက်ခံရေးအပိုင်းတွေမှာ ယောကျ်ားဘက်က အခွင့်ထူးယူထားတဲ့ဓလေ့ထုံးတမ်းတွေကို လူမျိုးစုအများအပြားရဲ့ ဓလေ့ထုံးတမ်းဥပဒေတွေမှာ တွေ့ရဆဲဘဲဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်မှုတွေရှိခဲ့ပြီး မြန်မာဥပဒေပညာရှင်တွေက တရားမျှတမှုစံတွေနဲ့ကိုက်ညီပါတယ်လို့ ဆိုနေတဲ့ မြန်မာဓလေ့ထုံးတမ်းမှာတောင် တကယ်တမ်းစစ်စစ်ပေါက်ပေါက်လိုက်ရင် အမျိုးသား၊ အမျိုးသမီးအခွင့်အရေးမညီမျှမှုတွေ တွေ့ရသေးတာကြောင့် ပြုစုပျိုးထောင်မှုကင်းမဲ့တဲ့ ရာစုတခုကို ဖြတ်သန်းခဲ့ရတဲ့ဓလေ့ထုံးတမ်းဥပဒေတွေမှာ ယောကျ်ား – မိန်းမ အခွင့်အရေးမညီမျှတဲ့ ဓလေ့ထုံးတမ်းတွေ ကြွင်းကျန်ရစ်နေတာဟာ သဘာဝကျတဲ့အချက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သဘာဝကျတဲ့အချက်ဘဲဆိုပြီး မညီမျှတဲ့အချက်တွေရှိနေတဲ့ဓလေ့ထုံးတမ်းဥပဒေကို လက်တွေ့တရားစီရင် စစ်ဆေးရာမှာသုံးရင်တော့ ဥပဒေကိုယ်နှိုက်ရဲ့ချို့ယွင်းချက်ကြောင့် တရားမျှတမှုကို ထောက်မရန်ဆိုတဲ့ တရားဥပဒေရဲ့တာဝန်ဟာ ပျက်ယွင်းသွားရပါလိမ့်မယ်။ ဒါကြောင့်မို့ ကိုယ့်ဓလေ့ထုံးတမ်းဥပဒေဖွံ့ဖြိုးဖို့ရည်ရွယ်ချက်ရှိခဲ့ရင် ပထမအဆင့်လုပ်သင့်တာက ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေကို ဝေဖန်

စီစစ်ပြီး တရားမျှတမှုမရှိတဲ့ ဓလေ့ထုံးတမ်းတွေကို ရှင်းလင်းဖယ်ရှားဖို့လိုပါလိမ့်မယ်။ တနည်းပြောရရင် ဓလေ့ထုံးတမ်းဥပဒေဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ရဲ့ ပထမအဆင့်ဟာ တရားစီရင်ရေးမဟုတ်ဘဲ ဥပဒေပြုရေးဖြစ်တယ်လို့ မြင်ပါတယ်။

ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေကို ဝေဖန်စီစစ်ပြီး ပြဋ္ဌာန်းဥပဒေတရပ်အဖြစ် ရေးဆွဲတော့မယ်ဆိုတဲ့အခါ မလွဲမသွေရင်ဆိုင်ရမှာကတော့ နိုင်ငံတကာကလက်ခံထားတဲ့ "စံ" တွေကိုဘယ်အတိုင်းအတာထိ လက်ခံထည့်သွင်းရေးဆွဲသွားမလဲဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူတွေကတော့ နိုင်ငံတကာစံတွေဖက် တိမ်းညွတ်မှုများကောင်းများပါလိမ့်မယ်။ အကောင်းဆုံးကိုလိုချင်တဲ့၊ စံအမှီဆုံးဖြစ်လိုတဲ့ဆန္ဒအပေါ်မှာတော့ တစုံတရာမဝေဖန်လိုပါ။ ဥပဒေရဲ့သဘောသဘာဝကိုသာ တင်ပြလိုပါတယ်။ ဒီနေ့ကမ္ဘာတဝှမ်း နိုင်ငံအသီးသီးမှာ ရွေးကောက်ပွဲဥပဒေတွေ ပြဋ္ဌာန်းထားကြပါတယ်။ အဲ့ဒီရွေးကောက်ပွဲဥပဒေတိုင်းမှာ နိုင်ငံသားမှသာလျှင်ရွေးကောက်ခံပိုင်ခွင့်၊ မဲပေးပိုင်ခွင့်ရှိတယ်ဆိုတဲ့အချက်ကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီနိုင်ငံမှာနေထိုင်ပေမဲ့ နိုင်ငံသားမဟုတ်ခဲ့ရင် ရွေးကောက်ခံပိုင်ခွင့်မရှိသလို၊ မဲပေးခွင့်လည်းမရှိပါဘူး။ ဥပဒေရဲ့ရှေ့မှောက်မှာ လူတိုင်းအညီအမျှ ဖြစ်တယ်ဆိုပေမဲ့ ရွေးကောက်ပွဲဥပဒေအရတော့ အဲ့ဒီဥပဒေဆိုရိုးစကားရဲ့ အကြွင်းမဲ့သဘောမရှိမှုကိုတွေ့ရပါတယ်။ ဥပဒေသဘောတရားက လူကိုလူအဖြစ်နဲ့ ချဉ်းကပ်ပါတယ်။ ဒါပေမဲ့ ပကတိတည်ရှိနေတဲ့ လူ့အဖွဲ့အစည်းအတွင်းမှာတော့ နိုင်ငံနယ်နိမိတ်တွေရှိနေသလို၊ လူသားဆိုတဲ့အထဲမှာဘဲ နိုင်ငံသား၊ နိုင်ငံခြားသားဆိုတဲ့ သတ်မှတ်ချက်တွေ ရှိနေပါတယ်။ လူ့အဖွဲ့အစည်းက ဆိုခဲ့တဲ့သတ်မှတ်ချက်ကို လက်ခံကျင့်သုံးနေတဲ့အပေါ် ဥပဒေကဆန့်ကျင်နိုင်စွမ်းမရှိပါဘူး။ ဒါကြောင့်မို့ ဥပဒေရှေ့မှောက်မှာ လူတိုင်းအညီအမျှဖြစ်တယ်လို့ဆိုပေမဲ့လည်း လူ့အဖွဲ့အစည်းအတွင်းမှာ လက်ခံထားတဲ့ နိုင်ငံသား၊ နိုင်ငံခြားသားဆိုတဲ့သတ်မှတ်ချက်နောက်ကို ဥပဒေက ရှောင်လွဲမရ လိုက်ပါသွားရတာကြောင့် ဥပဒေဆိုရိုးစကားနဲ့ လိုက်လျောညီထွေမဖြစ်တဲ့ ရွေးကောက်ပွဲဥပဒေများ ဖြစ်ပေါ်လာရပါတယ်။ ဥပဒေဆိုရိုးစကားကနေ ခြွင်းချက်ပေးလိုက်ရတဲ့ ရွေးကောက်ပွဲဥပဒေတွေက "ဥပဒေဆိုတာ လူ့အဖွဲ့အစည်းရဲ့ ရောင်ပြန်ဟပ်မှုသာဖြစ်ပြီး၊ လူ့အဖွဲ့အစည်းကလက်ခံထားတဲ့စံတွေနဲ့ ကွာဟတဲ့ဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းလို့မရ" ဆိုတဲ့ အချက်ကို ရှင်းရှင်းလင်းလင်းဘဲ ဖော်ပြနေပါတယ်။ ဒါကြောင့်မို့ ကိုယ်ရဲ့ဓလေ့ထုံးတမ်းဥပဒေကို ရေးဆွဲရာမှာ အကောင်းဆုံး၊ စံအမှီဆုံး ဘယ်လောက်ဘဲဖြစ်ချင် ဖြစ်ချင်ကိုယ့် ရဲ့သက်ဆိုင်ရာ လူ့အဖွဲ့အစည်းကလက်ခံနိုင်သလောက်သာ ရေးဆွဲပြဋ္ဌာန်းလို့ရပါမယ်။ ဆိုရရင် ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေထဲက ခေတ်နဲ့မလျော်ညီတဲ့ တရားမျှတမှုနဲ့မကိုက်ညီတဲ့ ဓလေ့ထုံးတမ်းတွေကို ဖယ်ရှားတယ်ဆိုပေမဲ့ နတ်ရေကန်ထဲချလိုက်သလို တရားမျှတမှုစံတွေနဲ့ အလုံးစုံကိုက်ညီတဲ့ ဓလေ့ထုံးတမ်းဥပဒေတခု ဘွားကနဲပေါ်လာမှာမဟုတ်ပါဘူး။ အတိုင်းအတာတခုအထိ တရားမျှတမှုရှိတဲ့ ဓလေ့ထုံးတမ်းဥပဒေသာ ဖြစ်နိုင်ပါလိမ့်မယ်။ အဲ့ဒီလိုဖြစ်လာတဲ့ ဓလေ့ထုံးတမ်းဥပဒေကို ပိုမိုပြီးပြည့်စုံတဲ့တရားမျှတမှုသို့ ရေးရှုဖွံ့ဖြိုးသွားဖို့အတွက်ကိုတော့ တရားရုံးမှာလက်တွေ့ကျင့်သုံးပြီး စီရင်ထုံးများနဲ့မွမ်းမံကာ ဆောင်ရွက်သွားရမယ်လို့ မြင်ပါတယ်။ ဒါပေမဲ့ တရားရုံးမှာလက်တွေ့ကျင့်သုံးမှုတခုတည်းနဲ့တော့ လုံလောက်တဲ့ ဖွံ့ဖြိုးတိုး

တက်မှု ရလာမည် မဟုတ်ပါ။

အထက်မှာ ဥပဒေဟာ လူ့အဖွဲ့အစည်းရဲ့ရောင်ပြန်ဟပ်မှုဖြစ်တယ်လို့ တင်ပြခဲ့ပါတယ်။ လူ့အဖွဲ့အစည်းရဲ့အတွင်းမှာစွဲကပ်နေတဲ့ ခေတ်နဲ့မလျော်ညီတဲ့ နိုင်ငံတကာက လက်ခံထားတဲ့ တရားမျှတမှုစံတွေနဲ့ဆန့်ကျင်နေတဲ့ အယူအဆ အတွေးအခေါ်တွေကို ပပျောက်အောင်မလုပ်နိုင်ရင်တော့ လက်တွေ့ကျင့်သုံးခြင်းမှ ဖွံ့ဖြိုးရေးသို့ဆိုတာဟာ ဖြစ်လာစရာအကြောင်းမမြင်ပါ။ လူ့အဖွဲ့အစည်းအတွင်း သစ်လွင်တိုးတက်တဲ့ အယူအဆတွေ ထွန်းကားလာမှသာ အဲ့ဒီအယူအဆတွေရဲ့ရောင်ပြန်ဟပ်မှုနဲ့ ဖြစ်ပေါ်လာတဲ့စီရင်ထုံးများက ဓလေ့ထုံးတမ်းဥပဒေ၏ဖွံ့ဖြိုးမှုကို ဖန်တီးပေးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လိုတဲ့ဆန္ဒရှိတယ်ဆိုရင် ပထမဦးစွာ ကိုယ့်ရဲ့ဓလေ့ထုံးတမ်းဥပဒေကို တရားမျှတမှုစံတွေနဲ့ အတိုင်းအတာတခုအထိကိုက်ညီအောင် ပြုစု ပြဋ္ဌာန်းဘို့လိုပါမယ်။ ဒီနောက် အဲဒီပြုစုပြဋ္ဌာန်းထားတဲ့ဥပဒေကို လက်တွေ့နယ်ပယ်မှာ ကျင့်သုံးခြင်းရှိရမယ့်အပြင် တပြိုင်နက်တည်းမှာ ကိုယ့်ရဲ့သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်းမှာ တိုးတက်တဲ့ အယူအဆတွေထွန်းကားလာအောင် ပညာပေးမှုတွေလည်း တဖက်ကလုပ်သွားဖို့ လိုအပ်ပါလိမ့်မယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေရဲ့ လွှမ်းမိုးမှုအောက်က လွတ်မြောက်ဖို့အတွက် မြန်မာပြည်တရားစီရင်ရေးနယ်ပယ်မှာအတည်ဖြစ်နေဆဲဖြစ်တဲ့ ဗုဒ္ဓဘာသာကိုးကွယ်သူမှန်လျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေနဲ့သက်ဆိုရမယ်ဆိုတဲ့မူကို ဖျက်သိမ်းယုံနဲ့မလုံလောက်ဘဲ တဖက်မှာကိုယ်ရဲ့ဓလေ့ထုံးတမ်းဥပဒေဖွံ့ဖြိုးတိုးတက်ပြီး ဥပဒေနယ်ပယ်မှာ မားမားမတ်မတ်ရပ်တည်နိုင်အောင် ကြိုးစားဖို့လိုပါလိမ့်မယ်။ ဒါမှသာလျှင် ဖယ်ဒရယ်ပြည်ထောင်စု၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုတဲ့ စကားလုံးများဟာ ပြီးပြည့်စုံတဲ့အနှစ်သာရကို ဆောင်ပါလိမ့်မယ်။

## မှတ်စုများ

၁။ ဦးမြစိန်(တရားရုံးချုပ်ရှေ့နေ)၊ မြန်မာဓလေ့ထုံးတမ်းဥပဒေ (နဝမအကြိမ်ပုံနှိပ်ခြင်း) စာမျက်နှာ ၁–၂

၂။ မနှင့်ဘွင့်နှင့်ဦးရွှေဂုဏ်စီရင်ထုံး ၈ ဘီအယ်အာ – ၁

၃။ ကင်းဝန်မင်းကြီး ဦးကောင်းပြုစုသောစာရင်းအရ ဓမ္မသတ် ၃၆ စောင်ရှိပြီး သီပေါမင်းလက်ထက် မိုင်ခိုင်မြို့စားအတွင်းဝန် ပြုစုသော ပိဋကတ် သမိုင်းပါစာရင်းအရ ဓမ္မသတ် ၄၇ စောင်ရှိသည်။

၄။ နာစီတီနှင့် အဖူးစီ စီရင်ထုံး– ၁၉၆၉ မထစ ၁၅၅

၅။ (၁၉၇၀ ခုနှစ်) တရားရုံးများလက်စွဲ– နောက်ဆက်တွဲ ၆ စာမျက်နှာ ၈၃၉

၆။ မောင်စောတူနှင့် မစာမ စီရင်ထုံး– ၂၅ အိုင်စီ ၃၄၂

၇။ မရွှေရင်နှင့် မောင်ဘတင် စီရင်ထုံး ၁ ရန်ကုန် ၃၄၃

၈။ ထိုစာ

၉။ ထိုစာ

၁၀။ ဒေါ်သိုက် (ခ) ဝေါင်မသိုက် နှင့် စီရောင်အလင်းစီရင်ထုံး၊ ၁၉၅၁ မတစ ၁၃၃

၁၁။ မမြရင်နှင့်တန်ရောက်ပု စီရင်ထုံး ၅– ရန်ကုန် ၄၀၆ စုံညီ

၁၂။ ဟောင်ကူးနှင့်မသင်း စီရင်ထုံး ရွှေးနှုတ် ၁၃၅

၁၃။ ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် (၁၈၇၂) တွင် မြန်မာနိုင်ငံတရားရုံးများအက်ဥပဒေ (The Burma Courts' Act) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၈၈၆ ခုနှစ်တွင် အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် ( ၁၈၉၈) တွင် မြန်မာနိုင်ငံဥပဒေများဆိုင်ရာအက်ဥပဒေ (The Burma Law Act) ကိုပြဋ္ဌာန်းခဲ့သည်။ ဗုဒ္ဓဘာသာ ဥပဒေ (Buddhist Law) ဟူသောအသုံးအနှုန်းသည် မြန်မာပြည်တရားရုံးများအက်ဥပဒေမှပေါက်ပွားလာခြင်းဖြစ်သည်။

၁၄။ Christ Diekman's Lega; Essential Page 10

၁၅။ ဒေါ်ခင်မြမာ (ခ) မာမာ နှင့် ဦးညွန့်လှိုင် – ၁၉၇၂ ခုနှစ် ပထမအယူခံမှုအမှတ် – ၃၈

အခြေခံဥပဒေရေးရာ

# လွတ်လပ်မှု အခွင့်အရေးနှင့် အခြေခံဥပဒေ၏အကာအကွယ်

ဝင်းမောင်

မြန်မာပြည်သူလူထုအဖို့ လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်များ ကင်းမဲ့နေသည်မှာ ဆယ်စုနှစ်ပေါင်း အတော်ကြာခဲ့ပေပြီ။ နိုင်ငံသားပေါင်းမြောက်များစွာတို့ လွတ်လပ်ခွင့် အခွင့်အရေးပိတ်ပင်ခံခဲ့ရကာ အကျဉ်းထောင်များ၌ စံမြန်းနေရရှာသည်။ စင်စစ် ၎င်းတို့သည် ရာဇဝတ်မှုကျူးလွန်ခြင်း မရှိပါဘဲလျက် အကျဉ်းကျခံနေသူများဖြစ်၏။ မြန်မာနိုင်ငံတွင် နိုင်ငံသားများ၏ လွတ်လပ်မှုနှင့်လုံခြုံမှုကိုအကာအကွယ်ပေးသော ဥပဒေများမရှိ၍လော။ ပွင့်ပွင့်လင်းလင်းဆိုရပါမူ စစ်အစိုးရအုပ်ချုပ်နေသောကာလတွင် ထိုဥပဒေများမရှိပေ။ သို့ဆိုလျှင် ယခင်ကကော ရှိခဲ့သလော။ ရှိသည်ဟုဆိုနိုင်သလို မရှိပါဟူ၍လည်းဆိုနိုင်ပါသည်။

၁၉၄၇ ခုနှစ်အခြေခံဥပဒေတွင် လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်ကို အကာအကွယ်ပေးသော ပြဋ္ဌာန်းချက်ကို လွတ်လပ်ခွင့်အခွင့်အရေးအောက်တွင် ပြဋ္ဌာန်းထားပေသည်။ အခြေခံဥပဒေပုဒ်မ ၁၆ တွင် "တရားဥပဒေအရ မဟုတ်လျှင်၊ မည်သည့်နိုင်ငံသားမျှ မိမိလွတ်လပ်မှုကို ရုပ်သိမ်းခြင်းမခံရစေရ၊ မိမိနေအိမ်အတွင်းသို့အဝင်ခံရခြင်း၊ ပစ္စည်းအသိမ်းခံရခြင်းမရှိစေရ"။ ဟူ၍ ပြဋ္ဌာန်းကာ လွတ်လပ်မှုနှင့်လုံခြုံမှုအတွက် အကာအကွယ်ပေးထားသည်။ ထိုနည်းတူစွာပင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၁၅၉ တွင်လည်း နိုင်ငံသားတိုင်းသည် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုအတွက် အာမခံချက်ရှိစေရမည် ဟူ၍ ပြဋ္ဌာန်းထားပေသည်။ ဤပြဋ္ဌာန်းချက်ရှိခြင်းသည် နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းချက်ရှိသည်ဟု ဆိုနိုင်၏။ ဤကဲ့သို့သော အာမခံချက်သည် ဒီမိုကရေစီနိုင်ငံများ၏ လမ်းပြဟုဆိုနိုင်သောဗြိတိသျှနိုင်ငံတွင် ၁၂၁၉ ခုနှစ်ကတည်းကရှိခဲ့သည်။ "ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ချက်ချခြင်းမှလွဲ၍ မည်သူ့ကိုမဆို ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းမပြုရ" ဟူသည့် မဂ္ဂနာကာတာစာချုပ်ပါ အချက်သည် အင်္ဂလိပ်လူမျိုးများအား မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်းကင်းရေးအတွက် အာမခံချက်ဖြစ်ကြောင်း ကျွန်ုပ်တို့အား အမှတ်ရစေသည်။

ကန့်သတ်ချုပ်ချယ်မှုကင်းသော လွတ်လပ်မှုသည် လူတိုင်းအတွက် အနှစ်သက်ဆုံး အလိုလားဆုံးသောအရာဖြစ်သည်။ သို့သော် လွတ်လပ်ခွင့်နှင့်စပ်လျဉ်း၍မူ လူတဦးချင်းအတွက် လုံးဝဥဿုံ လွတ်လပ်မှုရှိစေခြင်းငှာ မဖြစ်နိုင်ဟူသော အချက်ကိုကား လက်ခံကြရမည်

သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် အစုအဝေးနှင့် အစုအစည်းနှင့် နေထိုင်ကြသည်။ နယ်နိမိတ်များသတ်မှတ်၍ တိုင်းပြည်ထူထောင်နေထိုင်ကြသည်။ လူတဦးချင်းစီအတွက် လွတ်လပ်မှုနှင့်လုံခြုံမှုကို တန်ဖိုးထားစောင့်ရှောက်ရန်လိုအပ်သကဲ့သို့ လူအစုအဝေး၏ အကျိုးစီးပွား၊ အစုအဝေး၏ လွတ်လပ်မှုနှင့်လုံခြုံမှုကိုလည်း ကာကွယ်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏အချုပ်အခြာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုလည်း ကာကွယ်ထိန်းသိမ်းရန်လိုအပ်ကြောင်းကို မည်သည့်နိုင်ငံသားကမျှ ငြင်းဆိုကြမည်မဟုတ်ပေ။ ထိုသို့ကန့်သတ်သည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရန်လည်း အခြေခံဥပဒေများ၌ လမ်းဖွင့်ထားပေးလေ့ရှိသည်။ ဥပမာ ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် လွတ်လပ်မှုအခွင့်အရေးများ၏ ခြွင်းချက်၌ "ပြည်ထောင်စုအဖွဲ့ဝင်တို့သည် ငြိမ်ဝပ်ပိပြားရေးအတွက် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားအတွက်သော် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးအတွက် သော်လည်းကောင်း၊ ပြည်သူ့လုံခြုံရေးအတွက် သော်လည်းကောင်း၊ လျော်ကန်သင့်မြတ်သော ချုပ်ချယ်ချက် စည်းကမ်းများကို တရားဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ၁၉၇၄ အခြေခံဥပဒေ ပုဒ်မ ၁၅၉ အရ အာမခံအကာအကွယ်ပေးထားသော လွတ်လပ်မှုနှင့်လုံခြုံမှုကို ပြန်လည်ကန့်သတ်နိုင်သော ဥပဒေ ပြဋ္ဌာန်းနိုင်ကြောင်း ပုဒ်မ ၁၆၇ တွင် ပြဋ္ဌာန်းထားသည်။ သာမန်အားဖြင့် စဉ်းစားပါမူ ထိုသို့ပြန်လည်ကန့်သတ်ထားခြင်းသည် သဘာဝကျသည်ဟု ဆိုနိုင်ပေသည်။

သို့သော် ထိုသို့ကန့်သတ် ပြဋ္ဌာန်းသောဥပဒေသည် နိုင်ငံရေးပါတီတခု သို့မဟုတ် အဖွဲ့အစည်းတခုက အာဏာကိုရေရှည်ထိန်းချုပ်နိုင်ရန်၊ အတိုက်အခံ နိုင်ငံရေးပါတီများအား နိုင်ငံရေးလုပ်၍ ကိုင်၍ မရနိုင်စေရန် ပြဋ္ဌာန်းသည် ဆိုလျှင်ကား တရားမျှတမှုရှိမည်မဟုတ်ပေ။ အများအကျိုးအတွက် နိုင်ငံလုံခြုံရေးအတွက် တဦးချင်း၏ လွတ်လပ်မှုကို ချုပ်ချယ်ကန့်သတ်သောဥပဒေသည် သဘာဝတရားမျှတမှုရှိရန်လိုပေသည်။

## အများအကျိုးအတွက်သာ ဥပဒေ ဖြစ်သင့်

အထက်တွင်ဆိုခဲ့သည့်အတိုင်း လူတို့သည် အစုအဝေးနှင့်နေထိုင်ကြသောကြောင့် သူတဦး သူတဖွဲ့အတွက် အကာအကွယ်ပြုပြီး အများအကျိုး၊ အများ၏လွတ်လပ်မှုကို ထိခိုက်စေသောဥပဒေသည်ကား တရားမျှတသော ဥပဒေမျိုးမဟုတ်ပေ။ ဥပဒေသည် လူအများကို အကာအကွယ်ပေးသော ဥပဒေသာဖြစ်သင့်သည်။ လူအများကိုနှိပ်ကွပ်သော ဥပဒေ မဖြစ်စေရပါ။

မြန်မာနိုင်ငံတွင်ကျော်ကြားလှသော အရေးပေါ်စီမံမှု အက်ဥပဒေသည် ၁၉၅၀ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီအစိုးရ လက်ထက်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရကာစ ရှုတ်ထွေးနေသော နိုင်ငံရေးအခြေအနေအောက်တွင် နိုင်ငံရေးပါတီကြီးတခု၏ သြဇာလွှမ်းမှုဖြင့် ပြဋ္ဌာန်းခဲ့သည်ဟု ယူဆနိုင်ပေသည်။ ဖဆပလ အစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့သော ထိုအရေးပေါ်စီမံမှု အက်ဥပဒေ (၁၉၅၀ ခုနှစ်)ပါ ပုဒ်မ ၅ အား မြန်မာပြည်သူအများစုက အမြင်ကပ်ပုဒ်မဟူ၍ ကင်ပွန်းတပ်ကြသည်။ အာဏာရပါတီ အစိုးရနှင့် သဘောထားခြင်းကွဲလွဲကာ အတိုက်အခံပြုကြသော နိုင်ငံရေးလှုပ်ရှားသူများအား ဟန့်တားဖိနှိပ်နိုင်မည့် အချက်ပေါင်းစုံကို ထိုပုဒ်မအောက်တွင် ထည့်သွင်းပြဋ္ဌာန်းထားပေသည်။ ထိုကြောင့် အတိုက်အခံများ အနေနှင့် နိုင်ငံရေး

လုပ်ရှားမှုလုပ်လိုက်သည်နှင့် ပုဒ်မ ၅ နှင့်ညှိတော့သည်။ ဖမ်းဆီးထောင်ချ ခံရတော့သည်။ ထိုကြောင့်လည်း ထိုပုဒ်မကို အမြင်ကပ်ပုဒ်မဟု ကင်ပွန်းတပ်ခေါ်ဆိုကြခြင်း ဖြစ်သည်။

ထိုဥပဒေ ပြဋ္ဌာန်းစဉ်က ကန့်ကွက်သော လွှတ်တော်အမတ်များမရှိသလော ဆိုသည်မှာလည်း စဉ်းစားဘွယ်ရာ ဖြစ်ပေသည်။ အားလုံးက တညီတညွတ်တည်းသဘောတူကြသည်ဟူ၍ကား မယူဆနိုင်ပါ။ ထိုကာလတွင် ပါလီမန်မှာ ပါတီစုံစနစ်ကိုကျင့်သုံးသောကာလဖြစ်ရာ ဥပဒေတရပ်မှာ တရားမျှတမှုမရှိ ဟူသောအမြင်ရှိသည့် နိုင်ငံရေး အတိုက်အခံပါတီများအားမကောင်းသောကြောင့် လွှတ်တော်တွင် ဥပဒေမဖြစ်လာနိုင်အောင် ကန့်ကွက် နိုင်ခဲ့ခြင်းမရှိ၍သာဖြစ်ချေသည်။ အတိုက်အခံများအားကောင်းလာပါက ထိုဥပဒေအား ပယ်ဖျက်စေနိုင်သည့် အခွင့်အလမ်းရှိပေသည်။ သို့သော် မြန်မာ့နိုင်ငံရေး အခြေအနေမှာ တစထက်တစ ပိုရှုပ်ထွေးလာခဲ့သဖြင့် ထိုဥပဒေအား ပယ်ဖျက်ရန် ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ဟန်တူသည်။ ထိုဥပဒေကို မပယ်ဖျက်နိုင်ခင် စစ်တပ်ကအာဏာသိမ်းလိုက်သည့်အတွက် ထိုဥပဒေအား ပယ်ဖျက်ရန်အခွင့်အလမ်းကင်းမဲ့သွားရုံမက အာဏာသိမ်း အုပ်ချုပ်နေသော တော်လှန်ရေးကောင်စီ စစ်အစိုးရအတွက်မူ အတိုက်အခံ နိုင်ငံရေးသမားများကို နှိပ်ကွပ်ရန် အကောင်းဆုံး ဥပဒေ ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း တော်လှန်ရေးကောင်စီစစ်အစိုးရသည် ၁၉၄၇ ခု အခြေခံဥပဒေ အားပယ်ဖျက်ခဲ့သော်လည်း ထိုအရေးပေါ်စီမံမှုအက်ဥပဒေ မပယ်ဖျက်ဘဲ ဆက်လက်ကျင့်သုံးခဲ့သည်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပြဋ္ဌာန်းပြီး တနှစ်ခန့်အကြာတွင် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ဟန့်တားသည့် ဥပဒေ (နိုင်ငံတော်ကာကွယ်သည့်ဥပဒေ) ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေမှာ အရေးပေါ် စီမံမှု အက်ဥပဒေထက်ပိုဆိုးရွားသော ဥပဒေဖြစ်သည်။ မည်သူ့ကိုမဆို နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ် ရှိသည်ဟု သံသယရှိယုံမျှဖြင့် ဤဥပဒေအရ ဖမ်းဆီးထိန်းသိမ်းနိုင်ခွင့်ရှိပေသည်။ ဤဥပဒေအရမူ ရုံးတင်တရားစွဲဆိုရန်မလိုဘဲ စွပ်စွဲခံရသူတဦးအား ရက်ပေါင်း ၁၈၀ အထိ ထိန်းသိမ်းထားနိုင်ပြီး သက်ဆိုင်ရာ ဘုတ်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အများဆုံး ၃ နှစ်အထိ ထိန်းသိမ်းထားနိုင်သည်။

ထိုဥပဒေပြဋ္ဌာန်းသော ကာလတွင် တပါတီစနစ်ကျင့်သုံးသည် ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးတို့မှာ ပြည်သူတို့ဆန္ဒနှင့် ရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ထက် ပါတီကိုယ်စားလှယ်များသာဖြစ်ကြသည်။ အထက်ပါဥပဒေသည် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ခြင်းထက် မဆလ ပါတီလုံခြုံရေးနှင့် ပါတီအာဏာတည်မြဲရေးကို ကာကွယ်သောဥပဒေဖြစ်၏။ သို့ဖြစ်၍ ထိုဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များ ရာနှုန်းပြည့် ထောက်ခံမှုဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၏။ မဆလခေတ်တလျှောက်လုံး မဆလ ပါတီနှင့် ကွဲလွဲသော နိုင်ငံရေးအယူအဆကို ထုတ်ဖေါ် လုပ်ဆောင်သူများ ဤဥပဒေဖြင့် ထိန်းသိမ်း အကျဉ်းချခြင်းခံကြရသည်။ မဆလခေတ် တလျှောက်လုံး ဤဥပဒေများဖြင့်ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူ ထောင်ပေါင်း များစွာရှိပေသည်။

လက်ရှိကာလမြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးတွင်ပါဝင်ပတ်သက်လျှင် အဆိုပါဥပဒေများအရ ဖမ်းဆီးထိန်းသိမ်းခြင်း ခံကြရသည်။ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မရှိသော်

လည်း ရွေးကောက်ပွဲကျင်းပပေး၍ ရွေးကောက်ပွဲတွင် အနိုင်ရသောအုပ်စုက တိုင်းပြည်ကို အုပ်ချုပ်စေလိုသော ဆန္ဒကို ထုတ်ဖော်ပြောဆိုလျှင်ပင် ဖမ်းဆီးထိန်းသိမ်းခံရတော့သည်။ နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခြင်း၊ မိမိဆန္ဒကိုထုတ်ဖော်ပြောဆိုခြင်းသည် ကမ္ဘာ့မည်သည့်နိုင်ငံတွင်မှာမှ ရာဇဝတ်မှု ကျူးလွန်ခြင်း ဖြစ်သည်ဟု သတ်မှတ်မထားပေ။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉၊ ၂၀၊ ၂၁ တို့တွင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ စုဝေးခွင့်နှင့် အစိုးရအဖွဲ့တွင်ပါဝင်ခွင့် တနည်းအားဖြင့် နိုင်ငံရေး ဆောင်ရွက်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပေသည်။ မြန်မာနိုင်ငံစစ်အစိုးရလက်အောက်တွင်မူ အဆိုပါ ပြဋ္ဌာန်းချက်ပါ လုပ်ဆောင်ချက်တခုခုကို ဆောင်ရွက်လျှင် အထက်တွင်ဖော်ပြခဲ့သော ဥပဒေ ၂ မျိုးအနက် တမျိုးမျိုးဖြင့် ဖမ်းဆီးကာ အကျဉ်းချခံရပေသည်။ အဆိုပါဥပဒေများသည် အများအကျိုးကို အကာအကွယ်ပေးခြင်း၊ နိုင်ငံ၏လုံခြုံရေးကို ကာကွယ်ခြင်းထက် ပြည်သူလူထုအားနှိပ်ကွပ်သော ဥပဒေများသာ ဖြစ်နေပေသည်။

လက်ရှိ စစ်အစိုးရသည် ၁၉၉၁ ခုနှစ် ပြင်ဆင်ချက်ဖြင့် နိုင်ငံတော်လုံခြုံရေးဥပဒေပါ ဖမ်းဆီးထိန်းသိမ်းထားနိုင်သော သက်တမ်းကို ၅ နှစ်သို့ တိုးမြှင့်ထားသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ထိုဥပဒေဖြင့် ၂ ကြိမ်တိုင်တိုင် အကျယ်ချုပ်ဖြင့် နေအိမ်တွင် ကာလအတန်ကြာစွာ ထိမ်းသိမ်းခြင်းခံခဲ့ရသည်။ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် အပါအဝင် အချို့သော ဖမ်းဆီးထောင်ချခံထားရသည့် နိုင်ငံရေးခေါင်းဆောင်များသည် လွတ်ရက်စေ့သော်လည်း လွှတ်မပေးသေးဘဲ ဤဥပဒေဖြင့် ဆက်လက်ထိန်းသိမ်းအကျဉ်းချထားဆဲဖြစ်သည်။ ဥပဒေအရ ဖမ်းဆီး အကျဉ်းချထားနိုင်သော သက်တမ်းကာလမှာ အများဆုံး ၅ နှစ်ဖြစ်သော်လည်း အဆက်မပြတ် ထပ်မံဖမ်းဆီးနိုင်ပေသည်။ ဤဥပဒေအရဖမ်းဆီးခံရသူများသည် အရပ်ဘက်တရားရုံးများနှင့် ပတ်သက်စေခြင်းလည်းမရှိပေ။ ဆိုလိုသည်မှာ ဤဥပဒေအရ ဖမ်းဆီးခြင်းခံကြရသူများသည် အရပ်ဘက် တရားရုံးများတွင် စောဒကတတက်ခွင့်၊ အယူခံခွင့်မရှိပေ။

## အထွေထွေအထိပ်ဥပဒေကိုလွှမ်းမိုး

၁၉၄၇ ခုနှစ် အခြေခံဥပဒေက လမ်းဖွင့်ထားပေးချက်နှင့်အညီ အရေးပေါ်စီမံမှု အက်ဥပဒေ ပေါ်လာခြင်းဖြစ်သကဲ့သို့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ၏ လမ်းဖွင့်ထားပေးချက်နှင့် အရ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှကာကွယ်သောဥပဒေ (နိုင်ငံတော်ကာကွယ်သည့် ဥပဒေ) ပေါ်လာရခြင်းဖြစ်သည်။ အဆိုပါဥပဒေများသည် အခြေခံဥပဒေနှင့်ညီသလောဟုဆိုလျှင် အခြေခံဥပဒေ၏ လမ်းဖွင့်ထားချက်အရ ပေါ်လာခြင်းဖြစ်သောကြောင့် ယေဘုယျအားဖြင့် အခြေခံဥပဒေနှင့်ညီသည်ဟု ဟူဆ၍ရနိုင်ပေလိမ့်မည်။

အရေးပေါ်စီမံမှုအက်ဥပဒေသည် အရေးပေါ်ကာလအတွက်သာ ဖြစ်သင့်သည်။ အရေးပေါ်ကာလသည် အချိန် အကန့်အသတ်ရှိသင့်သည်။ သို့သော် ယခုဥပဒေတွင်မူ အချိန်အကန့်အသတ်ပြဋ္ဌာန်းမထားခြင်းက အမြဲတမ်း သဘောကိုဆောင်စေသည်။ အခြေခံဥပဒေပါ နိုင်ငံသားများ၏အခွင့်အရေး အခန်းကဏ္ဍ၌ လွတ်လပ်မှုနှင့်လုံခြုံမှု အခွင့်အရေးသည် အဓိက ကျပေသည်။ လူတဦးတယောက်အား ဖမ်းဆီးထိန်းသိမ်းကာ အဆိုပါအခွင့်အရေးများကို

ရုပ်သိမ်းလိုက်ပါက ကျန်အခြားအခွင့်အရေးများမှာ အလိုအလျောက် ကန့်သတ်ပြီးသားဖြစ်သွားပေသည်။ နိုင်ငံတော်ကာကွယ်သည့်ဥပဒေသည်လည်း နိုင်ငံတော်လုံခြုံရေးအတွက် မသင်္ကာသူမည်သူ့ကိုမဆို အချိန်ကာလမရွေး ဖမ်းဆီးကာ တရားရုံးမတင်ဘဲ ထိန်းသိမ်းထားနိုင်ပေသည်။

ပါလီမန်ဒီမိုကရေစီခေတ်၌လည်းကောင်း၊ မဆလ ခေတ်၌လည်းကောင်း အခြေခံဥပဒေရှိသည်ဖြစ်၍ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားများ၏ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်အခွင့်အရေးအတွက် ပြဋ္ဌာန်းချက်များရှိသည်ဟု ဆိုနိုင်သော်လည်း ထိုအခြေခံဥပဒေများပါ အခွင့်အရေးများသည် အရေးပေါ်စီမံမှု အက်ဥပဒေ အရလည်းကောင်း နိုင်ငံတော်ကာကွယ်ရေးဥပဒေ အရလည်းကောင်း အမြဲတမ်းအတွက် ပိတ်ပင်ခြင်းခံထားရသကဲ့သို့ဖြစ်ချေသည်။ အခြေခံဥပဒေအသီးသီး (၁၉၄၇၊ ၁၉၇၄)တို့သည် ထိုဥပဒေ နှစ်ခုကြောင့် နိုင်ငံသားများ၏ လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်ကို အကာအကွယ်မပေးနိုင်ခဲ့ပေ။ အခြေခံ ဥပဒေ၏ လမ်းဖွင့်ထားမှုအရပေါ်လာသော အဆိုပါ နှိပ်ကွပ်သည့်ဥပဒေ ( Dragonian Law) သည် နိုင်ငံ၏ အထွဋ်အထိပ်ဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် လွှမ်းမိုးသွားသကဲ့သို့ဖြစ်လေတော့သည်။

## စစ်အစိုးရနှင့် နှိပ်ကွပ်သည့်ဥပဒေများ။

၁၉၈၈ ခုနှစ် မဆလပါတီ ပြိုပျက်ပြီးနောက် အာဏာသိမ်းခဲ့သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ စစ်အစိုးရသည် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအား ပယ်ဖျက်ခဲ့သော်လည်း နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှကာကွယ်သော ဥပဒေနှင့် အရေးပေါ်စီမံမှုအက်ဥပဒေအား ယခုတိုင် ဆက်လက် ကျင့်သုံးလျက် စစ်အစိုးရအာဏာတည်မြဲမှုကို ထိပါးလာမည့်သူများကို ဤဥပဒေဖြင့် ဖမ်းဆီးအကျဉ်းချလေသည်။ ဤဥပဒေမှာ တရားမျှတသည် မမျှတသည်က အပိုင်းတပိုင်းဖြစ်သော်လည်း အာဏာပိုင်များ၏အရေးယူမှုမှာ ဥပဒေအရဆောင်ရွက်သည်ဟု အကြောင်းပြကောင်းစေခဲ့သည်။ လက်ရှိကာလတွင် နိုင်ငံသားများ၏ အခွင့်အရေးနှင့် လွတ်လပ်မှု လုံခြုံမှုကို အကာအကွယ်ပေးသော ဥပဒေများ မရှိသော်လည်း လွတ်လပ်မှုအခွင့်အရေး ကန့်သတ် ချုပ်ချယ်သော အဆိုပါဥပဒေ (အရေးပေါ်စီမံမှု ဥပဒေ ၁၉၅၀ နှင့် နိုင်ငံတော်ကာကွယ်သည့်ဥပဒေ ၁၉၇၅ ) ကိုကား ဆက်လက်ရှိနေခဲ့သည်။ ထိုဥပဒေများဖြင့် နိုင်ငံရေးအကျဉ်းသား ၁၅၀၀ ခန့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ကြရ၊ ခံနေကြရပေသည်။ ထိုသို့ထိန်းသိမ်းခြင်းခံနေကြရသူများ၊ ခံခဲ့ကြရသော သူများမှာ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသော ရည်ရွယ်ချက်မရှိသလို ထိုသို့ထိခိုက်စေသော လုပ်ဟန်လည်းမရှိ၊ ထိုသို့ထိခိုက်စေအောင် လုပ်ဆောင်နေခြင်းလည်းမရှိပေ။ ၎င်းတို့သည် ငြိမ်းချမ်းစွာ နိုင်ငံရေးဆောင်ရွက်နေကြခြင်းသာ ဖြစ်သည်။ နိုင်ငံတော် လုံခြုံရေးကို ခြိမ်းခြောက်ရလောက်အောင် ၎င်းတို့သည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သည့် လက်နက်ကိုင်ဆောင်ထားခြင်းလည်း မရှိပေ။ ၎င်းတို့၏လုပ်ဆောင်မှုများမှာ နိုင်ငံတော်လုံခြုံရေးကိုသော်လည်းကောင်း၊ ပြည်သူကိုယ်ကျင့်တရားကိုသော်လည်းကောင်း ထိခိုက်စေရန် အကြောင်းမရှိပေ။ စစ်အစိုးရ၏အာဏာကိုသာ ထိခိုက်စေနိုင်ပေသည်။ ဥပမာ–

အငြိမ့်စင်ပေါ်တွင်ပျက်လုံးထုတ်နေသူလူရွှင်တော်များကလည်းကောင်း၊ လမ်းမပေါ် တွင်၊ ကျောင်းပရဝုဏ်ထဲတွင် ကမ္ဘာမကျေဘူး သီချင်းဆိုနေသူများကလည်းကောင်း နိုင်ငံတော်လုံခြုံရေးကို မည်သို့မျှ အန္တရာယ်ဖြစ်စေနိုင်မည်မထင်ပါ။ နိုင်ငံရေးသမား မဟုတ်သော ပညာရှင်တဦးဖြစ်သူ ဒေါက်တာဆလိုင်းထွန်းသန်း၏ ရွေးကောက်ပွဲကျင်းပပေးရန် တဦးတည်း (လူအုပ်စုဖြင့်မဟုတ်) ဆန္ဒပြတောင်းဆိုခြင်းသည် နိုင်ငံတော်လုံခြုံရေး မည်ကဲ့သို့ အန္တရာယ် ဖြစ်စေနိုင်မည်နည်း။ ယုတ်စွအဆုံး ဒေါက်တာ ဆလိုင်းထွန်းသန်းအား ထောင်ဒဏ် ၇ နှစ်ချခဲ့ပေသည်။ ဖမ်းဆီးအကျဉ်းချခံထားရသူများသည် အကျဉ်းထောင်အတွင်း ခံစားထိုက်သော အခွင့်အရေးများကိုပင် ပိတ်ပင်ခြင်းခံကြရသည်။ ထိုကြောင့် စာရေးဆရာမောင်သော်က၊ ဦးမောင်ကို၊ စသည်တို့အပါအဝင် အကျဉ်းသားအချို့တို့ ကျန်းမာရေးချို့ယွင်းလာကြပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ကာ အကျဉ်းထောင်အတွင်း၌ အသက်ဆုံးရှုံးသွားခဲ့ကြသည်။

မည်သည့်ရာဇဝတ်မှုကိုမျှကျူးလွန်ခြင်းမရှိပါဘဲလျက် ဖမ်းဆီးထိန်းသိမ်းခြင်းခံလိုက်ရ၍ ဖြစ်ပေါ်သော နစ်နာဆုံးရှုံးမှုသည် လူတယောက်အဖို့၌မျှထက် ကြီးမားသော နစ်နာဆုံးရှုံးမှုဟူ၍ မရှိနိုင်ပေ။ ထိန်းသိမ်းခံလိုက်ရပါက ထိုပုဂ္ဂိုလ်၏ ပုဂ္ဂလိက လွတ်လပ်မှုဆုံးရှုံးသွားတော့သည်။ အထူးသဖြင့် နှစ်ရှည်လများ ထိန်းသိမ်းခံလိုက်ရပါက ထိုသူ တဦးတည်း ထိခိုက်ရုံမက နောက်ဆက်တွဲအဖြစ် ၎င်း၏ မိသားစုများပင် ထိခိုက်ကြရသည်။ ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ နစ်နာဆုံးရှုံးမှုလည်းဖြစ်နိုင်သလို စိတ်ပိုင်းဆိုင်ရာထိခိုက်ဆုံးရှုံးမှုလည်းဖြစ်ကြရသည်။ အချို့မိသားစုများ ဘဝပျက်သွားသည်အထိ ထိခိုက်ကြရသည်။ အချို့မိသားစုပုံစံပျက်သွား လေ့ရှိကြသည်။ မိသားစုဘဝပျက်၊ မိသားစုပုံစံပျက်သွားစေသည့်ထိခိုက်မှုလောက် ကြီးမားသည့် ထိခိုက်ဆုံးရှုံးမှုသည် အဘယ်မှာရှိအံ့နည်း။

မည်သူများ မည်သို့ပင်ပျက်စီးပါစေ၊ မည်မျှပင်ထိခိုက်နစ်နာပါစေ၊ နအဖ စစ်အစိုးရသည် ၎င်းတို့အာဏာတည်မြဲရေးအတွက်၊ နိုင်ငံတော်လုံခြုံရေးကို အကြောင်းပြု၍ ရေးဆွဲထားခဲ့သော ထိုဥပဒေနှစ်ရပ် (အရေးပေါ်စီမံမှုအက်ဥပဒေ၊ နိုင်ငံတော်ကာကွယ်ရေးဥပဒေ) ကို ဒိုင်းအဖြစ် ကောင်းစွာအသုံးချလျက်ရှိပေသည်။

## ဥပဒေကိုအကဲဖြတ်ခြင်း

ဥပဒေ ဘယ်ကလာသနည်း။ ရှင်းပါသည် ဥပဒေ ကို ပါလီမန်ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းပါသည်။ ဥပဒေပြုအမတ်များသည် နိုင်ငံရေးပါတီဝင်နှင့် တသီးပုဂ္ဂလ ရွေးချယ်ခံထားရသော အမတ်များဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် ဥပဒေပြုအမတ်များကို ပြည်သူလူထုက ရွေးချယ်ကြရပါသည်။ ဥပဒေပြုအာဏာကို ပါလီမန်တွင်အပ်နှင်းထားသည် ဖြစ်၍ ထိုအမတ်များက ဥပဒေပြုကြသည်။ ဤတွင် မကြာသေးမီက အမတ်မင်းတဦး၏ ပြောစကားဖေါ်ပြရပါမူ ( နိုင်ငံရေးလုပ်တယ်ဆိုတာ အရှင်းဆုံးပြောရရင်တော့ အာဏာ တနည်းအားဖြင့် ပါဝါ (Power) ရချင်လို့ နိုင်ငံရေးလုပ်တာဖြစ်တယ်) ဟူ၏။ သဘာဝလည်းကျပါ၏။ သို့ဆိုလျှင် အာဏာရလိုသူက အာဏာရရေးအတွက် အစွမ်းကုန်ကြိုးစားမည်ဖြစ်သလို အာဏာရထားသူကလည်း အထူးသဖြင့် အာဏာရ ပါတီကြီးများကလည်း အာဏာလက်မလွှတ်ရေးအတွက်အစွမ်းကုန်ကာကွယ်ကြမည်သာ။ တပါတီအာဏာရှင်စနစ်တွင်တော့ ပြောဘွယ်ရာ

မရှိပေ။ တပါတီစနစ်အားထိခိုက်စေမည့် အတိုက်အခံ မှန်သမျှကို အပြတ်ရှင်းထားမည့် ဥပဒေများကို ပြဋ္ဌာန်းမည်သာ။ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော်ငြားလည်း ပါတီကြီးလွှမ်းမိုးသော နိုင်ငံများတွင် အထူးသဖြင့် နိုင်ငံတော်လုံခြုံရေးအကြောင်းပြချက်ဖြင့် အတိုက်အခံများကို နှိပ်ကွပ်နိုင်သည့် အခွင့်အလမ်းရှိသော ဥပဒေများကို ပြဋ္ဌာန်းလာနိုင်သည်။ မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ အီဂျစ်အစရှိသောနိုင်ငံများတွင် နိုင်ငံတော်လုံခြုံရေးဥပဒေများ ပြဋ္ဌာန်းကာ ပါတီကြီးများ အာဏာရေရှည်ကိုင်ထားသည်။ ထို့ကြောင့် ပါလီမန်က ပြဋ္ဌာန်းလာသော ဥပဒေတိုင်းသည် ပါတီကြီး၏လွှမ်းမိုးမှုကိုရှေ့ရှုနေသောဥပဒေ ဖြစ်သလော သို့မဟုတ် ပြည်သူလူထုနှင့် တနိုင်ငံလုံးအတွက် ရှေ့ရှုသလောဆိုသည်ကို၊ တနည်းအားဖြင့် တရားမျှတမှု ရှိမရှိ ဆိုသည်ကို အကဲဖြတ်ရန်လိုပေသည်။

ဒီမိုကရေစီရှိသော ပါလီမန်ဒီမိုကရေစီနိုင်ငံများတွင်မူ ဥပဒေပြုခြင်း၊ ဥပဒေကိုပြဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သောအာဏာမှာ ပါလီမန်၌သာရှိသည်။ အခြားမည်သည့်အဖွဲ့ကမျှ ပါလီမန်ကပြဋ္ဌာန်းလာသော ဥပဒေကို ပယ်ဖျက်ခွင့်မရှိပေ။ ပါလီမန်က ပြဋ္ဌာန်းသောဥပဒေသည် တရားမျှတသောဥပဒေဖြစ်မဖြစ်ကို အကဲဖြတ်ရန် အာဏာပိုင်အဖွဲ့ တရပ်လိုပေသည်။ သို့ဖြစ်၍ ပါလီမန်ဒီမိုကရေစီစနစ်တွင် တရားရုံးများ၏ အခန်းကဏ္ဍသည် အရေးကြီး၏။ ထိုစနစ်တွင် တရားရုံးချုပ်အား ဥပဒေပယ်ဖျက်ခွင့် အာဏာပေးအပ်မထားသော်လည်း ပါလီမန်က ပြဋ္ဌာန်းလာသောဥပဒေသည် အခြေခံဥပဒေနှင့်ဆန့်ကျင်ခြင်းရှိမရှိကို အကဲဖြတ်ခွင့်အာဏာ ပေးထားလေ့ရှိသည့်အပြင် စာချွန်တော်များ ထုတ်ခွင့် အာဏာလည်း ပေးအပ်ထားသည်။ ဒါတင်မက တရားစီရင်ရေးလွတ်လပ်ခွင့်လည်း အပြည့်အဝရှိသည်ဖြစ်၍ တရားရုံးများသည် တဦးတယောက်အား မတရားဖမ်းဆီး ထိန်းသိမ်းခံရခြင်းကို အကာအကွယ်ပေးနိုင်ပေသည်။ အမေရိကန်ပြည်ထောင်စုတွင်မူ ကွန်ကရက်က ပြဋ္ဌာန်းလာသော ဥပဒေသည် အခြေခံဥပဒေနှင့်ကိုက်ညီမညီဆိုသည်ကို အကဲဖြတ်နိုင်သည့်အာဏာ တရားရုံးချုပ်အား ပေးအပ်ထားသည်။ ထို့အပြင် ပြည်ထောင်စုကွန်ကရက်က ပြဋ္ဌာန်းလာသောဥပဒေများသည်လည်းကောင်း၊ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းလာသောဥပဒေများသည် လည်းကောင်း ဥပဒေဖြစ်ရန်မသင့်၊ တရားမမျှတ၊ ဥပဒေနှင့်ညီညွတ်ခြင်း (Due process of law) မရှိဟု တရားရုံးချုပ်ကထင်မြင်ယူဆလျှင် ထိုဥပဒေများကို ပယ်ဖျက်နိုင်သော အာဏာလည်း တရားရုံးချုပ်တွင်ရှိပေသည်။

ထို့ကြောင့် ပါလီမန်ဒီမိုကရေစီစနစ်ကိုဘဲ ကျင့်သုံးကျင့်သုံး၊ အမေရိကန်ပုံစံ သမတစနစ်ကိုဘဲ ကျင့်သုံးကျင့်သုံး တရားရုံးချုပ်၏ အာဏာများနှင့် တရားစီရင်ရေးလွတ်လပ်မှုသည် အလွန်အရေးပါပေသည်။ မြန်မာနိုင်ငံ ပြည်သူများအဖို့မူ ဖိနှိပ်သည့် ဥပဒေများအောက်၌ နေကြရသည့်အပြင် ချို့တဲ့သောတရားရုံးချုပ်အာဏာများနှင့် လွတ်လပ်မှုမရှိသော တရားစီရင်ရေးစနစ်များကြောင့် လွတ်လပ်မှုနှင့်လုံခြုံမှုအခွင့်အရေးကင်းကာ အကျဉ်းထောင်များထဲ၌ စံမြန်းနေကြရပေသည်။ လွတ်လပ်မှုနှင့် လုံခြုံမှုအခွင့်အရေးကို ကာကွယ်သော ဥပဒေများ မထားရှိဘဲ၊ လွတ်လပ်မှုနှင့်လုံခြုံမှုကိုကန့်သတ်ချုပ်ချယ်သော ဥပဒေကိုသာ ထားရှိနေသမျှ ကာလပတ်လုံး၊ ဥပဒေကို အကဲဖြတ်နိုင်သော လွတ်လပ်သည့်အဖွဲ့အစည်းတရပ် မရှိသမျှ

ကာလပတ်လုံး မတရားဖမ်းဆီးထိန်းသိမ်းခြင်းဘေးမှ ကင်းလွတ်နိုင်ကြမည် မဟုတ်ကြောင်း တင်ပြလိုက်ရပေသည်။

အခြေခံဥပဒေရေးရာ

# ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် လွတ်လပ်သည့် လူထုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

**ရဲမင်းထက်**

ဖွဲ့စည်းပုံအခြေခံဥပဒေသည် မည်သို့သောလူ့အဖွဲ့အစည်း မည်သည့်နိုင်ငံတိုင်းတွင် မဆို အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်နေပေသည်။ လူ့အဖွဲ့အစည်းအသီးသီး နိုင်ငံအသီးသီး၏ အုပ်ချုပ်ပုံစနစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် အခြေခံလွတ်လပ်မှုတို့ကို ဖော်ပြပေးသော ဥပဒေလည်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အခြေခံဥပဒေ ဆိုသည်မှာ နိုင်ငံသားများ၏ရပိုင်ခွင့်အရေးများနှင့် စီမံအုပ်ချုပ်သောအစိုးရ၏ ဆောင်ရွက်ပိုင်ခွင့်အာဏာသတ်မှတ်ပြဌာန်းချက်တို့ပါရှိသော အစိုးရနှင့်နိုင်ငံသားတို့၏ ပဋိညာဉ်တရပ်လည်းဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။ ထို့အပြင် အခြေခံဥပဒေ သတ်မှတ်ပြဌာန်းချက်များ နှင့်အညီသာ ဥပဒေပြုခြင်း၊ ဖြည့်စွက်ပြင်ဆင်ခြင်း အစရှိသည်ဖြင့်သာ ပြုလုပ်နိုင်ပါသည်။ သို့ဖြစ်၍ အခြေခံဥပဒေသည် နိုင်ငံသားတစ်ဦးချင်းစီ၏ အခြေခံလွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရုံမျှမက လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာထောက်ပံ့ပေးလေသည်။

မျက်မှောက်ကာလတွင်မူ အခြေခံဥပဒေတွင်ပြဌာန်း၍ နိုင်ငံသားတို့၏ ရပိုင်ခွင့်အခွင့်အရေးများအား အာမခံချက်ပေးရုံမျှ၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးရုံမျှဖြင့် မလုံလောက်ဘဲ တိုင်းပြည်၏ ယန္တရားများလည်ပတ်ရာတွင် အားနည်းချက်များအပေါ်၌ လူထုကိုယ်တိုင်မှ ထောက်ပြကြပ်မတ်သွားရန် စဉ်းစားလာကြပြီဖြစ်ပါသည်။ ၎င်းစဉ်းစားချက်အခြေခံဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်းအသီးသီး၌ စကားလုံးတရပ်ခေတ်စားလာခဲ့သည်။ Civil Society ဟုခေါ်သော လူထုအခြေခံလူ့အဖွဲ့အစည်း ဟူသည့် စကားရပ်ပင်ဖြစ်သည်။ Civil Society ခေါ် လူထုအခြေခံလူ့အဖွဲ့အစည်း၏ အယူအဆမှာလည်း အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူတို့အကြားတွင် နိုင်ငံရေးနှင့် စီးပွားရေးအာဏာကိုခွဲဝေကျင့်သုံး၍ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရအဖွဲ့အစည်းများ၊ လွတ်လပ်

သည့်လူထုအသင်းအဖွဲ့များမှ အပြန်အလှန်ကြပ်မတ်ဖော်ဆောင်သွားရန်ဖြစ်သည်။ သို့သော် Civil Society ဟုခေါ်သောစကားရပ်မှာမူ မြန်မာဘာသာဖြင့် တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသေးချေ။

မည်သို့ပင်ဖြစ်စေ လူထုအခြေခံလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ်ဖြစ်သော လွတ်လပ်သည့် လူထုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍမှာ နိုင်ငံတော်တော်များများ၌ အဓိကကျသောနေရာများတွင် ပါဝင်လာသည်ကို တွေ့နိုင်မည်ဖြစ်သည်။ ထိုသို့ပါဝင်လာနိုင်ရန် အတွက်လည်း လူထုအခြေခံလူ့အဖွဲ့အစည်း အယူအဆအခြေခံဖြင့် တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို လည်ပတ်နေသော နိုင်ငံများ၌ ၎င်းတို့နိုင်ငံရှိ အခြေခံဥပဒေများတွင် တိကျရှင်းလင်းစွာ ရေးသား၍ပြဋ္ဌာန်းထားရှိပေးသည်။ သို့ဖြစ်၍ လွတ်လပ်သည့် လူထုအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလှုပ်ရှားနိုင်ရန် နိုင်ငံတနိုင်ငံရှိ အခြေခံဥပဒေ၏အခန်းကဏ္ဍမှာများစွာ အရေးကြီးပေသည်။

မြန်မာနိုင်ငံကဲ့သို့အာဏာရှင်စံနစ်ဖြင့် အုပ်ချုပ်နေသောနိုင်ငံတွင်မူ လူထုအဖွဲ့အစည်းများ လွတ်လပ်စွာ လှုပ်ရှားလည်ပတ်နိုင်ရန် များစွာခဲယဉ်းလှပေသည်။

စစ်အုပ်စုမှ လက်ရှိတည်ဆဲဥပဒေအဖြစ်ကျင့်သုံးနေသော ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၃၀)ရက် နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ အခန်း (၂) ပုဒ်မ(၃) အပိုဒ်ခွဲ (ဂ) တွင် "ခွင့်ပြုချက်မရသော အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်း (သို့မဟုတ်) ဆက်လက်ရပ်တည်လှုပ်ရှားခြင်းမပြုရ" ဟူ၍ပြဋ္ဌာန်းထားခြင်းသည်လည်း လည်းကောင်း၊ အခန်း(၃) ပုဒ်မ(၅) တွင်

(က) ၁၉၈၈ ခုနှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသောလည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်းခံရသော အသင်းအဖွဲ့။

(ခ) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကိုဖြစ်စေ၊ လမ်းပမ်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုဖြစ်စေ တနည်းနည်းအားဖြင့် ထိခိုက်စေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော၊ ပြုလုပ်သောအသင်းအဖွဲ့။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုကို ထိခိုက်စေရန် (သို့မဟုတ်) ရပ်တန့်သွားစေရန်အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းသော၊ အားပေးကူညီသော၊ ပြုလုပ်သောအသင်းအဖွဲ့။

(ဃ) နိုင်ငံတော်အုပ်ချုပ်သောယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘုတ်၊ ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းအသီးသီး၊ ဝန်ထမ်းများ (သို့မဟုတ်) နိုင်ငံတော်ဘဏ္ဍာငွေမှ လစာရယူကြသော ဝန်ထမ်းတဦးဦး (သို့မဟုတ်) ဝန်ထမ်းများပါဝင် ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့တခုခုမှ သြဇာခံယူသော (သို့မဟုတ်) နိုင်ငံရေးအသင်းအဖွဲ့တခုခုနှင့် ဆက်သွယ်သောအဖွဲ့များကို ဖွဲ့စည်းခွင့်မပြုရန်လည်းကောင်း ပြဋ္ဌာန်းထားခြင်း လူထုအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းရန်လှုပ်ရှားနိုင်မှုကို အဟန့်အတားဖြစ်စေပါသည်။

အထက်ပါအချက်များမှာ လူထုအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားနိုင်မှု

ကို အဘက်ဘက်မှ ကန့်သတ်ပိတ်ပင်သော ပြဋ္ဌာန်းချက်များဖြစ်နေသည်ကို တွေ့ရပေသည်။ ဥပမာ– နယ်မြေအေးချမ်းသာယာရေး၊ လမ်းပမ်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ နိုင်ငံတော်ယန္တရားလည်ပတ်မှုကို ထိခိုက်စေရန် ဆိုသည့်အသုံးအနှုန်းမှာ လွန်စွာယေဘုယျဆန်ပြီး တိကျရှင်းလင်းစွာ အဓိပ္ပါယ်ဖော်ပြထားခြင်းမရှိပေ။

အဆိုပါပြဋ္ဌာန်းချက်အောက်တွင် လူထုအခြေခံလူ့အဖွဲ့အစည်း၏ အခြေခံအယူအဆများပိုမိုဆိတ်သုဉ်းခဲ့ရပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ အခြေခံရပိုင်ခွင့်အခွင့်အရေးများ အပါအဝင် ဆုံးရှုံးနစ်နာခဲ့ရပါသည်။ ဥပမာ– ၁၉၉၇ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့၌ ဆင်းရဲနွမ်းပါးပညာရေးလိုက်စားသော လူငယ်သူငယ်များအတွက် ပညာရေးဆိုင်ရာ အထောက်အကူပစ္စည်းပံ့ပိုးရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့သည့် “စိတ္တရောင်ခြည်လူမှုရေးအသင်း”အား ၁၉၈၆ ကျောင်းသားလှုပ်ရှားမှုတွင်ပါဝင်သူများဟုစွပ်စွဲကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(နအဖ) စစ်ထောက်လှမ်းရေးများမှ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ပါသည်။ ထို့နောက် “မင်းတို့မှာအဖွဲ့အစည်းဖွဲ့ခွင့်မရှိဘူး။ ဖွဲ့ရင်ဥပဒေနဲ့ငြိတယ်။ သက်ဆိုင်ရာမှာခွင့်ပြုချက်ယူ။ မယူရင်ဖမ်းလို့ရတယ်။ အဲဒီတော့ ဒီလိုအဖွဲ့ဖွဲ့တာ သဘောမကျဘူး။ ဖျက်ရင်ကောင်းမယ်။ မဖျက်ရင်ထောင်အနှစ် (၂၀) ချမယ်”ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။ ဤသို့ဖြင့် “စိတ္တရောင်ခြည်လူမှုရေးအသင်း”မှာ ဆက်လက်ရပ်တည်ခွင့်မရပဲဖျက်သိမ်းခဲ့ရပါသည်။ ထိုအခြေခံကိုကြည့်ခြင်းအားဖြင့် လူထုအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှား၍ လူ့အဖွဲ့အစည်း၏ နစ်နာဆုံးရှုံးမှုများအပေါ် ကုစားခွင့်မရယူနိုင်ခြင်းမှာ အခြေခံဥပဒေ၏ အရေးကြီးမှုအခန်းကဏ္ဍ အပေါ်တွင် လျစ်လျူရှုထား၍ဖြစ်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် အခြေခံဥပဒေနှင့် လူထုအခြေခံလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ်ဖြစ်သော လွတ်လပ်သည့် လူထုအသင်းအဖွဲ့များ၏အခန်းကဏ္ဍမှာ များစွာဆက်စပ်မှုရှိပါသည်။ လူထုအဖွဲ့အစည်းများ လွတ်လပ်စွာတည်ထောင်လှုပ်ရှားနိုင်ရန်အတွက် အခြေခံဥပဒေ၏ အာမခံချက်လိုအပ်သလို အခြေခံဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းရာတွင်သော်လည်းကောင်း လွတ်လပ်သည့်လူထုအဖွဲ့အစည်းများ၏ ဝေဖန်ထောက်ပြ အကြံပေးမှုများမှာ များစွာလို အပ်ပေသည်။ သို့မှသာ လူ့အဖွဲ့အစည်းအတွင်း စုပေါင်းရှင်သန်နေကြသော လူသားတစ်ဦးချင်းစီ၏တိုးတက်ဖွံ့ဖြိုးမှု၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ တိုးတက်ဖွံ့ဖြိုးမှုကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။

အဓိကအားဖြင့်မူ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်သည့် အခြေခံဥပဒေတွင် နိုင်ငံသားတစ်ဦးချင်းစီတိုင်း၏ မွေးရာပါလွတ်လပ်ခွင့်တို့ကို အပြည့်အဝခံစားနိုင်၍ လွတ်လပ်သောလူ့အဖွဲ့အစည်းတရပ်ကို ထူထောင်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးထားရန် လိုပါမည်။ အဘယ့်ကြောင့်ဆိုသော် လွတ်လပ်မှုမရှိသည်နှင့်တပြိုင်နက် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာအလားအလာများ ပျက်စီးဆုံးရှုံး၍ လွတ်လပ်သော လူ့ဘောင်အဖွဲ့အစည်းတရပ်ကို မည်သို့မျှထူထောင်နိုင်မည်မဟုတ်ပေ။

ကမ္ဘာပေါ်ရှိ နိုင်ငံတော်တော်များများ၌ Civil Society ခေါ် လူထုအခြေခံလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ်ဖြစ်သော လွတ်လပ်သည့်လူထုအဖွဲ့အစည်းများသည် ဒီမိုကရေစီနည်းမကျသည့် အစိုးရများနှင့် အာဏာရှင်စံနစ်တို့ကို ပြုပြင်ပြောင်းလဲရာတွင် အဓိကအားထားရာ စွမ်းအားကြီးတရပ်အဖြစ် မျှော်မှန်းယုံကြည်ထားကြပါသည်။ သို့အပေါ်

အထက်တွင်ဖော်ပြခဲ့သည့် လူထုအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့်လွတ်လပ်စွာ ဖွဲ့စည်းလုပ်ရှားနိုင်ရန် နိုင်ငံတနိုင်ငံရှိ အခြေခံဥပဒေ၏အခန်းကဏ္ဍမှာ များစွာအရေးကြီးသည်ဆိုသောအချက်မှာလည်း အငြင်းပွားစရာမရှိချေ။ ထို့အပြင် အခြေခံဥပဒေတွင် နိုင်ငံတနိုင်ငံ၏ သမိုင်းကြောင်းကို ဖော်ပြလျှက်ရှိပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း စသည့် လောကပါလတရား ၃–ပါးအပေါ် ၌အခြေခံသော ရယူခံစားအပ်သည့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အခွင့်အရေးနှင့် တာဝန်များဒွန်တွဲပါရှိပေသည်။

အခွင့်အရေးဆိုသည်မှာလည်း စာရွက်ပေါ်တွင်ရေးသားဖေါ် ပြရုံမျှနှင့် အသက်ဝင်လာသည်မဟုတ်ပေ။ ၎င်းအခွင့်အရေးကို သိနားလည်၍မှန်ကန်စွာသုံးစွဲတတ်ခြင်း၊ အခွင့်အရေးကိုထိပါးပါက ကာကွယ်တတ်ခြင်းတို့ဖြင့် အသက်သွင်းပေးရသည်။ အလားတူပင် အခွင့်အရေးကို မှန်ကန်စွာသုံးစွဲခံစားတတ်သလို အခွင့်အရေးနှင့် ဒွန်တွဲလျှက်ရှိသော တာဝန်ကိုထမ်းဆောင်ခြင်းဖြင့်လည်း အသက်သွင်းပေးရသည်။ ဆိုလိုသည်မှာ ရပိုင်ခွင့်အခွင့်အရေးများကို အပြည့်အဝခံစားသုံးစွဲပိုင်ခွင့်သည် လူတဦးချင်းစီ၏အခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးများကိုသုံးစွဲ၍ အခြားသူများ၏ အခွင့်အရေးများ ရပိုင်ခွင့်များကိုမထိခိုက်စေရေးသည် တာဝန်ဖြစ်ပေသည်။ အခွင့်အရေးကိုတန်ဖိုးမထား (သို့မဟုတ်) ကောင်းစွာနားမလည်၊ အခွင့်အရေးကိုထိပါးသောအခါ တရားနည်းလမ်းအတိုင်း ကာကွယ်ထိန်းသိမ်းခြင်းမပြု၊ တရားလက်လွတ်နည်းဖြင့်ကလဲ့စားချေသည်။ အကြမ်းဖက်သည်။ ထိုကဲ့သို့ လူ့အဖွဲ့အစည်းရှိ လူတဦးချင်းစီမှပြုကြလျှင် အခြေခံအခွင့်အရေးများသည် ဆုံးပါးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။

၁၉၄၇ခုနှစ် အခြေခံဥပဒေပုဒ်မ ၁၇ (ဂ) တွင် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့်ကိုပြဋ္ဌာန်းထားသည်။ သို့သော် တရားဥပဒေနှင့်သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း မဆန့်ကျင်စေရန်ပြဋ္ဌာန်းကန့်သတ်ထားသည်။ တရားဥပဒေအရကန့်သတ်ရာတွင် လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်စေသော ပြဋ္ဌာန်းချက်များသာ ဖြစ်သင့်ပါသည်။ ထို့အပြင် သံသယစိတ်ဖြင့်ကန့်သတ်သော ပြဋ္ဌာန်းချက်များမဖြစ်သင့်ပေ။ ငြိမ်ဝပ်ပိပြားရေးနှင့်ပတ်သက်သော ကန့်သတ်ချက်များအတွက်လည်း ငြိမ်ဝပ်ပိပြားမှုကိုထိခိုက်စေသော အချက်များကို တိကျရှင်းလင်းစွာဖေါ် ပြသင့်သည်။ ထို့အတူ ပြည်သူ့ကိုယ်ကျင့်တရားနှင့်ဆိုင်သော ကန့်သတ်ချက်အတွက်လည်း အခြားသူများ၏ ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကို မထိခိုက်ရေးကို အဓိကထားပြဋ္ဌာန်းရန်လိုသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအစိုးရအုပ်ချုပ်ခဲ့သော ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အကာအကွယ်အောက်၌ အားကောင်း လူထုအဖွဲ့အစည်းများပေါ်ပေါက်ခဲ့ပြီး လူ့အဖွဲ့အစည်းအတွက်တစုံတရာ အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ သို့ရာတွင် ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းအာဏာသိမ်းပြီးသည့် နောက်ပိုင်းတွင် လူထုအဓိကလူ့အဖွဲ့အစည်းများ၏ အမြင်အယူအဆနှင့် လွတ်လပ်မှုအခွင့်အရေးတို့ကိုငြင်းပယ်ကာ အစိုးရကချုပ်ကိုင်ထားသည့် လူ့အဖွဲ့အစည်းပုံစံကိုသာ ရှင်သန်ခွင့်ပေးခဲ့ပါသည်။

ဥပမာ– မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဖွဲ့စည်းထားသော လူတန်းစားအဖွဲ့အစည်းဖြစ်သည့် တောင်သူလယ်သမားအစည်းအရုံးနှင့် အလုပ်သမားအစည်းအရုံး၊ ၎င်းတို့ပါတီကပင်ဦးဆောင်သော ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး

လုပ်ငန်းများကိုသာ ဦးတည်လှုပ်ရှားနိုင်ရေးအတွက် အစီအစဉ်ရှိရှိဖြင့် ဖွဲ့စည်းခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့၊ စာပေလုပ်သားအဖွဲ့၊ ရုပ်ရှင်ကောင်စီစည်းရုံးရေးကော်မတီ၊ ဂီတကောင်စီ စည်းရုံးရေး ကော်မတီ၊ သဘင်ကောင်စီစည်းရုံးရေးကော်မတီ အစရှိသော အဖွဲ့အစည်းများကိုလည်း လူထုအဖွဲ့အစည်းများ အမည်ခံဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ယင်းလုပ်တန်းစားအဖွဲ့အစည်းနှင့် လူထုအဖွဲ့အစည်းများမှာလည်း ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ချမှတ်သော မူဝါဒလမ်းစဉ်များကိုသာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရသည့်အတွက် လူထုလုပ်တန်းစားတရပ်လုံးကို တာဝန်မခံရပဲ မဆလ ကိုသာတာဝန်ခံရသည်မှာ ထင်ရှားပေသည်။ သို့ဖြစ်၍ ပြည်သူလူထုတရပ်လုံးအတွက် မည်သည့်အကျိုးကျေးဇူးမျှ ဖြစ်ထွန်းမလာခဲ့ပေ။ ၎င်းတို့အတွက်သာ ပုဂ္ဂိုလ်ရေးအရတည်ဆောင်နိုင်ခြင်း၊ ကင်းကြေးချောကြေး လွတ်ခြင်း၊ ခရီးသွားလာရာတွင်လွယ်ကူစေခြင်း စသည့်အကျိုးအမြတ်များကိုသာ ဖြစ်ထွန်းစေခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခု အခြေခံဥပဒေ ပုဒ်မ ၁၇ တွင်အခန်း (၁၁)

ပုဒ်မ (၁၅၈) နိုင်ငံသားတိုင်း၌ ဥပဒေကခွင့်ပြုထားသော နိုင်ငံရေး၊ လူမှုရေး အဖွဲ့အစည်းများနှင့် လုပ်တန်းစားအဖွဲ့အစည်းများတွင် လွတ်လပ်စွာပါဝင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်ရှိသည်။ ဤလွတ်လပ်ခွင့်များကို အပြည့်အဝခံစားနိုင်ရေးအတွက် နိုင်ငံတော်က လိုအပ်သောအကူအညီများပေးရမည်။ ဟူသောပြဋ္ဌာန်းချက်သည် အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုထားသော်လည်း ပုဒ်မ ၁၆၇ (က) ဖြင့်ကန့်သတ်မှုများပြုလုပ်ထားပြန်သည်။

ဤနေရာတွင် အထက်ပုဒ်မပါ "လွတ်လပ်ခွင့်များကို အပြည်အဝခံစားနိုင်ရေးအတွက် နိုင်ငံတော်ကလိုအပ်သောအကူအညီ များပေးရမည်" ဆိုသည့်အချက်နှင့် ပတ်သက်၍ အနည်းငယ်ဆွေးနွေးလိုပါသည်။ ထိုပြဋ္ဌာန်းချက်မျိုးကို အနာဂါတ်ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (မြန်မာနိုင်ငံအမျိုးသားကောင်စီမှ ရေးဆွဲအတည်ပြုထားသော ပထမမူကြမ်း) တွင်လည်းတွေ့ရသည်။ ထိုမူကြမ်း ပုဒ်မ(၁၄၀) (ဃ) တွင် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ စည်းရုံးခွင့်၊ အလုပ်သမား အခွင့်အရေးဥပဒေနှင့်အညီ စနစ်တကျတောင်းဆိုခွင့်များကို ပြည်ထောင်စုမှစီစဉ်ဆောင်ရွက်ပေးရမည်ဟုလည်းပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်၍ ထိုအချက်တို့မှာ လူထုအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားသည့် အနေအထားတရပ်တွင် အစိုးရမှ ဝင်ရောက်စွက်ဖက်ခွင့်ပေးသလို ဖြစ်နေပေသည်။ ထို့အပြင် အစိုးရ၏ ကူညီထောက်ပံ့ စီစဉ်ပေးမှုအပေါ် ၌ တစုံတရာတာဝန်ခံရမည်ဖြစ်သဖြင့် ရေရှည်တွင် လူထုအသင်းအဖွဲ့များ၏ လွတ်လပ်မှုအပေါ်တွင်ထိခိုက်နိုင်ပါသည်။

အဓိကမှာ အဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်အခွင့်အရေးကို အခြေခံဥပဒေအရ တိတိကျကျအာမခံထားရန်သာလိုပါမည်။ ယင်းသို့ဖြစ်လျှင် လွတ်လပ်သောအဖွဲ့အစည်းများအနေဖြင့် လိုအပ်သော အကူအညီကို မိမိတို့နိုင်ငံအစိုးရထံမှအပါအဝင် တကမ္ဘာလုံး ရနိုင်သမျှသောနေရာများမှ ရရှိအောင်ကြိုးပမ်းနိုင်မည် ဖြစ်သည်။ အခြေခံဥပဒေတွင် အစိုးရမှ ဝင်ရောက်စွက်ဖက်နိုင်မည့် အနေအထားမျိုးကိုမူ လမ်းဖွင့်ပေးမထားသင့်ပါ။

ဥပမာ– ဖိလစ်ပိုင်နိုင်ငံအခြေခံဥပဒေတွင် လူထုအဓိကလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ်ဖြစ်သော လူထုအသင်းအဖွဲ့များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်။ ၎င်းတို့မှာ–

**ပုဒ်မ (၂) ပုဒ်မခွဲ (၂၃)** နိုင်ငံတော်သည် တိုင်းပြည်၏ ကောင်းကျိုးစီးပွားကို တိုးတက်ဖော်ဆောင်လျှက်ရှိသော ပရဟိတအသင်းများ၊ ဒေသဆိုင်ရာ လူထုအဖွဲ့အစည်းများကို အားပေးရမည်။

**Article(2) Section(23)** The state shall encourage non-governmental, community based, or sectoral organizations that promote the nation.

**ပုဒ်မ (၁၃) ပုဒ်မခွဲ (၁၅)** ဒီမိုကရေစီဘောင်အတွင်း၌ ပြည်သူများသည် ငြိမ်းချမ်း၍ ဥပဒေနှင့်ညီသောနည်းလမ်းဖြင့် မိမိတို့၏တရားဝင် စုပေါင်းအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နိုင်စေရန် ဖွဲ့စည်းဆောင်ရွက်လျှက်ရှိသော လွတ်လပ်သော လူထုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍကို နိုင်ငံတော်မှလေးစားရမည်။

**Article(13) Section(15)** The state shall respect the role of independent people's organization to enable the people to pursue and protect, within the democratic framework, their legitimate and collective interests and aspirations through peaceful and lawful means.

**ပုဒ်မ (၁၃) ပုဒ်မခွဲ (၁၆)** လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အဆင့်ဆင့်ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူထုများနှင့် ၎င်းတို့၏အဖွဲ့အစည်းများက ကျိုးကြောင်းဆီလျော်မှုရှိစွာနှင့် ထိရောက်စွာပါဝင် ပတ်သက်လုပ်ဆောင်ခြင်းကို လျှော့ပါးထိခိုက်မှုမရှိစေရ။ နိုင်ငံတော်သည် ဥပဒေပြဋ္ဌာန်း၍ ၎င်းတို့နှင့်လုံလောက်စွာ တိုင်ပင်ညှိနှိုင်းသည့် လုပ်ထုံးလုပ်နည်းကိုပြဋ္ဌာန်းကာ လိုက်နာဆောင်ရွက်ရမည်။

**Article(13) Section(16)** The right of the people and their organization to effective and reasonable participation at all levels of social, political and economic decisions-making shall not be abridged. The state shall, by law, facilitate the establishment of adequate consultation mechanisms.

ဟူ၍ဖြစ်ပါသည်။

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း– **အခန်း(၅) ပုဒ်မ(၇၆)** နိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်တို့တွင် မူဝါဒများ ချမှတ်ရာတွင်

သော်လည်းကောင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင်သော်လည်းကောင်း ပြည်သူလူထု၏ပါဝင်မှုကို အားပေးရမည်။

> **Charter(5) Section(76)** The state shall promote and encourage public participation in laying down polices, making decision on political issue, preparing economic, social and political development plans, and inspecting the exercise of state power at all level.
> ဟုဖော်ပြ ပြဌာန်းထားပါသည်။

ထို့ကြောင့် အခြေခံဥပဒေသည် မူကြမ်းစတင်ရေးဆွဲချိန်မှစ၍ အတည်ပြုကျင့်သုံးချိန်အထိ လွန်စွာအရေးကြီးသည်ဟု ဆိုရခြင်းဖြစ်ပါသည်။ အခြေခံဥပဒေရေးဆွဲခြင်းဆိုသည်မှာလည်း နိုင်ငံတော်အသစ်ကို တည်ဆောက်ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အခြေခံဥပဒေကိုရေးဆွဲရန်အတွက် ချမှတ်သော အခြေခံမူများမှာလည်း အရေးကြီးလေသည်။ အထက်ပါနိုင်ငံများရှိ အခြေခံဥပဒေပြဌာန်းချက်များကို နှိုင်းယှဉ်လေ့လာကြည်မည်ဆိုလျှင် လွတ်လပ်သောလူထုအဖွဲ့အစည်းများဖွဲ့စည်းရပ်တည် လှုပ်ရှားလုပ်ဆောင်ခွင့်များကို အာမခံပြဌာန်းထားသည့်အပြင် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူထုအနေဖြင့် အဆိုပါလူ့အဖွဲ့အစည်းများမှတဆင့် ပါဝင်ပတ်သက်လုပ်ဆောင်မှုကို လမ်းဖွင့်ပေးထားကြောင်းတွေ့မြင်နိုင်ပါမည်။

မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေရေးဆွဲရန်အတွက် အခြေခံမူများချမှတ်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းသောအခြေခံမူ (၁၄) ချက်အနက်မှ ၁၉၄၇ ခုနှစ် ဇွန်လ (၁၇) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်မှ အခြေခံမူ (၇) ချက်ကို အတည်ပြုချမှတ်ခဲ့ပါသည်။ ၎င်းအခြေခံမူ (၇) ချက်အနက်မှ နံပါတ်(၄)အချက်တွင် လွတ်လပ်ခွင့် အခွင့်အရေးများကို အခြေခံဥပဒေ၌ အခိုင်အလုံသတ်မှတ်ထားရှိရန် ဖော်ပြထားပါသည်။

ဤအချက်မှာ အလေးအနက်ထားရန်လိုသည်။ အခြေခံဥပဒေ၏ အခန်းကဏ္ဍမှ လူထုအဓိကလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းဖြစ်သော လူထုအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားနိုင်ရန် အာမခံချက်ပေးထားသည့် အထောက်အပံ့ကောင်းတရပ်လည်း ဖြစ်ပါသည်။ ထိုအပြင် နိုင်ငံသားတဦးချင်းတိုင်းသည်လည်း အခြေခံဥပဒေမှရရှိခံစားအပ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဆက်ဆံရေးတို့၌ တရားမျှတခြင်း၊ လွတ်လပ်စွာတွေးတော ကြံဆနိုင်ခြင်း၊ ပြောဆိုရေးသားဖွင့်ဟနိုင်ခြင်း၊ လွတ်လပ်စွာစည်းရုံးနိုင်ခြင်း၊ လုပ်ကိုင်ပြုမူဆောင်ရွက်နိုင်ခြင်း၊ လွတ်လပ်စွာအသက်မွေးဝမ်းကြောင်းပြုနိုင်ခြင်း၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်နိုင်ခြင်း အစရှိသည့် အခြေခံဥပဒေ၏ အနှစ်သာရများကို ရယူခံစားနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိနိုင်ငံများ၏ အခြေခံဥပဒေများကိုလေ့လာရာတွင် တခုနှင့်တခုကွဲပြားခြားနားသော်လည်း အခြေခံအခွင့်အရေးများ (သို့မဟုတ်) ရပိုင်ခွင့်အခွင့်အရေးများကိုမူ အခြေခံဥပဒေ၏ အင်္ဂါရပ်တခုအဖြစ်ထည့်သွင်းဖော်ပြကြခြင်းမှာ ကွဲပြားခြားနားမှုမရှိကြောင်း တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် ရပိုင်ခွင့်အခွင့်အရေးများအဖြစ် ထည့်သွင်းဖော်ပြရာ၌ နိုင်ငံတနိုင်ငံ၏ နောက်ခံသမိုင်း၊ ယဉ်ကျေးမှုနှင့် လက်ခံနိုင်မှုအပေါ်တွင် ကွဲပြားခြားနားနိုင်ပေသည်။

သို့သော် အခြေခံရပိုင်ခွင့်အခွင့်အရေးများကိုဖော်ပြရာတွင် ယေဘုယျအားဖြင့် တူညီသော အချက်များရှိပါသည်။ ၎င်းတို့အနက်မှ လူထုအဓိကလူ့အဖွဲ့အစည်းကို အထောက်အပံ့ဖြစ်စေသည့် တူညီသောအချက်များမှာ–

(၁) လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်

(၂) လွတ်လပ်စွာ အသင်းအဖွဲ့များဖွဲ့စည်းနိုင်ခွင့်

(၃) လွတ်လပ်စွာ စည်းရုံးနိုင်ခွင့် စသည်တို့ဖြစ်သည်။

မျက်မှောက်ခေတ်ကာလ၌ လူထုအဓိကလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ်ဖြစ်သော လွတ်လပ်သည့်လူထုအသင်းအဖွဲ့များ ပေါ်ပေါက်လာစေရန်အတွက်လည်း အထက်ပါအချက် (၃) ချက်သည် မဖြစ်မနေလိုအပ်ပေသည်။ လူထုအဖွဲ့အစည်းများ လွတ်လပ်စွာ လှုပ်ရှားလည်ပတ်နိုင်ရန် အဓိကကျသောထောက်တိုင်များလည်းဖြစ်ပါသည်။ ကမ္ဘာနှင့်အဝှမ်း၌ ဖွဲ့စည်းလှုပ်ရှားနေကြသော လူထုအဖွဲ့အစည်းများသည် ထိုရပိုင်ခွင့်အခွင့်အရေးများအပေါ်တွင် အခြေခံဥပဒေ၏ အာမခံမှုပေးချက်အရ ပိုမိုလွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းဖြစ်သည်ဟုလည်း ယူဆပါသည်။

သို့ရာတွင် ရပိုင်ခွင့်အခွင့်အရေးများနှင့် လွတ်လပ်ခွင့်အခွင့်အရေးများကို အခြေခံဥပဒေ၏ အာမခံမှုပေးချက်အရ လွတ်လပ်စွာကျင့်သုံးရာ၌ တစုံတရာကန့်သတ်မှုရှိနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရပိုင်ခွင့်အခွင့်အရေးများအပေါ်တွင်အခြေခံ၍ လူ့အဖွဲ့အစည်းမှ လူတဦးချင်းစီအနေဖြင့် အခွင့်အရေးများကို လွဲမှားစွာအသုံးချနိုင်သောကြောင့်ဖြစ်ပါသည်။ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းပိုင်ခွင့်သည် လူတဦးချင်းစီ၏ အခွင့်အရေးဖြစ်သည်။ ထိုကဲ့သို့ အေးချမ်းစွာအသင်းအပင်းဖွဲ့စည်းခြင်းကို အခြေခံဥပဒေက လူ့အခွင့်အရေးတရပ်ဟု အသိအမှတ်ပြုထားသည်။ ၎င်းအခွင့်အရေးများကိုအသုံးပြု၍ ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် အသင်းအဖွဲ့များလည်း ပေါ်ပေါက်လာနိုင်ပါသည်။ ထိုကန့်သတ်မှုများမှာလည်း ပရိုဂရက်ဆစ်ပညာရေးဝါဒီ (Moric D. Fantini) အလိုအရ လူ့အဖွဲ့အစည်းကိုယေဘုယျ (၂) ပိုင်းခွဲခြားနိုင်သော နိုင်ငံတော်သည် အကြွင်းမဲ့အာဏာဖြင့် အမိန့်ဥပဒေများ ပြဋ္ဌာန်းနိုင်သည့် ပိတ်ဆို့သောလူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် စုပေါင်းလွှမ်းမိုးနိုင်ခွင့်ရှိသည့် လွတ်လပ်သော လူ့အဖွဲ့အစည်းတို့တွင် ပိုမိုကွဲပြားခြားနားနိုင်ပေသည်။

မြန်မာနိုင်ငံတွင် အတည်ပြုကျင့်သုံးခဲ့သော အထက်တွင်ဖော်ပြခဲ့သည့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေပြဋ္ဌာန်းချက်တွင်ပင်လျှင် ကန့်သတ်မှုမှာကွာခြားမှုရှိပါသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရကန့်သတ်မှုမှာ လူတဦးချင်းစီ၏ အခွင့်အရေးအခြေခံနှင့် တရားဥပဒေအရကန့်သတ်ခြင်းဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ၏ ကန့်သတ်မှုမှာမူ တပါတီနိုင်ငံရေးစနစ်နှင့် ၎င်းတို့၏ အယူဝါဒတရပ်အပေါ်တွင် တင်းကြပ်စွာ ကန့်သတ်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေ အခန်း (၂) ၌ ပြဋ္ဌာန်းထားသော အခြေခံမူများတွင်–

ပုဒ်မ (၁၁) နိုင်ငံတော်သည် တခုတည်းသော ပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တခုတည်းသောပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်။ ဟူသောအချက်မှာလည်း နိုင်ငံရေးပါတီများ ဖွဲ့စည်းလှုပ်ရှားမှုကို အတိအလင်း

ကန့်သတ်ထားသောအချက်ဖြစ်ပါသည်။ ရပိုင်ခွင့်အခြေခံအခွင့်အရေးပြဋ္ဌာန်းချက်များမှာလည်း မပြည့်စုံသည့်အပြင် ဆိုရှယ်လစ်စနစ်နှင့်မကိုက်ညီကြောင်းပြ၍ ဥပဒေပြဋ္ဌာန်းကာ ရုပ်သိမ်းနိုင်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ ကန့်သတ် မှုများအား ကြည့်ခြင်းအားဖြင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေပါ ကန့်သတ်ချက်သည် ၁၉၇၄ ခုနှစ် အခြေခံဥပဒေပါ ကန့်သတ်ချက်ထက် လူထုအကျိုးနှင့် လူထုအဓိကလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတရပ်ဖြစ်သော လူထုအသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားနိုင်ရန် ပို၍နီးစပ်စေပါသည်။ သို့ဖြစ်၍ ကန့်သတ်မှုများသည် ကန့်သတ်မှုကိုလျှော့နည်းသည် ထက်နည်းစေသည့် Limitation is Limited ဖြစ်ရန်လိုလေသည်။

လူ့အဖွဲ့အစည်းအတွင်း၌ စုပေါင်းရှင်သန်နေကြသော လူတဦးချင်းစီအနေဖြင့်လည်း မိမိတို့၏ ရပိုင်ခွင့်အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အပေါ်တွင် ကန့်သတ်ချက်ရှိသင့် မရှိသင့်နှင့် ကန့်သတ်ချက်ထားသင့် မထားသင့် ဆိုသည့်အချက်ကိုမူ အဓိကထား အလေးအနက်စဉ်းစားရန်လိုပါမည်။ ကန့်သတ်ချက်များရှိသင့်သည်ဆိုလျှင်လည်း လူတဦးချင်းစီရပိုင်ခွင့်ရှိသော အခြေခံအခွင့်အရေးများကို ထိခိုက်စေမှုအများအပြားမရှိအောင် ကန့်သတ်ချက်ကို မည်သို့ အနိမ့်ဆုံးထားသင့်ကြောင်းကိုလည်း ထပ်မံစဉ်းစားရန်လိုပါမည်။

အချုပ်အားဖြင့်ဆိုရသော် အခြေခံဥပဒေ၏တာဝန်မှာ လူ့အဖွဲ့အစည်းအား စောင့်ရှောက်၍လမ်းဖွင့်ပေးခြင်းပင်ဖြစ်ပေသည်။ လူထုအဓိကလူ့အဖွဲ့အစည်း၏ အယူအဆမှာလည်း လူ့အဖွဲ့အစည်းအား ထောက်ပံ့၍လွတ်လပ်စေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များသည် လူ့အဖွဲ့အစည်းအတွက် စောင့်ရှောက်၍ လမ်းဖွင့်ပေးသော ပြဋ္ဌာန်းချက်များဖြစ်ရန်လိုပြီး လူထုအဓိကလူ့အဖွဲ့အစည်း၏ အယူအဆအပေါ်တွင် အားပေးသည့် ပြဋ္ဌာန်းချက်များဖြစ်ရန်လိုပါသည်။ ၎င်းအပြင် ယင်းအခြေခံဥပဒေ၏တာဝန်နှင့် လူထုအဓိကလူ့အဖွဲ့အစည်း၏ အခြေခံအယူအဆအခြေခံအပေါ်တွင် ဟန်ချက်ညီညီနှင့် အပြန်အလှန်ထိန်းညှိပြီးသွားနိုင်ပါက အနာဂါတ်လူ့အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီထွန်းကားရေးနှင့် ခိုင်မာကျစ်လစ်သော ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် အဓိကအင်အားတရပ်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။

လူ့အခွင့်အရေး

# ရရှိပြီးဟုဆိုသော မြန်မာအမျိုးသမီးအခွင့်အရေး

ဒေါ်မော်သီ*

ယနေ့ကာလတွင် အမျိုးသမီးအခွင့်အရေးအတွက် အထူးသဖြင့်အာရှနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှား တိုက်ပွဲဝင်နေချိန်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် လူ့အခွင့်အရေး အဆိုးဝါးဆုံး ချိုးဖေါက်ခံနေရသည့် စာရင်းဝင်နိုင်ငံဖြစ်ကြောင်း အသိအမှတ်ပြု ထားကြပါသည်။ ပြည်ပ၌ မြန်မာအမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်နေသူတဦး အနေဖြင့်၊ အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို တွေ့မြင်ဖတ်ရှုရလျှင် အတိုင်းမသိဝမ်းမြောက်လေ့ရှိပါသည်။ တနေ့တွင် မိတ်ဆွေတဦးကတဆင့် မြန်မာအမျိုးသမီးများရရှိပြီး အခွင့်အရေးများနှင့်ဆိုင်သော ဥပဒေ ကောက်နုတ်ချက် စာအုပ် ကိုရရှိခဲ့၍ ဝမ်းလည်းသာမိ၏ အံ့လည်းအံ့ဩမိပါသည်။ မြန်မာနိုင်ငံကဲ့သို့ လူ့အခွင့်အရေးအချိုးဖေါက်ဆုံးနိုင်ငံ၊ လွတ်လပ်သည့် အမျိုးသမီးအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်မရသည့်နိုင်ငံ၌ အမျိုးသမီးအခွင့်အရေးများ ရရှိထားပြီးဖြစ်ကြောင်း ဥပဒေပြဋ္ဌာန်းချက်ကို ကောက်နုတ်ဖေါ်ပြပေးသော ဤစာအုပ်ကို တွေ့မြင်လိုက်ရသူတိုင်း အံ့ဩမည်မှာ အမှန်ပင်ဖြစ်သည်။ စစ်အာဏာရှင် စနစ်အောက်တွင် ဤပြဋ္ဌာန်းချက်များက အမျိုးသမီးအခွင့်အရေးများကို အမှန်ပင် အကာအကွယ်ပေးထား ကြောင်း၊ ဤဥပဒေများသည် အမျိုးသမီးအခွင့်အရေးချိုးဖေါက်ခံရမှုအတွက် တကယ်ပင် အသုံးချ၍ ရနေပြီဖြစ်ကြောင်း ယူဆပါက တက်တက်စင်အောင်လွဲသွားပေလိမ့်မည်။

မြန်မာအမျိုးသမီးများရရှိပြီးအခွင့်အရေးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လက်စွဲများမှ ကောက်နုတ်ချက်များဟု အမည်ပေးထားသော အဆိုပါစာအုပ်သည် စာမျက်နှာအားဖြင့် ၅၀ ခန့် ရှိပြီး၊ အခန်း (၇) ခန်းပါရှိသည်။ အမျိုးသမီးများနှင့်ပါ စပ်ဆိုင်သော ကိုလိုနီခေတ်နှောင်းဥပဒေ၊ ပါလီမန်ဒီမိုကရေစီခေတ်ဥပဒေ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် ဥပဒေများနှင့် လက်ရှိစစ်အစိုးရ ပြဋ္ဌာန်းဥပဒေများကို စုစည်းဖေါ်ပြထားသော ဥပဒေ သက်သက် စာအုပ်တအုပ်သာဖြစ်သည်။ ဤစာအုပ်သည် ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပေးသည့် အမျိုးသမီးများ၏ အခွင့်အရေးများကို ရည်ညွှန်းထားခြင်းဖြစ်သည်။ သို့ဖြစ်၍သာမန်အားဖြင့် ဤစာအုပ်ကိုကြည့်လိုက်ပါက မြန်မာအမျိုးသမီးများ အခွင့်အရေးများရရှိနေကြပြီး ဥပဒေများ၏ အကာ

အကွယ်ကိုရရှိနေကြသည်ဟု ထင်မြင်စရာအကြောင်းရှိပေသည်။

ဥပဒေတရပ်ပြဋ္ဌာန်းလိုက်ရုံဖြင့် အခွင့်အရေးရရှိပြီးဖြစ်သွားပါသလား။ စင်စစ် ဥပဒေတရပ်ကိုပြဋ္ဌာန်းပြီးသည်နှင့် ထိုပြဋ္ဌာန်းချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်၊ ဆောင်ရွက်နိုင်သော အခြေအနေရှိရန် လိုပါသည်။ လက်ရှိစစ်အစိုးရခေတ်၌ ယခင်ပြဋ္ဌာန်းထားသော ဥပဒေများပါအခွင့်အရေးကို မဆိုထားနှင့် စစ်အစိုးရက ပြဋ္ဌာန်းထားသော ဥပဒေများပါ အခွင့်အရေးများကို လက်တွေ့ကျင့်သုံးနိုင်ခွင့်မရှိပေ။ ဤကဲ့သို့ကျင့်သုံးနိုင်ခွင့် မရသော အခွင့်အရေးကို ကျင့်သုံးဆောင်ရွက်နိုင်ခွင့် ရနေသယောင်ယောင် မြန်မာအမျိုးသမီးများ၏ ရရှိပြီး အခွင့်အရေးများဟု ညွှန်းဆိုခြင်းသည် သဘောရိုးဖြင့်တော့မဟုတ်နိုင်ပါ။

**ထိုစာအုပ်၏ ပထမ အခန်း၌ ဓလေ့ထုံးတမ်းဥပဒေတွင်ပါရှိသော အမျိုးသမီးများ၏ အခွင့်အရေး များကို ဖေါ်ပြထားပါသည်။**

အထူးသဖြင့် ဤအခန်းတွင် (၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာအမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ) ပါ ဥပဒေများကို ကောက်နှုတ်ဖေါ်ပြထားသည်။ ဤဥပဒေမှာ ဗုဒ္ဓဘာသာဝင်မဟုတ်သော အမျိုးသားနှင့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့ အိမ်ထောင်ပြုခြင်းကိစ္စနှင့် မြန်မာဗုဒ္ဓဘာသာဝင်တို့ အမွေခွဲဝေခြင်းကိစ္စအတွက်ပြဋ္ဌာန်းသော ဥပဒေဖြစ်သည်။ ဤဥပဒေကိုကွက်၍ထောက်ပြရုံမျှဖြင့် မြန်မာတနိုင်ငံလုံးတွင်ရှိသော အမျိုးသမီးအားလုံးတို့ အမျိုးသမီးအခွင့်အရေးရရှိနေပြီဟူ၍ မဆိုနိုင်သေးပါ။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြပြီး မတူညီသော ဓလေ့ထုံးတမ်းများရှိသည်၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုများဟူ၍ ဘာသာအယူဝါဒ အမျိုးမျိုး လည်းရှိပါသည်။ ဓလေ့ထုံးတမ်းများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သော လူနေမှုပုံစံ၊ လူမှုရေး စီးပွားရေးပုံစံ တို့ပေါ်တွင်အခြေပြုလာခြင်းဖြစ်သည်။ ယနေ့လက်ရှိကာလ၏ ပြောင်းလဲလာခဲ့ပြီး ဖြစ်သည့် လူနေမှုပုံစံ စီးပွားရေးပုံစံ များကိုလည်း ထည့်သွင်းစဉ်းစားကာ အမျိုးသမီးများအတွက် မျှတမှုရှိသည့် ပစ္စည်းခွဲဝေမှု၊ အမွေခွဲဝေမှုတို့ကို ဖေါ်ဆောင်သင့်သည်မဟုတ်ပါလား။ အရိုးအရင်းရရုံမျှနှင့် အမျိုးသမီးအခွင့်အရေးများ ရရှိပြီး၊ ရရှိနေသည်ဟုဆို၍မရနိုင်ပါ။

**ထိုစာအုပ်၏ ဒုတိယ အခန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အမျိုးသမီးများ၏ အခြေခံရပိုင်ခွင့်များကို ဖေါ်ပြထားသည်။**

ဤအခန်း၌ မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများကို ညွှန်းဆိုကာ ထိုဥပဒေများပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ကောက်နှုတ်ဖေါ်ပြထားသည်။ မြန်မာနိုင်ငံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေအား ၁၉၄၇ ခုနှစ် အခြေခံဥပဒေက လွှမ်းမိုးသွားပြီးဖြစ်ရာ ဆက်သုံးခွင့်မရှိတော့ပေ။ ၁၉၄၇ ခုနှစ်အခြေခံဥပဒေအားလည်း ၁၉၆၂ ဦးနေဝင်း အာဏာသိမ်းစဉ်က ဖျက်သိမ်းပစ်ခဲ့၍ ဆက်လက်မသုံးတော့ပါ။ ၁၉၇၄ ခုနှစ် အခြေခံ ဥပဒေကိုလည်း လက်ရှိနဝတ (နအဖ) စစ်အစိုးရက ၁၉၈၈ ခုနှစ်ကတည်းက ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။ သုံးခွင့်မရှိတော့သည့် ဥပဒေပြဋ္ဌာန်းချက်များကို သုံးခွင့်ဆက်ရှိနေသယောင် ရရှိပြီး အမျိုးသမီး အခွင့်အရေးများဟုထောက်ပြခြင်းသည် မသိနားမလည်၍လား သို့မဟုတ် မြန်မာပြည်ရှိအမျိုး

သမီးထုကို မသိနားမလည်သူများဟု သဘောထား၍လား မပြောတတ်ပေ။

အခြေခံဥပဒေဟူသည် နိုင်ငံသားများ၏အခွင့်အရေးကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များ ပါရှိရစမြဲ ဖြစ်သည်။ နိုင်ငံသားများ၏ အခွင့်အရေးချိုးဖေါက်ခြင်းမခံရအောင် အခြေခံဥပဒေက အကာအကွယ်ပေးထားခြင်း ဖြစ်သည်။ နိုင်ငံသားများ၏ အခွင့်အရေးကို ချိုးဖေါက်သူမှာ အစိုးရများဖြစ်ပြီး ချိုးဖေါက်ခံရသူမှာ ပြည်သူများဖြစ်ကြသည်။ လက်ရှိစစ်အစိုးရသည် ကမ္ဘာတွင်လူ့အခွင့်အရေး အချိုးဖေါက်ဆုံး အစိုးရအဖြစ် ကျော်ကြားလျက်ရှိပေသည်။ နိုင်ငံသားများအတွက် အခွင့်အရေးကို အာမခံ၍ အကာအကွယ်ပေးသော အဓိကဥပဒေ မြန်မာပြည်၌ မရှိသည်မှာ နှစ်ပေါင်းအတော်ကြာပေပြီ။ အကန့်အသတ်များစွာဖြင့် အခွင့်အရေးများကို အကာအကွယ်ပေးထားသည်ဟုဆိုနိုင်သော ဥပဒေပါ အခွင့်အရေးများသည်ပင်လျှင် ရုပ်သိမ်းခြင်းခံထားရသည် မဟုတ်ပါလား။

**တတိယ အခန်းတွင်မူ ရွေးကောက်ပွဲဥပဒေများပါအမျိုးသမီးများ၏ အခွင့်အရေးများကို ဖေါ်ပြထားသည်။**

၎င်းအပိုင်းတွင် ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲဥပဒေ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၄/၈၉) များကို ကောက်နုတ်တင်ပြထားသည်။ ၁၉၄၈ ခုနှစ်ပါလီမန် ရွေးကောက်ပွဲဥပဒေနှင့်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ များသည်လည်း ပယ်ဖျက်ထားပြီးဖြစ်ပေသည်။ ၎င်းဥပဒေများတွင်လည်း နိုင်ငံသားများ၏မဲပေးပိုင်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်များကို ယေဘုယျပြဋ္ဌာန်းထားခြင်းသာဖြစ်ပါသည်။ ဥပဒေတရပ်ကို ပယ်ဖျက်လိုက်ပါက ဥပဒေပါအခွင့်အရေးများသည် ဆက်လက်ကျင့်သုံးခွင့် ရှိသေးသည်ဟု မဆိုနိုင်တော့ပါ။ ၎င်းသို့မကျင့်သုံးနိုင်သည့်ကိစ္စကို မကျင့်သုံးနိုင်သည့် အခွင့်အရေးကို ကျင့်သုံးနိုင်သယောင်၊ ရှိနေသယောင်ဖော်ပြထားသေးသည်။

၁၉၈၉ ခုနှစ် စစ်အစိုးရမှပြဋ္ဌာန်းရွေးကောက်ပွဲဥပဒေသစ်တွင်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဝင်နိုင်ခွင့်၊ မဲပေးခွင့်များသည် မည်သည့်နိုင်ငံကရွေးကောက်ပွဲဥပဒေတွင်မဆို ပါဝင်လေ့ရှိသော ယေဘုယျအချက်များသာဖြစ်သည်။ အမျိုးသမီးများအတွက် ထူးထူးခြားခြား အခွင့်အရေးများ ဖော်ပြထားခြင်းမရှိပေ။ ရွေးကောက်ပွဲဝင်ခြင်းသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံရေးအခွင့်အရေးအား ဆောင်ရွက်ခြင်းဖြစ်သည်။ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အနိုင်ရထားသော အမျိုးသားများနှင့် အမျိုးသမီး (အနည်းငယ်) တို့မှာ နိုင်ငံရေးလုပ်ခွင့် အခွင့်အရေးမရရှိအောင်ပိတ်ပင်ချုပ်ချယ်ထားသည်မှာ ၁၀ စုနှစ်ကျော်ကာလတခုအတွင်းပင်ရောက်ရှိနေပေပြီ။ စစ်အစိုးရသည်၎င်းတို့ ပြဋ္ဌာန်းထားသော ဥပဒေကို ၎င်းတို့ကိုယ်တိုင်ကချိုးဖေါက်နေခြင်း မဟုတ်ပါလား။ ၎င်းသို့ဆိုလျှင် ရွေးကောက်ပွဲဥပဒေသည် အသက်ရှင်လျက်ရှိသည်၊ အသုံးချ၍ရသည်ဟုမဆိုနိုင်ပါ။ အသုံးပြုခွင့်မရသည့် အခွင့်အရေးကို အသုံးပြုခွင့်ရနေသယောင် ဆက်လက်ကျင့်သုံးကြသယောင် ရရှိပြီးအခွင့်အရေးဟု အသိပေးတင်ပြခြင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် သဘောရိုးဖြင့် တင်ပြခြင်းတော့ ဟုတ်ဟန်မတူပေ။

**ထိုစာအုပ်၏ စတုတ္ထအခန်းတွင် အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ၏ အမျိုးသမီးများနှင့် စပ်ဆိုင်သော ပြဋ္ဌာန်းချက်များကိုဖော်ပြထားသည်။**

ဤအပိုင်းတွင် The Mines Act ( India Act IV 1923) ကိုလည်းကောင်း၊ ရေနံမြေအလုပ်သမားများနှင့် သက်သာချောင်ချိရေးအက်ဥပဒေ (၁၉၅၁)၊ အလုပ်ရုံများ အက်ဥပဒေ (၁၉၅၁)၊ လူမှုဖူလုံရေးအက်ဥပဒေ (၁၉၅၄)၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေ (၁၉၆၄)နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများမှ ပြဋ္ဌာန်း ချက်များကို ကောက်နုတ်ဖော်ပြထားသည်။ ၁၉၅၁ ခုနှစ်ကပြဋ္ဌာန်းထားသော ဥပဒေများထဲမှ အမျိုးသမီးများအား အိမ်သာသီးသန့်ထားပေးခြင်းကို ရေးကြီးခွင်ကျယ် အခွင့်အရေးတရပ် အဖြစ် ကောက်နုတ်ဖော်ပြထားကြောင်းတွေ့ရသည်။

ဤစာအုပ်တွင် အလုပ်သမားအခွင့်အရေးနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို သာဖော်ပြထားပြီး ဤအခွင့်အရေးများ ချိုးဖောက်ခြင်းမခံရအောင် မည်သို့အကာအကွယ် ပြုထားပေးကြောင်းမပါဝင်ပေ။ ကာကွယ်ပေးမည့်ဥပဒေများ မရှိ၍သာဖြစ်၏။ အလုပ်သမား၏ အခွင့်အရေးချိုးဖောက်ခံရပါက အလုပ်သမားများဘက်မှရပ်တည်ကာ အကာ အကွယ်ပြုပေးမည့် လွတ်လပ်သောအလုပ်သမား သမဂ္ဂများဖွဲ့စည်းစေနိုင်သည့် ဥပဒေများကား မရှိပေ။ လွတ်လပ်သည့် အလုပ်သမားသမဂ္ဂများရှိခဲ့ပါမူ ၁၉၇၄ ခုနှစ်က ပြည်တွင်းစားဝတ်နေရေး ကြပ်တည်းမှုကြောင့် အလုပ်သမားများလစာ တိုးတောင်းရာမှ ပေါ်ပေါက်လာသော အလုပ်သမား ဆန္ဒပြမှုတွင်ပါဝင်ကြသည့် အလုပ်သမားခေါင်းဆောင်များအား အလုပ်ထုတ်ခံခဲ့ရခြင်း၊ နှစ်ရှည်ထောင်ချခံခဲ့ရခြင်းတို့မှ အကာအကွယ်ပေးနိုင်ခဲ့မည်ဖြစ်သည်။

ဤစာအုပ်တွင် လယ်သမားများ၏ အခွင့်အရေးပြဋ္ဌာန်းချက်ဆိုင်ရာ ဥပဒေများကို ဖော်ပြထားခြင်းမတွေ့ရပေ။ ဥပဒေ မရှိ၍ဖြစ်ပေမည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတနိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏သုံးပုံနှစ်ပုံနီးပါးမှာ ကျေးလက်ဒေသများတွင်နေထိုင်ကြသော တောင်သူလယ်သမားများဖြစ်ကြသည်။ မြန်မာနိုင်ငံ လူဦးရေ၏ထက်ဝက်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ သို့ဖြစ်လျှင် မြန်မာ့လူဦးရေ၏ သုံးပုံတပုံနီးပါးမှာ တောင်သူလယ်သမား အမျိုးသမီးများဖြစ်ကြသည်။ ဤအမျိုးသမီးလယ်သမားများ၏ အခွင့်အရေးကို ဥပဒေဖြင့် မည်သို့ အကာအကွယ် ပေးထားသနည်း။ အတင်းအကြပ်ပေါ်တာဆွဲ မတရားခိုင်းစေခြင်းခံနေရသော ကျေးလက်ဒေသနေ တောင်သူလယ်သမားအမျိုးသမီးများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် မည်သို့မျှအကာအကွယ် ပေးနိုင်စွမ်းမရှိပေ၊ အကာအကွယ် ပေးနိုင်မည့် ဥပဒေပြဋ္ဌာန်းလာစေရန် လုပ်ဆောင်နိုင်မည့် အစီအစဉ်လည်းရှိပုံမပေါ်ပေ။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရ အုပ်ချုပ်လာသောကာလများအတွင်း မြန်မာနိုင်ငံ စီးပွားရေး အကြပ်အတည်းကြုံလာရသည်။ စီးပွားရေးအကြပ်အတည်းဒဏ်ကို ကျေးလက်ဒေသနေပြည်သူများက အခံရဆုံး ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသနေ ကလေး၊ အမျိုးသမီး၊ အမျိုးသားများ တဘက်နိုင်ငံများသို့တရားမဝင် သွားရောက် အသက်မွေးဝမ်းကြောင်းပြုကြသည်။ တဖက်နိုင်ငံတွင်ရရာအလုပ်ကိုလုပ်ကိုင်ကြသည်။ အိမ်ဖော်အဖြစ်၊ စားသောက်ဆိုင်များတွင် ပုဂံဆေးအဖြစ်၊ ပြည့်တန်ဆာများအဖြစ် အလုပ်လုပ်ကြသည်။ ၎င်းတို့သည် ဖိနှိပ်ခံရမှု၊ ခွဲခြားဆက်ဆံခံရမှု၊ ဘဝဖျက်ဆီးခံရမှု၊ စသည်ဖြင့်ခံကြရသည်။ ၎င်းတို့နှင့်အတူပါသွားကြသော

ခလေးများ ပညာသင်ခွင့် အခွင့်အလမ်း ဆုံးရှုံးကြရသည်။ စီးပွားရေး အကြပ်အတည်းက အပိုင်းတပိုင်းဖြစ်သလို၊ တာဝန်ကျေ စပါးပေးသွင်းရခြင်း၊ အခွန် အမျိုးမျိုးပေးရခြင်း၊ အဓမ္မ လုပ်အားပေးခေါ်ခံရခြင်း၊ ပေါ်တာဆွဲခံရခြင်းစသည့်ဒဏ်များက တဖက်နိုင်ငံသို့ထွက်သွား စေခြင်း၏ အဓိက အကြောင်းအချင်းရာများဖြစ်သည်။ ဤကိစ္စများအတွက် ဥပဒေက မည်သို့ မျှ အကာအကွယ်ပြုနိုင်ခြင်း မရှိသလို မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက လည်း မည်သို့မျှ ကာကွယ်ဆောင်ရွက်ပေးနိုင်သည့် စွမ်းအင်ရှိသည်မဟုတ်ပေ။

**ပဋ္ဌမအခန်းတွင်မူ ရာဇသတ်ကြီးဥပဒေပါ အမျိုးသမီးများ စပ်ဆိုင်သော ပြဋ္ဌာန်းချက်များကိုဖေါ်ပြထားပါသည်။**

**ပုဒ်မ ၃၁၂ –** ကိုယ်ဝန်ဆောင်အမျိုးသမီး ကိုယ်ဝန်ကိုဖျက်ချစေရန် ပြုလျှင် ၃ နှစ် အထိ ထောင်ဒဏ်တမျိုးမျိုး သို့မဟုတ် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုဖော်ပြထားပါသည်။ မိမိကိုယ်ဝန်ကို မိမိပျက်စေသည့် အမျိုးသမီးသည် ဤပုဒ်မပါ အဓိပ္ပါယ်တွင် အကျုံးဝင်သည်ဟုလည်းပါရှိသည်။

ဤဥပဒေသည် ကိုယ်ဝန်ဖျက်ချခြင်းကိုတားဆီးသည့်ဥပဒေဖြစ်သည်။ အမျိုးသမီး အခွင့်အရေးများကို အကာအကွယ်ပေးသည်ဆိုလျှင် အပြည့်အဝမှန်သည်ဟုမဆိုနိုင်ပါ။ ဥပမာ အဓမ္မမုဒိမ်းပြုကျင့်ခံရ၍ ကိုယ်ဝန်ရှိလာခဲ့သော် မွေးလာမည့်ခလေးသည် ပတ်ဝန်းကျင် အသိုင်းအဝန်းတွင် မျက်နှာငယ်ရမည်ကိုမလိုလားသူ။ အဖေမပေါ်ဘဲရရှိမည့် ခလေးကိုလည်း မလိုလားသူ ထိုကာယကံရှင်အမျိုးသမီးအနေဖြင့် ကိုယ်ဝန်ကိုဆက်ဆောင်ထားရမည်လား၊ ဖျက်ချရမည်လား။ ဖျက်ချပါက ဤပြစ်မှု ဆိုင်ရာဥပဒေအရ အပြစ်ဒဏ်ထိုက်သင့်မည်ဖြစ်ပါ သည်။ ဤသို့ဆိုလျှင် သည်ဥပဒေသည် အမျိုးသမီး၏ အခွင့်အရေးကို အကာအကွယ်ပေးထား သည်ဟု မဆိုနိုင်ပါ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ (က)၊ ၃၆၆ (ခ) တို့တွင် ၁၈ နှစ်အောက် မိန်းခလေးနှင့် အသက် ၂၁ နှစ်အောက်မိန်းခလေးတို့ အနိုင်အထက်ပြုကျင့်စေခြင်းဖြင့်ဖြစ်စေ၊ ကာမ သွေး ဆောင်အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ ကာမစပ်ယှက်စေရန်စသည့် ကျူးလွန်မှုများ အတွက် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။

ထို့အတူ **ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၆** တွင် မုဒိမ်းမှုကျူးလွန်သူကို တသက် တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ ချမှတ်ရနိုင်သလို ငွေဒဏ် အပါအဝင် ဒဏ်နှစ်ရပ်စလုံးချမှတ်နိုင်သည်ဟုပါရှိပါသည်။

ဤပြဋ္ဌာန်းချက်များသည် မုဒိမ်းမှုမဖြစ်စေရန် ကာကွယ်ပြဋ္ဌာန်းထားသော်လည်း အမျိုးသမီးထုတရပ်လုံးအတွက် အကာအကွယ် ပေးနိုင်ခြင်းမရှိပေ။ ထို့အတူ ဥပဒေကြောင်း အရ အရေးယူဆောင်ရွက်မှုမှာလည်း နိုင်ငံသားအားလုံး တပြေးညီတည်းမရှိပေ။ သာမန် အရပ်သားများမုဒိန်းမှုကျူးလွန်ပါက အထက်ပါဥပဒေဖြင့် အရေးယူခံရနိုင်သော်လည်း မြန်မာပြည်တနံတလျားတွင် နေ့စဉ်နှင့်အမျှ မုဒိန်းမှုကျူးလွန်နေသော တပ်မတော်သား အရာ ရှိအရာခံ အကြပ်တပ်သားများအတွက်မူ လိုင်စင်ရထားသည့်အလားပင်။ ကျေးလက် ဒေသတွင်ရာပေါင်း ထောင်ပေါင်းများစွာသော အမျိုးသမီးများအတွက်မူ ဥပဒေအရ အကာ အကွယ်ရယူနိုင်ခြင်းမရှိသည်မှာ ဆယ်စုနှစ်ပေါင်းများစွာရှိခဲ့ပြီ ဖြစ်သည်။ ဤဥပဒေကား

အမျိုးသမီးများ မုဒိန်းပြုကျင့်ခံရခြင်းမှ ကာကွယ်ပေးထားသည့်ဥပဒေဖြစ်သော်လည်းဥပဒေကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းခြင်းကြောင့် ဥပဒေ၏ အကာအကွယ်သည် လုံခြုံမှုမရှိပေ။

**အခန်း (၆) တွင် အမျိုးသမီးများ၏ လူမှုရေးဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်းသည့် အထူးဥပဒေပါပြဌာန်း ချက်များ ကိုဖေါ်ပြထားသည်။**

**၁၉၄၉ ခုနှစ် ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေ** ဆိုသည့်အောက်တွင် ပြည့်တန်ဆာများနှင့် ပြည့်တန်ဆာများကိုမှီခိုနေသူများ ပြည့်တန်ဆာအိမ်တွင်တွေ့သော အမျိုးသမီးများအားအရေးယူဆောင်ရွက်နိုင်မှုများကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးချွတ်ခြုံကျနေမှုက ၁၀ စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီးဖြစ်သည့်အလျောက်ပြည်သူတို့၏ စားဝတ်နေရေးသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုကြပ်တည်းကြလာသည်။ အိမ်ရှိလူကုန် ထွက်အလုပ် လုပ်ကြမှသာ နပ်မှန်အောင်စားရသည့် အခြေအနေဖြစ်သည်။ စီးပွားရှာဖွေရသည်မှာလည်း အလွန်ခက်ခဲကြသည်။ ထိုကြပ်တည်းမှုဒဏ်ကိုအမျိုးသမီးများက အခံရဆုံးဖြစ်သည်။ အလုပ်ရှာမရ၊ ရင်းနှီးစားရန်ငွေမရှိ၊ အလုပ်ရမည် ပြောဆိုခေါ်ပြီးအဖျက်ဆီးခံရ၊ နောက်ဆုံးမထူးဇာတ်ခင်းကာခန္ဓာကိုယ်နှင့်ရင်းနှီးပြီး စီးပွားရှာ ရသည့်ဘဝရောက်ကြရသည်။ မိဘများသည်ပင် လုစ်လျူရှုနေကြရသည့်အဖြစ်မျိုး ကြုံနေကြသည့်အချိန်အခါဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေဖြင့် အဖမ်းခံပြီးလွတ်လာသည့်အခါလည်း တခြားလုပ်ကိုင်စားရန် ရင်းနှီးငွေလည်းမရှိ စာရိတ္တမကောင်းဟုလူအများကသတ်မှတ်ကာ အလုပ်လည်းမပေးကြသဖြင့် ခန္ဓာကိုယ်ရင်း စားရုံမှအပအခြားအလုပ်မရှိသည့်အတွက် လုပ်ငန်းဟောင်းကို ပြန်လုပ်ပြီး အကြိမ်ကြိမ်ထောင် ကျရသည့်အမျိုးသမီးများ လည်းရှိပါသည်။ ပြည့်တန်ဆာလုပ်ငန်းလျော့ပါးသွားရေးအတွက်မူလူမှုအသိုင်းအဝန်းအတွင်း အမြင်သဘောထားပြောင်းစေမည့် ပညာပေးမှုများဆောင်ရွက်ခြင်း၊ ပြည့်တန်ဆာတဖြစ်လဲ အမျိုးသမီးများအတွက် ဘဝသစ်ထူထောင်ရန် အသေးစားငွေချေးလုပ်ငန်းများ ထူထောင်ပေး ထားခြင်းများမရှိသလို၊ ပညာပေးရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် လွတ်လပ်သောအမျိုးသမီးအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်နိုင်ခွင့်လည်း မရှိပေ။

**အခန်း(၇)တွင်အမျိုးသမီးများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းသည့်ဥပဒေကို ကောက်နှုတ်ဖေါ်ပြထားသည်။**

ဤကောက်နှုတ်ဖေါ်ပြချက်၌ ပိုးသတ်ဆေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၀)၊ သူနာပြုနှင့်သားဖွားဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁၉/၉၀)၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ (ဥပဒေအမှတ် ၂၁/၉၀) တို့ကို ဖော်ပြထားပါသည်။

ကောက်နှုတ်ဖေါ်ပြချက်တွင် ပိုးသတ်ဆေး ဥပဒေပုဒ်မ ၃၆ ကိုဖေါ်ပြထားသည်။ ဤပုဒ်မ၌ အသက် ၁၆ နှစ်အောက်နှင့်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား သို့မဟုတ် နို့တိုက်နေသောကလေးမိခင်ကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင် မခိုင်းစေရန် ပြဌာန်းထားသည်။

သို့သော် စီးပွားရေးအဆင်မပြေမှုအခြေအနေအရ ထိုအမျိုးသမီးများက လုပ်ကိုင်

ဆောင်ရွက်မည်မှာသေချာပေသည်။ သို့ဖြစ်၍ ဤဥပဒေသည် ထိရောက်သော အကာအကွယ်ပေးထားသည်ဟု မဆိုနိုင်ပေ။

ထို့အတူ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥပဒေသည်လည်း၊ ဥပဒေပြဋ္ဌာန်းချက်သာရှိပြီး လက်တွေ့အကောင်အထည်ဖော်၊ အကာအကွယ်ပေးနိုင်မှုမရှိပေ။ မြန်မာနိုင်ငံသည် မွေးကင်းစခလေးဖွား သေနှုန်းသည် ကမ္ဘာပေါ်တွင် တတိယအများဆုံးနိုင်ငံဖြစ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှထုတ်သည့်စာတမ်းတွင် ဖော်ပြထားသည်။ ဤအခြေအနေသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥပဒေ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု မထိရောက်ကြောင်း သိသာပေသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် မြန်မာအမျိုးသမီးများ၏ ရရှိပြီးအခွင့်အရေးများဆိုင်ရာ ဥပဒေ ကောက်နုတ်ချက် စာအုပ်သည် စစ်အစိုးရ၏ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မီတီက ၁၉၉၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့် မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ် ဩဂုတ်လ (၂၁) ရက်နေ့တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုများအားလုံးဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW) Convention on the Elimination of All Forms of Discrimination Against Women ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် (၈) လ အကြာတွင် အမျိုးသမီးရေးရာ ကော်မတီက ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားရှိသော ဥပဒေများတွင် အမျိုးသမီးများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များကို ကောက်နုတ်ဖော်ပြခြင်းအားဖြင့် မြန်မာအမျိုးသမီးများ အခွင့်အရေးကင်းမဲ့နေခြင်းမရှိကြောင်း၊ အမျိုးသမီးများအတွက် အခွင့်အရေးများကို ဥပဒေဖြင့် အခိုင်အမာပြဋ္ဌာန်းထားကြောင်းကို မြန်မာအမျိုးသမီးထုနှင့် ကမ္ဘာ့အဖွဲ့အစည်းများကို သိစေလိုသည့်သဘောဖြစ်ဟန်တူသည်။ အမှန်အားဖြင့် မြန်မာအမျိုးသမီးများ အမျိုး သမီးအခွင့်များ ရရှိခံစားနေကြရကြောင်း ထင်ယောင်ထင်မှားဖြစ်စေရန် ဖော်ပြထားခြင်းသာ ဖြစ်သည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း လူ့အခွင့်အရေးချိုးဖေါက်သူမှာ အစိုးရများဖြစ်ပြီး ချိုးဖေါက်ခံရသူမှာ ပြည်သူများဖြစ်သည်။ အခွင့်အရေးချိုးဖေါက်ခြင်းခံရပါက တရားရုံးများက ဘက်လိုက်မှုကင်းစွာ တရားမျှတစွာ အရေးယူ အကာအကွယ်ပေးရမည်ဖြစ်သည်။ ပြည်သူ များအားထားလောက်သည့် တရားရုံးဖြစ်ရန် လွတ်လပ်သော တရားစီရင်ရေးစနစ်ရှိရန် လိုအပ်သည်။ မြန်မာပြည်၌မူ လွတ်လပ်သော တရားရုံးများမရှိပါ။ ဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းထားရှိစေကာမူ ထိုဥပဒေ ပြဋ္ဌာန်းချက်များကို ချိုးဖေါက်ခြင်းခံရပါက ပီပြင်စွာ အရေးယူနိုင်သည့် လွတ်လပ်သော တရားရုံးများမရှိခြင်းက ထိုဥပဒေများသည် လူထုကို အကာအကွယ် ဖြစ်စေနိုင်ခြင်းမရှိပေ။ ထို့အပြင် အမျိုးသမီးများ၏ အခွင့်အရေး အကာအကွယ်ရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်ပေးမည့် လွတ်လပ်သော အမျိုးသမီးအဖွဲ့အစည်း များလည်း မြန်မာနိုင်ငံတွင်မရှိပေ။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ရေးရာကော်မတီသည် အမျိုးသမီးအခွင့်အရေးအတွက် ဦးဆောင်ဦးရွက်ပြုကာ အကာအကွယ်ပေးသောအဖွဲ့အစည်း မဟုတ်ပေ။ ဗိုလ်ချုပ်ခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်နေသော ထိုအမျိုးသမီးကော်မတီသည် အမျိုးသမီး အခွင့်အရေးကာကွယ်ရေးကို လှုပ်ရှားဆောင်ရွက်ခြင်းထက် အမျိုးသမီး

အခွင့်အရေးချိုးဖေါက်သော စစ်အစိုးရအား အကာအကွယ်ပေးသော အမျိုးသမီး အဖွဲ့သာ ဖြစ်ပေသည်။

*[ဒေါ်မော်လီသည် မြန်မာနိုင်ငံရှေ့နေများကောင်စီအဖွဲ့ဝင်ဖြစ်ပြီး၊ မဟာမိတ်ဆက်ဆံရေး တာဝန်ခံ မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ ဖြစ်သည်။]

ဖက်ဒရယ်ပြည်ထောင်စုရေးရာ

# ကရင်နီ သမတ ခူးဗျားရယ်နှ င့် တွေ့ဆုံမေးမြန်းချက်

(ကရင်နီသမတ ခူးဗျားရယ်နှင့်တွေ့ဆုံမေးမြန်းချက်ကို အင်္ဂလိပ်လိုထုတ်ဝေသော Legal Issue on Burma စာစောင် အမှတ် (၁၄) တွင်လည်းဖေါ်ပြထားသည်။ ဤအခြေခံဥပဒေရေးရာစာစောင်တွင် တွေ့ဆုံမေးမြန်းခန်း၏ အခြေခံဥပဒေနှင့်ဆိုင်သော ဖြေကြားချက်များကိုသာ ဖေါ်ပြထားပါသည်)

**✍ မေး – ငြိမ်းချမ်းသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အဓိကအခန်း မှ ပါဝင်နေပါသလား။**

✍ **ဖြေ –** ငြိမ်းချမ်းသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အဓိက အခန်းမှ မပါဝင်သော်လည်း အရေးကြီးသော အခန်းတွင် ပါဝင်ပါတယ်။ ဘာဖြစ်လဲဆိုရင် အခြေခံဥပဒေသည် ပဋိပက္ခဖြစ်နေသော အဖွဲ့အစည်းများ၏ အနာဂါတ်အာမခံချက်များကို ပြဌာန်းပေးသောကြောင့် ဖြစ်နေသောပဋိပက္ခ ဖြစ်နေသောအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဘက်သို့ ဆွဲဆောင်ပေးနိုင်ပါတယ်။ အမှန်မှာ တွေ့ဆုံဆွေးနွေးပြီးနိုင်ငံရေးနည်းဖြင့် အဖြေရှာ ဖြေရှင်းတာဖြစ်ပါတယ်။

**✍ မည်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မိမိတို့နိုင်ငံနှင့် သင့်တော်သည်ဟု ထင်မြင်ပါသလဲ။**

✍ တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ တရားမျှတမှုနှင့် ဒီမိုကရေစီကို အခြေခံသည့် ဖက်ဒရယ်ဥပဒေသည် သင့်တော်သည်ဟု ထင်ပါတယ်။ ဘာဖြစ်လဲဆိုရင် မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံဖြစ်လို့ပါဘဲ။

**✍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်အသုံးပြုလိုပါသလား။**

✍ ယခုအခါ ကမ္ဘာပေါ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ဟာ အကြီးအကျယ်ဖြစ်ပေါ်တိုး

တက်ပြောင်းလဲနေပါတယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်အသုံးပြုမယ်ဆိုရင် ပြုပြင်ဖြည့်စွက်ပြီးမှ အသုံးပြုသင့်တယ်လို့မြင်တယ်၊ ဥပမာ– ဒီဥပဒေဟာ (၁၀) နှစ်ပြည့်ရင် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်ခွဲထွက်နိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်ပြန်သုံးရင် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်ကို ချက်ချင်းခွဲထွက်ခွင့်ပြုရမည်ဖြစ်ပါတယ်။ ၎င်းအပြင် စီးပွားရေးပိုင်းမှာလည်း ပြုပြင်ဖြည့်စွက်ဖို့လိုပါတယ်။ နောက်တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးပိုင်းမှာလည်း ပြုပြင်ဖြည့်စွက်ဖို့လိုပါတယ်။

**✍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထပ်မံဖြည့်စွက်ချက်များနှင့် ကျင့်သုံးလိုပါသလား။ သို့မဟုတ် မည်ကဲ့သို့သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲအတည်ပြုစေလိုပါသလဲ။**

✍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တရားမျှတရေးနှင့် ဒီမိုကရေစီရေးတို့ပေါ်အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု ဥပဒေကျကျ ပြုပြင်ဖြည့်စွက်ပြီး အသုံးပြုနိုင်မယ်လို့ ထင်ပါတယ်။ အထက်ပါ ဖေါ်ပြခဲ့တဲ့ ဖက်ဒရယ်ကျကျ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲအတည်ပြုစေလိုပါတယ်။

**✍ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်နှင့် မည်သို့သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံအတွက်လိုအပ် နေပါသလဲ။**

✍ ၁၉၉၀ ရွေးကောက်ပွဲ လုပ်စဉ်ကတောင် မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိပါ။ စစ်တပ်က အားလုံးပယ်ဖျက်ထားပြီးသားဖြစ်တယ်။ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီက အပြတ်အသတ် အနိုင်ရရှိခဲ့တယ်၊ စစ်တပ်က အားလုံး NLD အမတ်များနှင့် တိုင်းရင်းသားအမျိုးသားများ (Ethnic National) အမတ်တို့က စုပေါင်းပြီး မြန်မာနိုင်ငံအတွက် ကိုက်ညီသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲပေးသင့်သည်ဟု မြင်ပါသည်။ မြန်မာပြည်နှင့် အကိုက်ညီဆုံးဖြစ်တဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပေးဖို့သင့်ပါတယ်။

ဗမာပြည်သည် လူမျိုးပေါင်းစုံ ရောထွေးနေထိုင်သည့် အတွက်ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်၊ လူမျိုးတမျိုးတည်း၊ လူတစုတည်း၊ ရေးဆွဲခြင်းမျိုးမဖြစ်စေရ သကဲ့သို့၊ ထိုအခြေခံဥပဒေသည်လည်း လူတမျိုးတည်း၊ လူတစုတည်း၏ အကျိုးစီးပွားကိုသာဖြစ်စေသည့် ဥပဒေမျိုးမဖြစ်ရန်လည်း အထူးလိုအပ်ပေသည်။

ထို့အပြင် ဘာသာရေးတခုတည်းကိုသာ ရပ်တည်အားပေးလုပ်ဆောင်အကာအကွယ်ပေးခြင်းမျိုး မဖြစ်စေရသကဲ့သို့၊ နိုင်ငံတော်အစိုးရသည် ဘာသာတခု၏ အစိုးရအသွင်မျိုးမဖြစ်စေရန်လည်း အထူးလိုအပ်ပေသည်။

ဘာသာတရားဆိုင်ရာလုပ်ငန်းကိစ္စအဝဝသည် ဘာသာရေးအဖွဲ့အစည်းများကသာ ဆောင်ရွက်သင့်သည်။ အစိုးရ အဖွဲ့ဝင်တဦးဦးသည် ဘာသာရေးတွင် ပါဝင်ဆောင်ရွက်လိုပါက ၎င်း၏ ဘာသာဝင်တဦးအနေနှင့်သာ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ အာဏာနှင့်ဘာ

သာရေးမရောထွေးမိရန် လိုအပ်သည်။

ဥပမာ– သမတ ဖြစ်ရန် ဗုဒ္ဓဘာသာဝင်မဟုတ်သော ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာသို့ သွတ်သွင်းခြင်းမျိုး၊ ဘာသာတရားတခု၏ စေတီပုထိုး၊ အဆောက်အအုံ၊ ပွဲလမ်းသဘင်တွင် အစိုးရကိုယ်တိုင် ပါဝင်ဦးဆောင်သည့်လုပ်ရပ်မျိုး။

**✍ တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးတွင် ပါဝင်နေသည့် အခန်းကဏ္ဍကို သင်မည်ကဲ့သို့ထင် ပါသလဲ။**

✍ တပ်မတော်သည် တိုင်းပြည်ကာကွယ်ရေးတွင်သာ တာဝန်ရှိသည်။ နိုင်ငံရေးကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကိစ္စတို့တွင် မပါသင့်ပါ။ ယခုကဲ့သို့ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်လာသည်မှာ ဆက်လက်ပြီး နိုင်ငံတော်အာဏာကို ဆုတ်ကိုင်ထားနိုင်ဖို့ဘဲလို့မြင်ပါတယ်။

**✍ အသွင်ကူးပြောင်းရေးကာလအတွင်း တပ်မတော်၏ အခန်းကဏ္ဍကို သင်မည်ကဲ့သို့ ထင်မြင်ပါသလဲ။**

✍ အသွင်ကူးပြောင်းရေးကာလတွင် တပ်မတော်သည် အာဏာကို စွန့်လွှတ်ပြီး စစ်ဘားတိုက်သို့ပြန်ဖို့သာဖြစ်ပါသည်။ တပ်မတော်မှ အာဏာဆုတ်ကိုင်ထားသမျှ ကာလပတ်လုံး ၎င်းတို့ ကျူးလွန်ထားသော ပြစ်မှုများကို ဖုံးကွယ်ရန် လုပ်ဆောင်မှုကြောင့် အသွင်ကူးပြောင်းရေးကာလကို အနှောင့်အယှက်ဆက်လက်ပေးနေမည်ဟု မြင်ပါသည်။

**✍ တပြည်ထောင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြဿနာများကို ဖြေရှင်းနိုင်မည်ဟု ယူဆပါသလား။**

✍ တပြည်ထောင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယနေ့ဖြစ်ရှိနေသော မြန်မာပြည်၏ ပြဿနာများကို မဖြေရှင်းနိုင်ဟု ယူဆပါသည်။ ယနေ့ဖြစ်ရှိသော မြန်မာပြည်ပြဿနာသည် တပြည်ထောင်ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့်ဖြစ်သည်ဟု ယူဆပါသည်။ အကြောင်းမှာ ၁၉၇၄ ခုနှစ်တွင် မဆလမှ ပြဋ္ဌာန်းသော ဖွဲ့စည်းပုံဥပဒေမှာလည်း တပြည်ထောင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ခဲ့တယ်။ ဒါကိုမကျေနပ်သော တိုင်းရင်းသားအမျိုးသားများက လက်နက်စွဲကိုင်တော်လှန်ခဲ့ကြတယ်၊ ဒါကြောင့် ယနေ့မြန်မာပြည်၏ ပြဿနာအရင်းခံဖြစ်လာသည်ဟု ယူဆပါသည်။

**✍ အနာဂါတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲထွက်ရေးဆိုသည့် စကားရပ်ပါရန်လိုအပ်ပါသလား။**

✍ အကယ်၍ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တရားမျှတရေးနှင့် ဒီမိုကရေစီတို့ကို အခြေခံပြီး ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ပြီး ဒီဥပဒေကို မချိုးဖောက်နိုင်အောင်

မပယ်ဖျက်နိုင်အောင် ကာကွယ်စောင့်ရှောက်တဲ့နည်းကို ပြဌာန်းပေးနိုင်ရင် ခွဲထွက်ရေးကို ထည့်တာ မထူးခြားဘူးလို့မြင်ပါတယ်။ ဥပမာ–ရှမ်းပြည်နယ်နှင့် ကရင်နီပြည်ကို ခွဲထွက်ခွင့်ပြုထားသော်လည်း (၁၀) နှစ်ကျော်ပြီး အနှစ် (၅၀) ကျော်တောင်ရှိပြီး၊ ခွဲထွက်လို့မရခဲ့ပါ။ အရေးကြီးတာက ပြည်နယ်တိုင်း ကြီးနိုင်ငယ်ညှင်း မပြုကြဘဲ တန်းတူညီမျှမှုရှိကြရင် ဘယ်ပြည်နယ်မှ ခွဲထွက်ချင်မှာ မဟုတ်ပါ။ ခွဲထွက်ချင်တယ်ဆိုတာက အင်အားကြီးတဲ့ ပြည်နယ်တွေက ကြီးနိုင်ငယ်ညှဥ်းပြုလုပ်ချင်တာဘဲဖြစ်တယ်။ ယခုအခါ စစ်အုပ်စုက မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးပြီး လူမျိုးငယ်တွေအပေါ်မှာ ဖိနှိပ်ချုပ်ချယ်တဲ့အတွက် ခွဲထွက်ချင်ကြတာပါ။

**✍ လက်ရှိတိုင်းနှင့်ပြည်နယ်များဖွဲ့စည်းပုံ အတိုင်းမဟုတ်ဘဲ ဗမာလူမျိုးစုအနေဖြင့် ပြည်နယ်တခုအဖြစ် ပါဝင်သင့်ပါ သလား။ အကယ်၍ ပါဝင်သင့်သည်ဆိုပါက အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အခန်းကဏ္ဍကို သင်မည် ကဲ့သို့ထင်မြင်ပါသနည်း။**

✍ ဗမာလူမျိုးစုအနေဖြင့် လူမျိုးစုခံယူသည်ဖြစ်စေ၊ မခံယူသည်ဖြစ်စေ ဗမာလူမျိုး၏ ပြည်နယ်တခုကို ဖွဲ့စည်းပြီး ဖက်ဒရယ်ပြည်ထောင်စုတွင် ပါဝင်သင့်တယ်ဟု မြင်ပါတယ်။ ယခုကဲ့သို့ ပြည်မနှင့် ပြည်နယ်ကို ပြည်ထောင်စုဖွဲ့ရင် ဖက်ဒရယ်ပြည်ထောင်စုလည်းမကျ၊ တန်းတူညီမျှမှုလည်း မရရှိနိုင်၊ တိုင်းရင်းသားအမျိုးသားများလည်း မကြိုက် မနှစ်သက်ဖြစ်နေပါတယ်။ သို့သော် ဗမာလူမျိုးအနေဖြင့် လူမျိုးစုခံယူရေးနှင့် ဗမာပြည်နယ်ဖွဲ့စည်းပြီး ဖက်ဒရယ် ပြည်ထောင်စုတွင်ပါဝင်ရေးတို့မှာ ဗမာလူထုကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။

ဒါဟာဗမာလူထုမှ ဗမာလူထုကသာဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ ဒါဟာဗမာလူထုရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ဘဲဖြစ်တယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေတော့ ခံယူဖို့နှင့် ပါဝင်ဖို့အတွက် စည်းရုံးခွင့်သာဖြစ်တယ်။ ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။

ဒီလိုဖွဲ့စည်းပုံမှ မတည်ဆောက်ဘူးဆိုရင် တိုင်ရင်းသားလူမျိုးများနှင့် ဗမာလူမျိုး အကြား အမြင်မရှင်းမှုတွေဟာ ဘယ်တော့မှ ပျောက်ကွယ်သွားနိုင်မှာ မဟုတ်ပါ။ ဗမာလူမျိုးကသာ အစစအရာရာတိုင်းရင်းသားများအပေါ်မှာ အထက်စီးနေလိုသည့်အမြင်သည် တိုင်းရင်းသားများက ဆက်လက်မှတ်ယူကြဦးမည်ဖြစ်တယ်။ အကယ်၍ အေးချမ်းသာယာစွာအတူတကွ နေထိုင်လိုသော စိတ်ဆန္ဒမျိုးရှိရင် ဗမာလူမျိုးတွေလည်းဒါကို စိတ်သဘောထား အမြင်ကျယ်ဖို့ လိုအပ်မယ်ဖြစ်တယ်။ ဗမာလူမျိုး ဗမာပြည်နဲ့နေသည့် တိုင်း (ဗမာ) ပြည်ဟာ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်သာဖြစ်နေမယ်ဆိုရင် ဗမာလူမျိုးတွေရဲ့ အခွင့်အရေး မဆုံးရှုံးနိုင်သလို၊ အခြားတိုင်းရင်းသားတွေရဲ့ အခွင့်အရေးလည်းနစ်နာစေမည်မဟုတ်ပါ၊ ဘာကြောင့်လည်းဆိုရင် စစ်မှန်တဲ့ပြည်ထောင်စုဖြစ်လို့ဘဲ ဖြစ်ပါတယ်၊ လွှတ်တော်နှစ်ရပ်ကိစ္စနှင့် ပါတ်သက်ပြီး ပြည်နယ်များကိုယ်စားလှယ် ညီတူညီမျှပါဝင်သော အထက်လွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဆုံးဖြတ်ပိုင်ခွင့်အာဏာကို ပိုမိုပြဌာန်းပေးရန်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာကိုတော့ သမတကို လွဲအပ်ပြီး သမတ ရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သမတက ဗမာလူမျိုးဖြစ်ရင် ဒုတိယ သမတက တိုင်းရင်းသားအမျိုးသားထဲမှ တယောက်

ယောက်ဖြစ်ရမည်။ သမတ က တိုင်းရင်းသားအမျိုးသားများထဲမှ တယောက်ယောက်ဖြစ်နေရင် ဒုတိယ သမတက ဗမာလူမျိုးဖြစ်ရမည်ဟု ပြဋ္ဌာန်းပေးရင် ရနိုင်တယ်လို့မြင်တယ်။

တရားဥပဒေစိုးမိုးရေး

# တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဂါထာ

ခိုင်းစိုးဝင်းလတ်

## တရားဥပဒေစိုးမိုးရေးဆိုသည်မှာ

တရားဥပဒေစိုးမိုးရေး (Rule of Law) ဆိုတာဟာ လစ်ဘရယ်ဒီမိုကရေစီစနစ်ရဲ့ အခြေခံပဲဖြစ်ပါတယ်။ အဲ့ဒီ ဝေါဟာရကို တချို့က တရားဥပဒေစိုးမိုးရေးဆိုတာ နိုင်ငံတွင်းက ကိစ္စအဝဝ၊ ပြဿနာမှန်သမျှကို ငြိမ်းချမ်းတဲ့ရလာဒ်ရရှိအောင် ဖိအားသုံးတဲ့ နည်းမဟုတ်ပဲ ဥပဒေကိုအခြေခံတဲ့နည်းနဲ့ ဆုံးဖြတ်ခြင်းလို့ ဖွင့်ဆိုသလို တချို့ကျတော့လည်း အစိုးရရဲ့အာဏာ ကျင့်သုံးမှုကို လမ်းညွှန်ပေးတဲ့ စည်းမျဉ်းစည်းကမ်းလို့ဖွင့်ဆိုပါတယ်။ ဘယ်လိုပဲဖွင့်ဆိုဖွင့်ဆို အဲ့ဒီဝေါဟာရရဲ့ နောက်ကွယ်က အဓိက အတွေးအခေါ် ကတော့ တရားဥပဒေအရသာ စီရင် အုပ်ချုပ်ခြင်းဆိုတာပဲဖြစ်ပါတယ်။ နိုင်ငံထဲမှာရှိတဲ့ ပြည်သူတိုင်းဟာ တူညီတဲ့ ဥပဒေအရသာ ဆုံးဖြတ်ခံရမှာဖြစ်ပြီး ဥပဒေဟာ လူတိုင်းအပေါ်မှာ တူညီမှုနဲ့ တရားမျှတမှုတို့ရှိပြီး ဘက်လိုက်မှု နဲ့ ကင်းရပါလိမ့်မယ်။ ဘယ်အစိုးရ အရာရှိမှ ဥပဒေရဲ့အထက်မှာမရှိရဘူးဆိုတာပဲဖြစ်ပါတယ်။

## အရစ္စတိုတယ်၊ မြေရှင်ခေတ်နှင့် တရားဥပဒေစိုးမိုးရေး

ဒီကနေ့ပြောနေတဲ့ တရားဥပဒေစိုးမိုးရေးဆိုတာဟာ လွတ်လပ်တဲ့ (လစ်ဘရယ်) လူ့အဖွဲ့အစည်းအတွင်းက တရားမျှ တမှုဆိုတာပဲဖြစ်တယ်။ အဲ့ဒီတရားဥပဒေစိုးမိုးရေးကိုပြော တော့မယ်ဆိုရင် ဂရိအတွေးအခေါ်ပညာရှင် အရစ္စတိုတယ် (Aristotle 384 - 322 BC) ရဲ့မေးခွန်းဟောင်းကို ပြန်သွားဖို့လိုပါလိမ့်မယ်။ အရစ္စတိုတယ်က အကောင်းဆုံးလူ အုပ်ချုပ်တာ နဲ့ အကောင်းဆုံး ဥပဒေကအုပ်ချုပ်တာ ဘယ်ဟာက ပိုကောင်းသလဲဆိုတဲ့မေးခွန်းထုတ်ဖူးပါ တယ်။ သူဟာနိုင်ငံရေးအတွေးခေါ် တွေရဲ့ဖခင်တစ်ဦးဖြစ်သလို အုပ်ချုပ်သူတွေက အုပ်ချုပ်ခံ ပြည်သူတွေကို ဖိနှိပ်အုပ်ချုပ်တာကို ဆန့်ကျင်တွေးခေါ်ခဲ့တဲ့သူ လည်းဖြစ်ပါတယ်။ ဒါပေမဲ့ သူဟာ ဒီမိုကရေစီဆိုတဲ့ ပြည်သူလူထုကအုပ်ချုပ်တဲ့စနစ်ကိုတော့ သက်ဝင်ယုံကြည်မှု မရှိခဲ့ပါဘူး။

ပညာတတ်လူတန်းစားတစ်စုက တိုင်းပြည်ကိုအုပ်ချုပ်တာကို သဘောကျသူပါ။ ပညာတတ်လူတန်းတစ်စုကအုပ်ချုပ်တဲ့စနစ်ဟာ အကောင်းဆုံးစနစ်လို့ ယူဆသူ လည်းဖြစ်ပါတယ်။ သူ့အတွက်တော့ သူ့ရဲ့အကောင်းဆုံးလူနဲ့ အကောင်းဆုံးဥပဒေ မေးခွန်းအတွက်အဖြေက ၂ မျိုးစလုံးပါ။ အကောင်းဆုံးလူရော အကောင်းဆုံးဥပဒေရောအုပ်ချုပ်ခိုင်းတာပါ။ ဒီလိုဆိုရင်မေးခွန်းတက်လာတာက ဘယ်လိုလူတွေဟာ အရစ္စတိုတယ်ပြောတဲ့ အကောင်းဆုံး၊ ဒါမှမဟုတ် အတော်ဆုံးလူတွေလဲ၊ အကောင်းဆုံး ဥပဒေဆိုတာကလည်း ဘယ်လိုဥပဒေမျိုးလဲ၊ ဘယ်လိုအမှုတွေကို အတော်ဆုံးလူတွေကဆုံးဖြတ်ပြီး ဘယ်လိုအမှုတွေကိုတော့ အကောင်းဆုံးဥပဒေနဲ့ ဆုံးဖြတ်ချက်ချမှာ လဲဆိုတာပါပဲ။ အကောင်းဆုံးဥပဒေနဲ့အုပ်ချုပ်ခြင်းကောင်းကျိုးက နိုင်ငံသားအားလုံးဟာ ဥပဒေက သတ်မှတ်ပြဌာန်းထားတဲ့ အတိုင်းပဲ အုပ်ချုပ်ဆုံးဖြတ်ခံရမှာပါ။ တခြားဖက်ကဆိုးကျိုးက ဥပဒေဟာအချိန်အခါနဲ့ အခြေအနေကိုလိုက်ပြီး ပျော့ပြောင်းတန် လည်း မပျော့ပြောင်းနိုင်ပါဘူး။ ဥပမာ – ဒုက္ခိတ မိဘကို ခိုးဝှက်ရှာကြွေးတဲ့လူငယ်တယောက်အတွက် ဥပဒေရဲ့ဆုံးဖြတ်ချက်ဟာ လောင်းကစားသွားဖို့ ရံပုံငွေကိုခိုးတဲ့လူအတွက် ဆုံးဖြတ်ချက်နဲ့ မကွာနိုင်ပါဘူး။

အရစ္စတိုတယ်က အကောင်းဆုံးလို့ဆိုတဲ့ဥပဒေကို အတော်ဆုံးလူတွေရဲ့လက်ထဲကိုထည့်ပြီး လူ့အဖွဲ့အစည်းကိုအုပ်ချုပ်စေချင်တာပါ။ မြေရှင်ပဒေသရာဇ်ခေတ် (အလယ်ခေတ်) တုန်းက အုပ်ချုပ်ပုံတွေဟာ အရစ္စတိုတယ်ရဲ့အတွေးအခေါ်ပေါ်မှာ အများကြီးအခြေခံပါတယ်။ ဒီနေရာမှာ အလယ်ခေတ်ဆိုတာကို အကျဉ်းချုံးတင်ပြလိုပါတယ်။ အလယ်ခေတ်ဆိုတာ ရောမအင်ပါယာခေတ်ကုန်ဆုံးပြီးနောက်ပိုင်းမှာပေါ်ပေါက်လာပြီး လက်ရှိအရင်းရှင်စနစ်မတိုင်ခင် တည်ရှိခဲ့တဲ့ ခေတ်ကြီးပါပဲ။ အဲ့ဒီ ခေတ်ကလူ့အဖွဲ့အစည်းတွေမှာ အုပ်ချုပ်သူတွေဟာ အထက်တန်းလွှာပညာတတ်လူတန်းစားတစ်စုဖြစ်ပြီး တသီးပုဂ္ဂလ ပြည်သူတွေဟာ လယ်ယာမဲ့တောင်သူလယ်သမားဆင်းရဲသားတွေပဲဖြစ်ပါတယ်။ ဆင်းရဲသားပြည်သူတွေဟာ သူတို့ရဲ့လယ်ပိုင်ရှင် အရှင်သခင်နဲ့ ရိုမန်ကက်သလစ် ခရစ်ယာန်ကျောင်းတော်တွေကို အလုပ်အကြွေးပြုရတဲ့သူတွေလည်းဖြစ်ပါတယ်။ အပြန်အလှန်အနေနဲ့ သူတို့ဟာ ကျောင်းတော်၊ ဒါမှမဟုတ် လယ်ပိုင်ရှင်တွေဆီကနေ တခြားသူတွေရဲ့ကျူးကျော်မှုကနေ အကာအကွယ်ရရှိခဲ့ကြပါတယ်။ ဒါပေမဲ့ ဆင်းရဲသားပြည်သူတွေဟာ အဖိနှိပ်ခံဘဝကနေမကျော်လွှန်ခဲ့သလိုလယ်ပိုင်ရှင်တွေရဲ့ ကျွန်ဘဝနဲ့ အသက်ဆက်ရသူတွေလည်းဖြစ်ပါတယ်။ ဒီမြေရှင်ပဒေသရာဇ်ခေတ်မှာ အုပ်ချုပ်သူအရာရှိနဲ့ ကက်သလစ်ကျောင်းတော် တို့ဟာ အမြဲအာဏာလွန်ဆွဲနေကြပြီး သူတို့တွေကြားမှာ ပဋိပက္ခတွေအမြဲပေါက်ဖွားနေခဲ့ပါတယ်။ အုပ်ချုပ်သူတွေဟာ ပြည်သူတွေကို ဖိနှိပ်သလို ကျောင်းတော်တွေကလည်း အုပ်ချုပ်သူတွေအပါအဝင် ပြည်သူအားလုံးကို ကျောင်းတော်ရဲ့ လုံးဝ ထိန်းချုပ်မှုအောက်မှာထားဖို့ကြိုးပမ်းခဲ့ပြီး တချို့ကာလတွေမှာဆိုရင် အစိုးရတွေကို လွှမ်းမိုးနိုင်ခဲ့ပါတယ်။ အုပ်ချုပ်သူတွေဟာ သူတို့ရဲ့အာဏာကို ဘုရားပေးအာဏာ (Divine Rights) လို့ယူဆပြီးတော့ အာဏာကိုအကြွင်းမဲ့ကျင့်သုံးပါတယ်။ ဒီအလယ်ခေတ်ဟာ ဥရောပမှာ ဘာသာရေး အပြောင်းအလဲဖြစ်ခြင်း (ပရိုတက်စတင့်ဂိုဏ်း ပေါ်ပေါက်လာခြင်း)၊ မြေရှင်ပဒေသရာဇ်ရိုးရာအတွေးအခေါ်တွေကို သိပ္ပံနည်းကျတဲ့အတွေးအခေါ်တွေနဲ့ အစားထိုးနိုင်ခြင်းနဲ့ ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်တိုးတက်လာခြင်း

တို့အတွက် အဲ့ဒီ မြေရှင်ပဒေသရာဇ်စနစ်ဆိတ်သုဉ်းသွားပြီး လူ့အဖွဲ့အစည်းတွေဟာလည်း ဒီကနေ့ပြောနေကြတဲ့ မော်ဒန်လူ့အဖွဲ့အစည်းသစ်ဆီကို တဖြည်းဖြည်းနဲ့ တဆင့်ချင်းစီတိုး တက်လာပါတော့တယ်။

မြေရှင်ပဒေသရာဇ်ခေတ်တုန်းက အုပ်ချုပ်သူတွေဟာ အုပ်ချုပ်ရေးအာဏာကို ကိုယ်ပိုင်ပစ္စည်းအနေနဲ့ ရှုမြင်ခဲ့တဲ့အတွက် အာဏာကို ကိုယ်ပိုင်ပစ္စည်းအဖြစ် အသုံးချခဲ့ကြတယ်။ ဒီခေတ်တွေမှာ ဥပဒေတွေရှိပေမဲ့ အုပ်ချုပ်သူတွေဟာ အကြွင်းမဲ့ အာဏာပိုင် တွေဖြစ်တဲ့ အတွက် သူတို့တွေရဲ့တရားစီရင်ချက်၊ ဆုံးဖြတ်ချက်တွေဟာ ကိုယ်ကျိုးကိုကြည့်တဲ့၊ တရားမျှတမှုမရှိတဲ့၊ ဘက်လိုက်တဲ့၊ ခန့်မှန်းတွက်ဆလို့မရတဲ့ စီရင်ဆုံးဖြတ်ချက်တွေပဲဖြစ်ပါတယ်။ ဒါဟာ လက်ခံနိုင်စရာရှိတဲ့ စီရင်ဆုံးဖြတ်ချက်တွေမဟုတ်ပါဘူး။ လူချင်းအတူတူ၊ ကျူးလွန်တဲ့အပြစ်ချင်း အတူတူ တစ်ယောက်ကိုတော့လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး တခြား တစ်ယောက်ကိုတော့ ပြစ်ဒဏ်ကြီးကြီးချမှတ်တာမျိုးမဖြစ်သင့်ပါဘူး။

ဒီလိုမျိုး ကိုယ်ကျိုးဖက်တဲ့၊ တရားမျှတမှုမရှိတဲ့၊ မှန်ကန်တိကျမှုမရှိတဲ့၊ ဖိနှိပ်တဲ့ ဆုံးဖြတ်ချက်တွေရဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ မှန်ကန် တိကျတဲ့၊ ဘက်လိုက်မှုကင်းတဲ့၊ ခန့်မှန်းလို့ရတဲ့၊ လူတွေအားလုံးအပေါ်တရားမျှတမှုရှိတဲ့ တရားဥပဒေစိုးမိုးရေးဆိုတဲ့ အတွေးအခေါ် နဲ့ အလေ့ အကျင့်ဟာ လက်ရှိခေတ်မီတဲ့လူ့အဖွဲ့အစည်းတွေကို ရောက်လာပါတော့တယ်။ မြေရှင်ပဒေသ ရာဇ်ခေတ်ကနေ လက်ရှိခေတ်ကို ဖြုန်းစားကြီးရောက်လာတာမဟုတ်သလို လူနည်းစုက သူတို့ဆန္ဒအတိုင်း လူအများစုအပေါ် ဖိနှိပ်ချုပ်ချယ် တဲ့ခေတ်ကနေ လည်း အခုပြောပြောနေတဲ့ တရားဥပဒေကအုပ်ချုပ်တဲ့ခေတ်ကို လျှပ်တပျက်အတွင်း ရောက်လာခဲ့တာမဟုတ်ပါဘူး။ မြေရှင်ခေတ်ကနေ လက်ရှိတိုးတက်တဲ့ခေတ်ရောက်အောင်၊ အုပ်ချုပ်သူတွေက သူတို့သဘော ဆန္ဒအတိုင်းအုပ်ချုပ်ဆုံးဖြတ်တဲ့ခေတ်ကနေ တရားဥပဒေကအုပ်ချုပ်တဲ့ခေတ်ကိုရောက် အောက် တော်လှန်ရေးပေါင်းများစွာ၊ အတွေးအခေါ်တိုက်ပွဲပေါင်းများစွာ၊ အုပ်ချုပ်ရေးစနစ် ပေါင်းများစွာကို ဖြတ်သန်းလာခဲ့ရတာပါ။

## တရားဥပဒေဖြင့်အုပ်ချုပ်ခြင်းနှင့် တရားဥပဒေကအုပ်ချုပ်ခြင်း

အထက်မှာ တရားဥပဒေကအုပ်ချုပ်တဲ့ခေတ်လို့သုံးလိုက်တာကို သတိပြုမိစေလိုပါ တယ်။ တရားဥပဒေစိုးမိုးရေးကို တရားဥပဒေကအုပ်ချုပ်ခြင်းလို့ သုံးနှုန်းလိုက်တာပါ။ တရားဥပဒေကအုပ်ချုပ်ခြင်းဆိုတာ တရားဥပဒေဖြင့်အုပ်ချုပ်ခြင်းနဲ့ အဓိပ္ပါယ်ချင်း မတူပါဘူး။ တရားဥပဒေဖြင့်အုပ်ချုပ်ခြင်းဆိုရင် ဥပဒေက အုပ်ချုပ်သူတွေရဲ့အသုံးတော်ခံဖြစ်သွားမှာပါ။ အဲဒီလူတစ်စုဟာ ဥပဒေ ဆိုတဲ့အရာကိုသုံးပြီး အုပ်ချုပ်တော့မှာပါ။ ဒါဟာ အဲဒီအုပ်ချုပ်တဲ့ လူတွေဟာ တရားဥပဒေရဲ့အထက်မှာရှိတယ် ဆိုတဲ့သဘောဖြစ်နေပါတယ်။ ဒါပေမဲ့ တရား ဥပဒေကအုပ်ချုပ်ခြင်းလို့သုံးလိုက်တဲ့အခါမှာတော့ ဥပဒေဟာ အသုံးခံမဟုတ် တော့ပဲ အုပ်ချုပ် တဲ့အရာ ဖြစ်သွားပါတယ်။ ဒါဟာ အုပ်ချုပ်သူလူတန်းစားအပါအဝင် နိုင်ငံတွင်းမှာရှိတဲ့ပြည်သူ မှန်သမျှအားလုံးကို ဥပဒေက အုပ်ချုပ်တာ ဖြစ်သွားပြီး ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိဘူး ဆိုတဲ့သဘောဆောင်သွားပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေး (Rule of Law) ဆို

တာ တရားဥပဒေကအုပ်ချုပ်ခြင်းပဲဖြစ်ပါတယ်။

## တရားဥပဒေစိုးမိုးရေး၏ လိုအပ်ချက်များ

အထက်မှာဆွေးနွေးခဲ့တာတွေဟာ တရားဥပဒေစိုးမိုးရေးရဲ့ သမိုင်းနောက်ခံတွေပဲ ဖြစ်ပါတယ်။ အခုဆက်လက်ပြီး တရားဥပဒေစိုးမိုးရေးရှိဖို့အတွက် လိုအပ်ချက်တွေနဲ့ လက်တွေ့ဘဝမှာ အရေးကြီးပုံကို ဆက်လက်တင်ပြသွားပါမယ်။ တရားဥပဒေ စိုးမိုးရေးရဲ့အဓိက အတွေးအခေါ်ကတော့ အစိုးရအပါအဝင် ပြည်သူအားလုံးဟာ ဥပဒေကိုလေးစားလိုက်နာရပြီး ဥပဒေဟာ အထွဋ်မြတ်ဆုံးဖြစ်တယ်၊ တရားဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိသလို လူတိုင်း လူတိုင်းဟာ ဥပဒေရဲ့ရှေ့မှောက်မှာ တန်းတူညီမျှမှု ရှိတယ်ဆိုတာပါပဲ။ သီအိုရီအရကတော့ တရားဥပဒေစိုးမိုးမှုရှိဖို့အတွက်ဆိုရင် ပြည်သူတွေဟာ တသတ်မတ်တည်းရှိတဲ့၊ ပြည်သူတွေသိတဲ့၊ ဘက်မလိုက်တဲ့ဥပဒေတွေရဲ့အုပ်ချုပ်မှုကိုပဲခံရမှာဖြစ်ပေမဲ့ လက်တွေ့မှာတော့ တရားဥပဒေစိုးမိုးရေးဆိုတာ အစိုးရ အာဏာကျင့်သုံးရေးနဲ့ပတ်သက်ပြီး စည်းမျဉ်းတွေ၊ ဘောင်တွေတည်ထောင်ဖို့ပါပဲ။ တနည်းအားဖြင့်ဆိုရင် အစိုးရတွေဟာ ဥပဒေ တွေအရသာ အာဏာကျင့်သုံးခွင့်ရှိပြီး ပြည်သူတွေရဲ့ သဘောဆန္ဒနဲ့အညီသာ အုပ်ချုပ်ခွင့်ရှိတာပါ။ သမ္မတပဲ ဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ပဲဖြစ်ဖြစ် တိုင်းပြည်ကိုအုပ်ချုပ်တဲ့နေရာမှာ သူတို့ရဲ့ကိုယ်ပိုင်ဟန်ပန်နဲ့ အတွေးအခေါ်ကို ထင်ဟပ်တယ်လို့ဆိုပေမဲ့ သူတို့အပါအဝင် အစိုးရတခုလုံးရဲ့ ဆောင်ရွက်ချက်တွေဟာ ပြဋ္ဌာန်းထားတဲ့တရားဥပဒေရဲ့ ဘောင်ကိုကျော်လို့မရပါဘူး။

တရားဥပဒေစိုးမိုးမှုအမှန်တကယ်ရှိဖို့ဆိုရင် ဥပဒေနဲ့ ပတ်သက်ပြီး အဓိကအင်္ဂါရပ် (၅) ခု လိုအပ်ပါတယ်။ ဒါတွေကတော့–

### (၁) ဥပဒေအရသာ ရာဇဝတ်ဒဏ်သင့်ခြင်း

လူတစ်ယောက်ဟာ ဥပဒေချိုးဖောက်လို့ ဒါမှမဟုတ် တာဝန်ပျက်ကွက်လို့သာ ပြစ်ဒဏ်ခံရမှာဖြစ်ပြီး အဲ့ဒီဥပဒေကလည်း တူညီတဲ့ပြစ်မှုကျူးလွန်သူမှန်သမျှကို တူညီတဲ့ပြစ်ဒဏ်ပေးနိုင်တဲ့ ဥပဒေဖြစ်ဖို့လိုပါတယ်။

### (၂) ပြည်သူ့ဥပဒေ

ဥပဒေတရပ်ကိုရေးဆွဲမယ်ဆိုရင် ပြည်သူတွေကရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်အမတ်တွေနဲ့ဖွဲ့စည်းထားတဲ့ ပါလီမန်လွှတ်တော်ကရေးဆွဲရမှာပါ။ ပါလီမန်လွှတ်တော်ဆိုတာကလည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအရ ဖွဲ့စည်းထားသောပါလီမန်မျိုးဖြစ်ရပါမယ်။ ဒါ့အပြင် ဥပဒေတွေဟာ ပြည်သူတွေသိကျွမ်းရင်းနှီးတဲ့ဥပဒေတွေဖြစ်ဖို့လိုပါတယ်။ လူတစ်ဦးကိုတော့ ဥပဒေကိုချိုးဖောက်တယ်ဆိုပြီးအပြစ်ဒဏ်ပေးပြီးတော့ အလားတူ ချိုးဖောက်သူတခြားတစ်ဦးကိုတော့ လျစ်လျူရှုတဲ့ လုပ်ရပ်မျိုးတွေ၊ အခွင့်အလမ်းမျိုး ကိုရှိစေတဲ့ ဥပဒေမျိုးတော့ မဖြစ်သင့်ပါဘူး။ ဒီအချက်အတွက် အစိုးရဟာ ဥပဒေတွေကို ပြည်သူ တွေသိအောင်

ထုတ်ပြန်ပြဌာန်းရမှာဖြစ်ပြီး ပြည်သူတွေကလည်း အဲ့ဒီ ဥပဒေနဲ့ပတ်သက်ပြီး သိရှိအောင် လေ့လာဖို့လိုပါတယ်။

## (၃) တရားဝင်သောဥပဒေ

တရားဥပဒေစိုးမိုးရေးပြောရာမှာ အထက်မှာတင်ပြခဲ့တဲ့အတိုင်း ဥပဒေကအုပ်ချုပ်ခြင်းဖြစ်တဲ့အတွက် အစိုးရအပါအဝင် ပြည်သူတွေအားလုံးက ဥပဒေရဲ့အုပ်ချုပ်တာကိုခံရမှာပါ။ သေချာတာက ဥပဒေတစ်ခုဆိုတာ သူ့အလို အလျောက်ဖြစ်မလာပါဘူး။ လူတွေကရေးမှရမှာပါ။ လူတွေဆွဲတဲ့နေရာမှာလည်း အုပ်ချုပ်သူတွေက ဆွဲမှာမလို့ အုပ်ချုပ်သူတွေရဲ့ သဘောဆန္ဒတစ်ခုတည်းနဲ့သာရေးမယ်ဆိုရင် အဲ့ဒီဥပဒေဟာ အုပ်ချုပ်သူတွေအသုံးချဖို့အတွက် ဖြစ်သွားပါလိမ့်မယ်။ ပြည်သူတွေရဲ့ သဘောတူညီချက်မရတဲ့ဥပဒေဟာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အရ တရားမဝင်ပါဘူး။ ဒီမိုကရေစီမရှိတဲ့ လူ့အဖွဲ့အစည်းမှာ တရားဥပဒေစိုးမိုးမှု မရှိနိုင်တာမို့ တရားဥပဒေစိုးမိုးမှုရှိဖို့ဆိုရင် ဒီမိုကရေစီနည်းအရ တရားဝင်တဲ့ဥပဒေတွေလိုအပ်ပါတယ်။

## (၄) ဥပဒေတသမတ်တည်းရှိမှု

ဥပဒေတစ်ခုဟာ လူတိုင်းလူတိုင်းအပေါ်မှာ တသမတ်တည်းရှိဖို့လိုပါတယ်။ ဥပဒေရေးဆွဲသူ (လွှတ်တော်အမတ်)၊ ဥပဒေကိုအကောင်အထည်ဖော်သူ (ဝန်ကြီးအဖွဲ့)၊ တရားရေးဝန်ထမ်း (ရှေ့နေ၊ တရားသူကြီး) တွေအ ပါအဝင် အစိုးရအရာရှိတိုင်းဟာလည်း ကျူးလွန်တဲ့အပြစ်အတိုင်း တခြားပြည်သူတွေနည်းတူ ပြစ်ဒဏ်ခံရမှာပါ။

## (၅) ဘက်လိုက်ခြင်းကင်းမှု

လူပုဂ္ဂိုလ်တဦးချင်းစီဟာ ဥပဒေရဲ့ရှေ့မှောက်မှာ တန်းတူညီမျှမှုရှိဖို့လိုပါတယ်။ အပြစ်ရှိခြင်း၊ အပြစ်ကင်းခြင်းဟာ ဒီအပေါ်မှာပဲ အခြေခံရမှာဖြစ်ပြီး တရားသူကြီးတွေရဲ့ အကျိုးအမြတ်၊ ဒါမှမဟုတ် ကိုယ်ပိုင်ဆုံးဖြတ်ချက်ပေါ်မှာ မမူတည်ရပါဘူး။ လူတိုင်းလူတိုင်းဟာ ဥပဒေရဲ့ရှေ့မှောက်မှာ လူမျိုး၊ တိုင်းရင်းသား၊ ဘာသာရေးအယူဝါဒ၊ အသက်၊ ကျား/မ မရွေး အဆင့်အတန်းတူညီဖို့ လိုအပ်ပါတယ်။

ဒါတွေဟာ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် ဥပဒေနဲ့တရားစီရင်မှုတွေနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေပဲဖြစ်ပါတယ်။ နိုင်ငံကို အုပ်ချုပ်တဲ့ယန္တ ရား တွေနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေကတော့–

## (၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ နိုင်ငံတိုင်းမှာ မရှိမဖြစ်လိုအပ်တဲ့ဥပဒေဖြစ်သလို ဥပဒေတွေအားလုံးရဲ့ အထွဋ်အထိပ် ဥပဒေပါပဲ။ အခြေခံဥပေဒေတွေမှာ ပါဝင်တဲ့အဓိကအချက်တွေကတော့ နိုင်ငံအစိုးရနဲ့ ပြည်သူတွေ ကြားကဆက်ဆံရေး၊ အစိုးရဌာနတွေအကြား ဆက်ဆံရေး၊ အစိုးရရဲ့အာဏာ၊ ပြည်သူတွေရဲ့ အခွင့်

အရေးနဲ့ တာဝန်ဝတ္တရား၊ အခြေခံဥပဒေကို ဘယ်လို ပြင်ဆင်ရမယ် စတာတွေပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ သာမန် လူတစ်ယောက်ရာဇဝတ်မှုကျူးလွန်ရင် ဘယ်လိုအပြစ်ပေးရမယ်ဆိုတာကို ဖော်ပြတဲ့ဥပဒေမဟုတ်ပါဘူး။ ဒါပေမဲ့ ရာဇဝတ်ပြစ်မှုတွေကို ဆုံးဖြတ်မယ့် ရာဇဝတ်ဥပဒေတွေ၊ အငြင်းပွားမှုတွေကိုဖြေရှင်းမယ့် တရားမဥပဒေတွေကို ဘယ်လိုရေးဆွဲရမယ်ဆိုတဲ့ လမ်းညွှန်ပေးတဲ့ ပင်မဥပဒေပဲဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ ရှိရမှာဖြစ်ပြီး ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးမှုရှိဖို့ဆိုရင် အစိုးရဟာ အဲဒီဖွဲ့စည်းအုပ်ချုပ် ပုံကိုကျော်လွန်ပြီး ဘာမှလုပ်ဆောင်ဆုံးဖြတ်လို့မရပါဘူး။

## (၂) လွတ်လပ်စွာတရားစီရင်ရေး

တရားစီရင်ရာမှာ ဘက်လိုက်မှုကင်းတဲ့စီရင်မှုဖြစ်ဖို့ဆိုရင် တရားသူကြီးတွေဟာ လွတ်လွတ်လပ်လပ် တရားစီရင်နိုင်ဖို့ လိုပါတယ်။ သူတို့ဟာ ဥပဒေပြုလွှတ်တော်၊ ဒါမှမဟုတ် အစိုးရအဖွဲ့ ဒါမှမဟုတ် တခြားအရာရှိ တစ်ဦးဦးရဲ့ လွှမ်းမိုးထိန်းချုပ်တာကို ခံနေရတယ်ဆိုရင် အမှုတွေကိုဆုံးဖြတ်ရာမှာ လွတ်လွတ်လပ်လပ်နဲ့ တရားမျှမျှတတ ဆုံးဖြတ်နိုင်တော့မှာ မဟုတ်ပါဘူး။ တရားမျှတမှုမရှိခြင်းဟာ တရားဥပဒေစိုးမိုးမှုမရှိတာနဲ့ အတူတူပါပဲ။ ဒါကြောင့် တရားသူကြီးတွေရဲ့ လွတ်လပ်စွာတရားစီရင်နိုင်ခြင်းဟာ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် အလွန်အရေးကြီးပါတယ်။

## (၃) ပြည်သူ့လွှတ်တော်

တရားဥပဒေစိုးမိုးရေးဆိုတဲ့အတွေးအခေါ်ဟာ လစ်ဘရယ်ဒီမိုကရေစီအတွေးအခေါ်နဲ့ ယှဉ်တွဲပြီးတိုးတက်လာတဲ့အတွက် ဒီမိုကရေစီနည်း အတိုင်းအုပ်ချုပ်ဖို့ အုပ်ချုပ်မဲ့သူတွေကို ပြည်သူတွေကရွေးကောက်တင်မြှောက်ဖို့လိုသလို တရားဥပဒေစိုးမိုးရေး ရှိဖို့အတွက်ဆိုရင်လည်း ဥပဒေတွေကို ပြည်သူတွေက ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်အမတ်တွေကရေးဆွဲဖို့လိုပါတယ်။ အမတ်တွေ ဥပဒေပြုရုံနဲ့မလုံလောက်သေးပါဘူး။ သူတို့ဆွဲတဲ့ဥပဒေဟာ ပြည်သူ တွေထောက်ခံဖို့တော့လိုပါသေးတယ်။

## (၄) ရဲနဲ့ စစ်တပ်ကို ပြည်သူတွေက ထိန်းချုပ်ခြင်း

ဒီအချက်ဟာလည်း အရေးကြီးတဲ့အချက်တချက်ပါ။ ကမ္ဘာပေါ်မှာကြည့်လိုက်ရင် ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးမှုမရှိတဲ့ တိုင်းပြည်တွေမှာ ပြဿနာတွေကို ဥပဒေကြောင်းအရမဖြေရှင်းပဲ ရဲနဲ့စစ်တပ်ကိုအသုံးချပြီး အင်အားသုံး ဖြေရှင်းတတ်တာကို တွေ့ရပါတယ်။ ဒါဟာလူတစ်စုကနေပြီးတော့ ရဲနဲ့စစ်တပ်ကို လွှမ်းမိုးထိန်းချုပ်ထားလို့ပါပဲ။ ပြည်သူတွေကသာ ဒီမိုကရေစီက ပေးတဲ့အခွင့်အရေးအတိုင်း ရဲနဲ့ စစ်တပ်ကို ထိန်းချုပ်နိုင်မယ်ဆိုရင် အင်အားသုံးပြီး ဖိနှိပ်ဖြေရှင်းတဲ့အဖြစ်မျိုးရှိမှာမဟုတ်ပါဘူး။

ဒါကြောင့် ဒီမိုကရေစီနဲ့တရားဥပဒေစိုးမိုးမှုရှိဖို့ဆိုရင် ပြည်သူတွေက ရဲနဲ့ စစ်တပ်တွေကို ထိန်းချုပ်နိုင်ခွင့်ရှိဖို့လိုအပ်ပါတယ်။

## တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ကဏ္ဍ

အထက်မှာဆွေးနွေးခဲ့တဲ့အချက်တွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် ထူးခြားတဲ့အချက်က တရားဥပဒေစိုးမိုးမှုရှိဖို့အတွက် ပြည်သူတွေရဲ့ပါဝင်ပတ်သက်မှုအခန်းကဏ္ဍဟာ အရေးကြီးကြောင်းပေါ်လွင်နေပါတယ်။ တဖက်ကပြန်ကြည့်ရင် အစိုးရကို ပြည်သူတွေက အဖက်ဖက်ကနေထိန်းချုပ်တဲ့အတွက် အစိုးရနဲ့ ပြည်သူကြား တင်းမာမှု၊ ပြိုင်ဆိုင်မှုတွေဖြစ်စေတယ်၊ လစ်ဘရယ် အတွေးအခေါ်အောက်ကနေ တသီးပုဂ္ဂလ (ပြည်သူ) တွေရဲ့အခန်းကဏ္ဍကို ရှေ့တန်းတင်လွန်းအားကြီးတယ်၊ အစိုးရကို အစွမ်းကုန် ထိန်းချုပ်ပြီး ပုံစံခွက်ထဲထည့်ပြီးမှ အာဏာကျင့်သုံးခိုင်းတယ်လို့ ယူဆကောင်းယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဆန့်ကျင်တဲ့ နိုင်ငံရေးစနစ်နဲ့ အုပ်ချုပ်ရေးစနစ်တွေရဲ့ သမိုင်းတလျှောက်ကို ပြန်ကြည့်မယ်ဆိုရင် အဲ့ဒီစနစ်တွေရဲ့ အုပ်ချုပ်ရေးတွေမှာ ပြည်သူတွေရဲ့အခန်းကဏ္ဍ လုံးဝမရှိတာကိုတွေ့ရပါလိမ့်မယ်။ ဒ့ါအပြင် အုပ်ချုပ်သူတွေရဲ့ အာဏာကို ကန့်သတ်မှုမရှိတာလည်းတွေ့နိုင်ပါတယ်။ အင်္ဂလိပ်တော်လှန်ရေး၊ ပြင်သစ်တော်လှန်ရေးစတဲ့ တော်လှန်ရေးကာလတွေမှာ သောမတ်ဟော့ဘ် (Thomas Hobbs 1588-1679)၊ ဂျွန်–လော့ခ် (John Locke 1632-1704) စတဲ့ အင်္ဂလိပ် နိုင်ငံရေးအတွေးအခေါ် ပညာရှင်တွေနဲ့ တခြားအတွေးအခေါ်ပညာရှင်တွေက ပြည်သူတွေရဲ့ကဏ္ဍကိုရှေ့တန်းတင်ပြီး အစိုးရ၊ အုပ်ချုပ်ရေး၊ အာဏာကန့်သတ်ရေး၊ ပြည်သူ့အချုပ်အခြာအာဏာ၊ လွတ်လပ်ခွင့် စတာတွေကို တွေးခေါ်တင်ပြလာပြီးမှ ဒီမိုကရေစီဆိုတာ ရှင်သန်တိုးတက် လာခဲ့တာပါ။ ဒါဟာ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးမှုရှိဖို့အတွက် ပြည်သူ့ဆန္ဒကို ရှေ့တန်းတင်ဖို့လိုတယ်ဆိုတာကို သက်သေပြနေတာပါပဲ။

ပြည်သူတွေရဲ့အခန်းကဏ္ဍနဲ့ပတ်သက်လို့ တခြားဥပမာတစ်ခုပြပါဆိုရင် သောမတ်–ဟော့ဘ်ရဲ့ အစိုးရဖြစ်လာပုံအပေါ် အတွေးအခေါ်ကို ပြန်သွားရပါလိမ့်မယ်။ ဟော့ဘ်ရဲ့အဆိုအရ အစောပိုင်းလူ့အဖွဲ့အစည်းတွေမှာ အစိုးရဆိုတာမရှိခဲ့ပါဘူး။ ဒါပေမဲ့ လူတိုင်းလူတိုင်းမှာ လွတ်လပ်မှုဆိုတာ အပြည့်အဝရှိခဲ့ကြတယ်။ လူတိုင်းရဲ့ရည်ရွယ်ချက်ဟာ ဥစ္စာပစ္စည်းရရှိဖို့ဖြစ်တဲ့အတွက် လူတိုင်းဟာ တဦးကိုတဦးရန်သူလိုသဘောထားကြပြီး ပြိုင်ဆိုင်တိုက်ခိုက်နေခဲ့ကြတယ်။ အဲ့ဒီအတွက် သူတို့အချင်းချင်းကြားမှာ ပဋိပက္ခတွေနဲ့သာ ပြည့်နှက်နေပြီး လုံခြုံမှုဆိုတာ ဘယ်သူ့ဆီမှာမှမရှိခဲ့ပါဘူး။ ဒါကြောင့်လူသားတွေဟာ သူတို့တွေရဲ့ လွတ်လပ်မှု တချို့ကိုစွန့်လွှတ်ပြီး သူတို့ရဲ့လုံခြုံရေးအတွက် လူတစ်စုကို အုပ်ချုပ်ခွင့်ပေးခဲ့ကြတယ်။ ဒီနေရာမှာ အဓိက အချက်က အုပ်ချုပ်ခွင့်ရတဲ့သူတွေက နေရာတကာမှာကြီးစိုးဖို့မဟုတ်ပါဘူး။ လူတွေအချင်းချင်းကြားမှာ လုံခြုံမှုရှိအောင် ဆောင်ရွက်ဖို့ပါပဲ။ ဟော့ဘ်က အစိုးရဖြစ်လာပုံကိုအခုလို တွေးခေါ်ခဲ့ပေမဲ့ အစိုးရရဲ့အာဏာကိုကန့်သတ်ဖို့ကိုတော့ မနှစ်သက်ခဲ့ပါဘူး။ အစိုးရမှာ အာဏာ ကုန်မရှိနိုင်ရင် လူ့အဖွဲ့အစည်းကို ကောင်းကောင်းအုပ်ချုပ်နိုင်စွမ်းမရှိတဲ့အတွက် လူ့အဖွဲ့အစည်းဟာ မူလကအခြေအနေ ဖြစ်တဲ့၊ လုံခြုံ

မှုမရှိတဲ့ ဟော့ဘ်ရဲ့ (Natural Order) သဘာဝအခြေအနေကို ပြန်ရောက်သွားလိမ့်မယ်လို့ဆိုပါတယ်။ သူ့ရဲ့အကြွင်းမဲ့ အာဏာပိုင် အစိုးရကို ဆန့်ကျင်တွေးခေါ်သူကတော့ ဂျွန်လော့ခ်ပါပဲ။ လော့ခ် က လူတွေဟာ အကြွင်းမဲ့ အာဏာပိုင်အစိုးရမရှိပဲ ယဉ်ကျေးစွာ၊ ငြိမ်းချမ်းစွာ နေထိုင်နိုင်ပေမဲ့ ဥစ္စာပစ္စည်းမရှိပဲတော့ ငြိမ်းချမ်းစွာမနေနိုင်ဘူးလို့ ဆိုပါတယ်။ သူက ဆက်ပြီးတော့ လူတိုင်း လူတိုင်းဟာ လွတ်လပ်မှုကိုယ်စီရှိကြပြီး အစိုးရက လူသားတွေရဲ့ လွတ် လပ်မှုကို လေးစားပြီး ပြည်သူတွေရဲ့ သဘောတူညီချက် အတွင်းကနေသာ အာဏာကို ကျင့်သုံးဖို့တွေးခေါ်ခဲ့ပါတယ်။ ဟော့ဘ်ဟာ အစိုးရရဲ့ အာဏာကန့်သတ်ရေး၊ ပြည်သူ့အချုပ်အခြာအာဏာပိုင်ဆိုင်ရေး (Popular Sovereignty) တို့ကို စတင် တွေးခေါ်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူ့ရဲ့ အတွေးအခေါ်တွေဟာ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေး ကြေငြာစာတမ်းရေးသားသူများအပေါ် လွှမ်းမိုးမှုအပြည့်ရှိခဲ့ရုံ မက လက်ရှိ လွတ်လပ်မှုအတွေး အခေါ်တွေဟာလည်း သူ့ရဲ့အတွေးအခေါ်တွေကို ထင်ဟပ်လျက်ရှိတုန်းပါပဲ။ ဒီအချက်ဟာ အစိုးရကို အာဏာကန့်သတ်ရေးနဲ့ ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို ရှေ့တန်းတင်ရေးဟာ အရေးကြီးတယ်ဆိုတာကို ညွှန်းဆိုနေခြင်းပါပဲ။

တနည်းပြောရမယ်ဆိုရင် ပြည်သူလူထုက အစိုးရရဲ့အာဏာကို ကန့်သတ်ရေး၊ ဒီမိုကရေစီအရေးတွေမှာ မပါဝင်ဘူးဆိုရင် တရားဥပဒေစိုးမိုးမှုမရှိနိုင်ဘူးဆိုတာပါပဲ။ တရားဥပဒေစိုးမိုးမှုရှိတဲ့နိုင်ငံတွေနဲ့ တရားဥပဒေစိုးမိုးမှုမရှိတဲ့နိုင်ငံတွေက ပြည်သူတွေရဲ့ နိုင်ငံရေးစိတ်ဝင်စားမှု၊ နိုးကြားမှုနဲ့ ပါဝင်ပတ်သက်မှုမှတ်တမ်းတွေကို လေ့လာကြည့်မယ်ဆိုရင် တရားဥပဒေစိုးမိုးမှုရှိတဲ့နိုင်ငံတွေမှာ လူအများစုဟာ နိုင်ငံရေးအသိနိုးကြားမှုရှိလို့ လေ့လာလိုက်စားပြီး ပါဝင်ပတ်သက်ကြပါတယ်။ ဒါပေမဲ့ ဆင်းရဲပြီး တရားဥပဒေစိုးမိုးမှုမရှိတဲ့ ကမ္ဘာ့တတိယနိုင်ငံတွေမှာတော့ ပြည်သူတွေဟာ နိုင်ငံရေးမှာ စိတ်ဝင်စားမှုနည်းပါးပြီး နိုင်ငံရေးနဲ့ခပ်ဝေးဝေးနေတာကို တွေ့ရပါတယ်။ ဒါဟာ ပြည်သူတွေရဲ့ အပြစ်တော့မဟုတ်ပါဘူး။ အုပ်ချုပ်တဲ့လူတွေက ပြည်သူတွေ နိုင်ငံရေးမှာ စိတ်ဝင်စားမှုမရှိမှ၊ နိုင်ငံရေးနဲ့ တရားမျှတရေးတွေမှာ ပါဝင်ပတ်သက်မှုမရှိမှ သူတို့စိတ်တိုင်းကျ ချယ်လှယ်လို့ရမှာဖြစ်တဲ့အတွက် ပြည်သူတွေကို ဖိနှိပ်ထားလို့ဖြစ်ရတာပါ။

မြန်မာနိုင်ငံအရေးကိုပြန်ကြည့်မယ်ဆိုရင်လည်း မြန်မာနိုင်ငံမှာတရားဥပဒေစိုးမိုးမှုမရှိတာ ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းတဲ့ ၁၉၆၂ ခုနှစ်ကတည်းကပါ။ စစ်အစိုးရတလျှောက်လုံးမှာပြုတဲ့ဥပဒေတွေဟာ တရားဝင်တဲ့၊ တသတ်မတ်တည်းဖြစ်တဲ့ ဥပဒေ မဟုတ်သလို စီရင်ဆုံးဖြတ်ချက်တွေဟာလည်း တရားဥပဒေစိုးမိုးရေးအတွက်လိုအပ်တဲ့ တရားမျှတတဲ့၊ ဘက်လိုက်မှုကင်းတဲ့ ဆုံးဖြတ်ချက်တွေမဟုတ်ပါဘူး။ နိုင်ငံတိုင်းမှာ မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ မြန်မာနိုင်ငံမှာရှိလျက်နဲ့ အစိုးရဟာ ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့အညီ မအုပ်ချုပ်ပါဘူး။ ၁၉၇၄ ခုနှစ်တုန်းက စစ်အစိုးရအလိုကျရေးဆွဲထားတဲ့ ဖွဲ့စည်းပုံ ဥပဒေတောင် လက်ရှိစစ်အစိုးရကမသုံးနိုင်တော့ပါဘူး။ လွတ်လပ်စွာတရားစီရင်ရေးမရှိသလို ဥပဒေပြုမဲ့ ပြည်သူ့လွှတ်တော် (ပါလီမန်)လည်း မရှိပါဘူး။ ရဲနဲ့စစ်တပ်ကို ပြည်သူက ထိန်းချုပ်ဖို့နေ နေသာသာ ပြည်သူတွေက သူတို့ကို ကြောက်နေရတာပါ။ ပြည်သူတွေရဲ့ နိုင်ငံရေးမှာပါဝင်ပတ်သက်မှုကလည်း စစ်အစိုးရစကတည်းက မရှိတော့တာပါ။ နိုင်ငံသားအများစုဟာ နိုင်ငံရေးကနေ ခပ်ဝေးဝေးမှာနေကြပါတယ်။ အမှန်မှာ တရားဥပဒေ စိုးမိုးမှုရှိရေးနဲ့ ဒီမိုကရေစီ

ရှိရေးတို့မှာ အထက်မှာတင်ပြခဲ့သလို ပြည်သူတွေရဲ့ပါဝင်မှုမရှိရင် မဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ပါဝင်ပတ်သက်မှုဟာ မြန်မာနိုင်ငံတရားဥပဒေစိုးမိုး ရေးကြိုးပမ်းမှုမှာ အလွန်အရေးကြီးပါတယ်။ ဒီမိုကရေရှိရေးမှာလည်း ပြည်သူတွေမပါဝင်ရင် မဖြစ်နိုင်သလို ဒီမိုကရေစီရရှိသည့်တိုင်အောင် ပြည်သူတွေ နိုင်ငံရေးမှာမပါဝင်ဘူးဆိုရင် ရရှိထားတဲ့ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးပါ ပြန်ပြီးဆုံးရှုံးသွားနိုင်တဲ့အတွက် မြန်မာပြည်သူတွေ နိုင်ငံအရေးမှာပါဝင်လာဖို့ ဆွေးနွေးတင်ပြလိုက်ရပါတယ်ခင်ဗျား။

**ကိုးကား**

Brodie, J. (Ed.). (1999). Critical Concepts: An Introduction to Politics. Scarborough, London, Sydney, Mexico City, New Delhi, Tokyo, Singapore, Rio de Janeiro: Prentice-Hall. ISBN 0-13-082453-4

Johnson, L. (2001). Political Science: An Introduction to Modern Democratic State. 2nd ed. Peterborough, Orchard Park, Letchworth, Rozelle: Rroadview Press. ISBN 1-55111-369-4

Li, B. (2000, April 30 2000). Perspective. *What is Rule of Law?* [Online available http://www.oycf.org/Perspectives/5_043000/what_is_rule_of_law.htm] [19 April 2003]

လူ့ အခွင့်အရေး

# ကမ္ဘာ့တရားရုံး သမိုင်းစာမျက်နှာ သစ်ဖွင့်လှစ်ခြင်း

ခဲလ်ဖရက်နိုးနို

မတ်လ ၁၁ ရက် နေ့သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားရုံး (International Criminal Court, ICC) ဖွင့်လှစ်လိုက်သည့်အတွက် ကမ္ဘာ့တရားရုံး သမိုင်းတွင် စာမျက်နှာသစ်တရပ် ဖွင့်လှစ်သည့်နေ့ဟု ဆိုရပေမည်။ တရားရုံးဖွင့်ပွဲ အခမ်းအနား ကို နယ်သာလန်နိုင်ငံ သဟိဂ်မြို့ ပါလီမန်အဆောက်အဦးရှိ သူရဲကောင်းခန်းမ (Knights Hall) တွင် ကျင်းပရာ နယ်သာလန်ဘုရင်မကြီး ဘိထရိစ် (Queen Beatrix) နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန် တို့အပါအဝင်၊ ဗြိတိန်နိုင်ငံအပါအဝင် တရားရုံးအား ထောက်ခံသည့်နိုင်ငံပေါင်း ၈၉ နိုင်ငံမှ အစိုးရကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါသည်။ ထိုဖွင့်ပွဲအခမ်းအနားကို သမိုင်းဝင်နေ့တနေ့ဟူ၍ လည်းကောင်း၊ တရားမျှတမှုအတွက် ကတိကဝတ်ပြုသည့် လက္ခဏာဟူ၍လည်းကောင်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းများက ဖော်ပြခဲ့ကြပါသည်။

ဤအပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသည် အမြဲတမ်း တရားရုံးဖြစ်ပြီး၊ ထို တရားရုံး၏တာဝန်မှာ မျိုးဖြုတ်သတ်ဖြတ်မှု (Genocide)၊ လူသားဖြစ်မှုကို ဆန့်ကျင် ကျူးလွန်သောရာဇဝတ်မှု (Crime against Humanity) နှင့် စစ်ရာဇဝတ်မှုများ အတွက် တရားမျှတမှုကို ရှာဖွေပေးရေး ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားရုံးရှိခြင်းသည် အနာဂါတ်တွင် အဆိုပါကဲ့သို့သော ရာဇဝတ်မှုကျူးလွန်သူများအား အရေးယူရန် သက်ဆိုင်ရာနိုင်ငံများက ပျက်ကွက်သောအခါ ကျူးလွန်ခြင်းခံရသူများအတွက် အားကိုးရာလည်းဖြစ်စေသည်။ ထို့အပြင် နောက်ထပ် ပိုပေ့၊ ဩဂတ်စတို ပီနိုချေးနှင့် ဆဒမ် ဟူစိန်လိုလူများ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခြင်းမျိုးရရှိစေနိုင်တော့မည် မဟုတ်သည်မှာ လည်း သေချာသည်။

တရားရုံးထိုင်ရန် မဲပေးရွေးချယ်ခံထားရသော တရားသူကြီး ၁၈ ဦးတို့သည် ထိုဖွင့်ပွဲ အခမ်းအနား၌ နယ်သာလန်ဘုရင်မကြီး ဘိထရိစ် (Queen Beatrix) နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန် ရှေ့မှောက်တွင်တဦးချင်းစီ ကျမ်းသစ္စာကြိမ်ဆိုခဲ့ကြ

သည်။ တရားသူကြီးများသည် ရိုးသားစွာ၊ သစ္စာရှိစွာ၊ သမာသမတ် ကျစွာနှင့် တာဝန်ကျေပြွန်စွာ ၎င်းတို့၏တာဝန်များကို ထမ်းဆောင်မည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးခြင်းများနှင့် တရားစွဲဆိုခြင်းများမှ လျှို့ဝှက်ဝှက်သင့်သောအရာများနှင့် ဆုံးဖြတ်ချက်များ၏ လျှို့ဝှက်သင့်သည်များကို အလေးအနက်ထားမည်ဖြစ်ကြောင်းသစ္စာကြိမ်ဆိုခဲ့ကြသည်။

တရားသူကြီး ၁၈ ဦးအနက် ၇ ဦးမှာ အမျိုးသမီးများဖြစ်ကြပါသည်။ တရားသူကြီးများကိုရွေးချယ်ရာတွင် ဒေသအားလုံးကို ကိုယ်စားပြုနိုင်ရန်နှင့် အမျိုးသမီးတရားသူကြီးများပါ ပါဝင်နိုင်ရန် ရည်ရွယ်ပြီး အာဖရိက၊ အာရှ၊ ကာရစ်ဘီယံ၊ အရှေ့ဥရောပ၊ လက်တင်အမေရိက၊ မြောက်အမေရိကနှင့် အနောက် ဥရောပတို့မှ ကိုယ်စားလှယ်လောင်း ၄၃ ဦးထဲမှ ဂဃနဏ ပြင်ဆင်ထားသော ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးတရားသူကြီးဖြစ်သူ ပြင်သစ်လူမျိုး ကလောက် ဂျော်ဒါ (Claude Jorda) အားရွေးချယ်ပြီးချိန် မတ်လ ၇ ရက်၊ သောကြာနေ့အထိ ၃၃ ကြိမ်မဲပေးခဲ့ရပါသည်။ အမျိုးသမီးတရားသူကြီး ၇ ဦးမှာ တောင်အာဖရိကနိုင်ငံသူ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး(ရဝမ်ဒါနိုင်ငံအမှု) ဥက္ကဋ္ဌ နဗန်နတမ် ပေးလေး (Navanethem Pillay) အပါအဝင် အိုင်ယာလန်၊ မာလီ၊ ဘရာဇီး၊ ဂါနာ၊ ကော့စတာရီကာနှင့် လစ်ဗျားနိုင်ငံများမှဖြစ်ကြသည်။

တရားသူကြီးအဖြစ်အရွေးခံရသူများမှာ–

(၁) ဘိုလီးဗီးယားနိုင်ငံမှ ရီနီ ဘလက်မန်း (Rene Blattmann)၊ ဥပဒေပါမောက္ခနှင့်တရားရေးဝန်ကြီးဟောင်း။

(၂) အိုင်ယာလန်နိုင်ငံမှ မော်ရင်း ဟာ့ဒင် ကလာ့ (Maureen Harding Clark)၊ ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ ကုလသမဂ္ဂခုံရုံး ကိုယ်စားလှယ်လွှဲစာရတရားသူကြီး၊ တရားလိုနှင့် တရားခံရှေ့နေအဖြစ် ၂၆ နှစ်၊

(၃) မာလီနိုင်ငံမှ ဖတော်မာတာ ဒမ်ဘီလီဒိုင်ယာရာ (Fatoumata Dembele Diarra)၊ ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ ကုလသမဂ္ဂခုံရုံး ကိုယ်စားလှယ်လွှဲစာရတရားသူကြီး၊ ဘမာကို (Bamako) အယူခံရုံးတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဟောင်း၊

(၄) ဗြိတိန်နိုင်ငံမှ ဆာ အင်ဒရေ ဖူးဖော့ (Sir Adrian Fulford) အထက်တရားရုံးတရားသူကြီး၊ ရာဇဝတ်ကျင့်ထုံးနှင့် လူ့အခွင့်အရေး သင်ရိုးညွှန်းတမ်းရေးသားသူ

(၅) ထရီးနီဒတ်ဒ် နှင့် တိုဘာဂိုမှ ကားလ် ဟဒ်ဆန် ဖီးလစ် (Karl Hudson-Philips)၊ ရှေ့နေချုပ်ဟောင်းနှင့် ဥပဒေရေးရာ ဝန်ကြီး

(၆) ဂျာမနီမှ ဟန် ပီတာ ကားလ် (Hans-Peter Kaul) အပြည်ပြည်ဆိုင်ရာရှေ့နေ၊ သံတမန်နှင့် အိုင်စီစီ (ICC) အတွက် နိုင်ငံကိုယ်စားလှယ် (Negotiator)

(၇) ကနေဒါနိုင်ငံမှ ဖီးလစ်ပေး ကား၏ (Philippe Kirsch) သံတမန်နှင့် ဥပဒေရေးရာ ကျွမ်းကျင်သူ၊ ၁၉၉၈ အိုင်စီစီ ထူထောင်သော ရှမ်း ညီလာခံ သဘာသတိ။

(၈) ဖင်လန်နိုင်ငံမှ အာကီ ကော်ရူလာ (Erkki Kourula) နိုင်ငံခြားရေးဌာန ဥပဒေရေးရာ ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကျွမ်းကျင်သူ။

(၉) ဂါနာနိုင်ငံမှ အာကူး ဂန ကူအန်ယာယီးယာ (Akua Ghana Kuenyehia) ဂါနာတက္ကသိုလ် အမှုဆောင် ညွှန်ကြားရေးမှူးနှင့် ဥပဒေဌာနမော်ကွန်းထိမ်း။

(၁၀) ကော့စတာရီကာနိုင်ငံမှ အဲလစ်ဇဘက် အိုဒီအို ဘန်နီတို (Elizabeth Odio Benito)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ ပါမောက္ခ၊ ယူဂိုဆလားဗီးယားနိုင်ငံ ဟောင်းဆိုင်ရာ ကုလသမဂ္ဂခုံရုံး တရားသူကြီး။

(၁၁) ဆိုက်ပရပ် နိုင်ငံမှ ဂျော့ဟီယို ပီကစ် (Gheorghios Pikis) တရားရုံးချုပ်ဥက္ကဋ္ဌ၊ ဥရောပ လူ့အခွင့်အရေးတရားရုံး အထူး တရားသူကြီးဟောင်း။

(၁၂) ပြင်သစ်နိုင်ငံမှ ကလောက် ဂျော်ဒါ (Claude Jorda)၊ ယူဂိုဆလားဗီးယား နိုင်ငံဟောင်းဆိုင်ရာ ကုလသမဂ္ဂခုံရုံး ဥက္ကဋ္ဌ၊ ပဲရစ် အယူခံရုံး အစိုးရရှေ့နေဟောင်း။

(၁၃) တောင်အာဖရိကနိုင်ငံမှ နဗန်နတမ် ပေးလေး (Navanethem Pillay)၊ ၁၉၉၅ ခုနှစ်မှစ၍ ရဝမ်ဒါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရာဇဝတ်ခုံရုံး ဥက္ကဋ္ဌ၊ တောင်အာဖရိက အထက်တရားရုံး အမှုဆောင် တရားသူကြီး ဟောင်း။

(၁၄) အီတလီနိုင်ငံမှ မောရို ပေါလတီ (Mauro Politi)၊ ယူဂိုဆလားဗီးယားနိုင်ငံ ဟောင်းဆိုင်ရာ ကုလသမဂ္ဂခုံရုံး ကိုယ်စားလှယ်လွှဲစာရတရားသူကြီး။ အယူခံတရားရုံးတရားသူကြီး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ ပါမောက္ခ။

(၁၅) ဆာမိုအာနိုင်ငံမှ တီလိုမာ နီရွန်နီ စလိတ် (Tuiloma Neroni Slade) ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်၊ ဆာမိုအာနိုင်ငံ ရှေ့နေချုပ် ဟောင်း။

(၁၆) တောင်ကိုရီးယားနိုင်ငံမှ ဆန်အန် စောင် (Sang-hyun Song) ဆိုးလ် အမျိုးသားတက္ကသိုလ်၊ ဥပဒေပါမောက္ခ၊ စာရေးဆရာ။

(၁၇) ဘရာဇီးနိုင်ငံမှ ဆဲဗီးယား ဒီ ဖီဂူရီဒို စတိုင်နာ (Sylvia de Figueiredo Steiner)၊ ဆန်ပေါလို ပြည်ထောင်စု အယူခံတရားရုံးတရားသူကြီး၊ ပြည်ထောင်စု အစိုးရ ရှေ့နေဟောင်း။

(၁၈) လစ်ဗျားနိုင်ငံမှ အန်နီတာ အူဆက်ကာ (Anita Usacka)၊ လစ်ဗျား ဖွဲ့စည်းအုပ်ချုပ်ပုံ တရားရုံး တရားသူကြီး၊ လစ်ဗျားတက္ကသိုလ် ဥပဒေပါမောက္ခ။ တို့ဖြစ်ပါသည်။

တရားစီရင်သည့်ခန်းမ မရှိဘဲ တရားရုံးကို ဝန်ထမ်း ၆၀ ဖြင့်စတင်လည်ပတ်မည်ဖြစ်ပြီး ပထမဦးဆုံးကြားနာစစ်ဆေးမှုမှာ လ အတော်ကြာဦးမည်ဖြစ်ပါသည်။ တရားရုံးသည် စုံစမ်းစစ်ဆေးရန်ရှိသော တိုင်တန်းသည့်အမှုပေါင်း ၂၀၀ ကျော်ကို လက်ခံရပြီးဖြစ်သော်လည်း မည်သည့် အမှုတွေကို ကြားနာစစ်ဆေးမည်ဆိုသည်မှာ တရားလိုရှေ့နေချုပ်ဆုံးဖြတ်ချက်

အပေါ်တွင်မူတည်နေပါသည်။ တရားလိုရှေ့နေများခန့်အပ်ရန်လိုအပ်နေသေးသဖြင့် အနည်းဆုံးတနှစ်အတွင်း မည်သည့်အမှုကိုမျှ စစ်ဆေးနိုင်ဦးမည်မဟုတ်ဟု ခန့်မှန်းကြပါသည်။

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးကို လိုလားထောက်ခံသည့်နိုင်ငံများရှိသလို မထောက်ခံသောနိုင်ငံများလည်းရှိသည်။ တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့က တရားရုံး ထူထောင်မှုကို ဆန့်ကျင်ကန့်ကွက်ကြသည်။ မထောက်ခံသည့် နိုင်ငံများထဲတွင် အမေရိကန် ပြည်ထောင်စုလည်း အပါအဝင်ဖြစ်သည်။ သမတ ဘီလ်ကလင်တန်လက်ထက် တရားရုံး ထူထောင်ရန် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း၊ ဂျော့ဂျ် ဒဗလျူ ဘုရှ် သမတအဖြစ် ရွေးချယ် တင်မြှောက်ခံရပြီး မကြာမီမှာပင် အိုင်စီစီကို ဆန့်ကျင်သော လှုံ့ဆော်မှုကို စတင်ခဲ့ပြီး ၎င်းတို့၏ ထောက်ခံမှုများကို ပြန်လည်ရုတ်သိမ်းခဲ့သည်။ အမေရိကန်နိုင်ငံသားများ အပြည် ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ ဖမ်းဝရမ်းများမှ ကင်းလွတ်ခွင့်ရရန် နိုင်ငံတကာသို့ လိုက်လံ စည်းရုံးထားရာ နိုင်ငံပေါင်း ၂၂ နိုင်ငံမှ သဘောတူညီချက်များ ရယူထားခဲ့ပါသည်။ ဥရောပ ယူနီယံကမူ တရားရုံးထူထောင်မှုကိုအလေးအနက်ထောက်ခံအားပေးခဲ့သည်။ ဥရောပ နိုင်ငံများနှင့် တခြားအနောက်နိုင်ငံများက အိုင်စီစီ၏ စရိတ်စကကို အကုန်အကျခံမည်ဖြစ် သည်။

တရားရုံးထူထောင်ရန် ၁၉၉၈ ရုမ်း စာချုပ် (1998 Rome Treaty) ကိုလက် မှတ်ရေးထိုးပြီးသည့် နိုင်ငံများမှ သုံးပုံ နှစ်ပုံနီးပါး အတည်ပြုချက်မပေးသေးချေ။ တရားရုံး ထူထောင်ရေးတွင် အမေရိကန်နှင့် တခြား အဓိကကျသော နိုင်ငံများမပါသဖြင့် ပြည့်စုံ လုံလောက်မှုမရှိကြောင်း အမေရိကန်လူမျိုးဥပဒေရေးရာကျွမ်းကျင်သူတဦးက ဆိုပါ သည်။

အိုင်စီစီ၏ တရားစီရင်ပိုင်ခွင့်သည် နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိမည် မဟုတ်ပဲ တရားခံသည် တရားရုံး ထူထောင်ရေးတွင်ပါဝင်သောနိုင်ငံများမှဖြစ်လျှင် သို့မဟုတ် ထိုနိုင်ငံပိုင်နယ်မြေများတွင်ကျူးလွန်သည့် ရာဇဝတ်မှုများဖြစ်လျှင် ထိုအမှုကိုသာ ကိုင်တွယ် မည်ဖြစ်ပါသည်။ အိုင်စီစီတွင် ကျယ်ပြန့်သော တရားစီရင်ပိုင်ခွင့်အာဏာ ရှိသော်လည်းသည် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နောက်ပိုင်းကျူးလွန်သောရာဇဝတ်မှုများနှင့် နိုင်ငံများက တရားခံကို ၎င်းတို့ဘာသာစီရင်စစ်ဆေးမှု မပြုလုပ်လိုသည့် အခါများ၌သာ စီရင်စစ်ဆေးနိုင် မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး မွေးဖွားလာမှုသည် အာဏာရှင်နိုင်ငံများတွင် နေထိုင်နေကြရသော ပြည်သူများအဖို့ အားထားရာအဖြစ် မျှော်လင့် ကြရပေသည်။

## မှတ်ချက်

Nations Elect 18 Judges for Global Criminal Court, By Evelyn Leopold and Irwin Arieff (Reuters), Sat February 8, 2003. ကို ဘာသာပြန်ဆို ကိုးကားဖော်ပြခြင်းဖြစ်ပါသည်။

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

မှတ်တမ်းနှင့်သုတေသနဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

## နိုင်ငံတော်လုံခြုံရေးအက်ဥပဒေ ဖျက်သိမ်းပေးရန်လူ့အခွင့်ရေး ကော်မရှင်ကတောင်းဆို

နိုင်ငံတော်လုံခြုံရေးအက်ဥပဒေကို မလေးရှားနိုင်ငံ၏တရားဝင်လူ့အခွင့်ရေး ကော်မီရှင်က မလေးရှားအစိုးရအား တောင်းဆိုလိုက်ပါသည်။ မလေးရှားနိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးအက်ဥပဒေအရ မသင်္ကာသူမည်သူ့ကိုမဆို ပြစ်ဒဏ်ချမှတ်နိုင်သည်၊ တရားစီရင်ခြင်းမရှိဘဲ အချိန်အကန့်အသတ်မရှိ ထိမ်းသိမ်းထားနိုင်ပါသည်။ ဤသို့အပစ်ဒဏ်ချမှတ်ခြင်း၊ တရားမစီရင်ဘဲထိန်းသိမ်းခြင်းသည် အခြေခံလူ့အခွင့်ရေးများကို ချိုးဖေါက်ခြင်းဖြစ်သည်ဟု ကော်မရှင်၏ အစီရင်ခံစာတွင်ဖော်ပြထားပြီး ဖျက်သိမ်းပေးရန်လည်းတောင်းဆိုထားသည်။

မလေးရှားနိုင်ငံ၏ လုံခြုံရေးအက်ဥပဒေကို ၁၉၆၀ခုနှစ်ပြည့်ကတည်းက ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေပြဋ္ဌာန်းစဉ်ကာလက မလေးရှားနိုင်ငံသည် ကွန်မြူနစ်ပျောက်ကျားများကို အပြင်းအထန် နှိမ်နင်းနေရသော အချိန် ဖြစ်ပါသည်။ ထိုလုံခြုံရေးဥပဒေအရ နိုင်ငံတော်လုံခြုံရေးကို အန္တရာယ်ပြုနိုင်ကြောင်း သံသယရှိသူများကို (၂)နှစ်ထိ ထိမ်းသိမ်းခွင့် ရှိပါသည်။ ထို့သို့ထိမ်းသိမ်းထားခွင့်ရှိအတွက် ရဲများအနေနှင့် ထိန်းသိမ်းထားခြင်းအပေါ် ဘာမျှသက်သေပြရန်မလိုပေ။ ထို့အပြင်ထိမ်းသိမ်းထားနိုင်သည့် ကာလကိုလည်း အချိန်အကန့်အသတ်မရှိ သက်တမ်းတိုးနိုင်ပေသည်။ မလေးရှားနိုင်ငံ လူ့အခွင့်ရေးကော်မီရှင် (ဆူဟာကန်) က ထိုပြည်တွင်းလုံခြုံရေးအက်ဥပဒေကို အနောက်နိုင်ငံ၌ပြဋ္ဌာန်းထားသော အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဥပဒေ ကဲ့သို့သော ဥပဒေမျိုးဖြင့် အစားထိုးလိုကြသည်။ ထိုအစားထိုးမည့် ဥပဒေသစ်များ၌ မည်သို့သော ပြစ်မှုမျိုးကို ကျူးလွန်ကြောင်း အတိအကျဖော်ပြရန်၊ ထိန်းသိမ်း ဖမ်းဆီးထားသူများကို (၃) လကျော်လျှင် ရုံးတင်တရားစွဲရန်၊ တရားမစွဲ

လျှင်လွှတ်ပေးရန်၊ အမှုများကို စီရင်သုံးသပ် ရန်လိုကြောင်း စသည်ဖြင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်က ဆိုထားသည်။

အစိုးရကတရားဝင်ဖွဲ့စည်းပေးထားသည့် အဖွဲ့အစည်းတခုက ယခုကဲ့သို့ အစီရင်ခံစာမျိုးရေးသားခဲ့ခြင်းသည် မလေးရှားနိုင်ငံ၏ အငြင်းပွားစရာအဖြစ်ဆိုး ဥပဒေတရပ်ကို အပြင်းထန်ဆုံးစိန်ခေါ် ဝေဖန်မှုတရပ်ဖြစ်ပါသည်။ လောလောဆယ်၌ အစ္စလာမ်မစ် စစ်သွေးကြွများဟု ကင်ပွန်းတတ်ထားသူ (၇၀) ခန့်ကို ဤဥပဒေအရ ဖမ်းဆီး ထိန်းသိမ်းထားဆဲဖြစ်သည်။

## ပြန်လည်အသက်ဝင်လာသော မြန်မာလူငယ်လေယာဉ်ပြန်ပေးဆွဲမှု

ဆယ်စုနှစ်တခုကျော် ငုတ်လျှိုးနေသော မြန်မာကျောင်းသားလူငယ်နှစ်ဦး လေယာဉ်ပြန်ပေးဆွဲခဲ့မှုကို အနောက်ဘင်္ဂလားပြည်နယ် ဘာရဆတ် ခရိုင် စက်ရှင်တရားရုံးက လွန်ခဲ့သည့်နှစ် ဧပြီလက ပြန်လည်စတင်လိုက်ပြီး၊ ယခု ဧပြီလ ပထမအပတ်အတွင်းက ရုံးချိန်းတကျော့ပြန်ချိန်းလိုက်သည်။ အဆိုပါအမှုသည် ထိုကျောင်းသား ၂ ဦးက ဘန်ကောက်မှ ရန်ကုန်သို့ပြန်သန်းမည့် ထိုင်းလေကြောင်းပိုင် လေယာဉ် ပြန်ပေးဆွဲကာ အိန္ဒိယနိုင်ငံ ကလကတ္တား လေဆိပ်သို့ဆင်းသက်စေခဲ့သည့် ၁၉၉၀ ခုနှစ် နိုဝင်လ ၁၁ ရက်နေ့က စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ် နိုဝင်ဘာလ တွင် ၎င်းတို့ ၂ ဦး အား အာမခံဖြင့် လွှတ်ပေးခဲ့ပြီး၊ အမှုမှာလည်း ၁၂ နှစ်ကြာမျှ ဆိုင်းငံ့ထားခဲ့သည်။

၂၁ နှစ်အရွယ် ကိုစိုးမြင့်(နိုင်ငံတကာဆက်ဆံရေးနှင့် စီမံခန့်ခွဲရေး နောက်ဆုံးနှစ်၊ ရန်ကုန်တက္ကသိုလ်)နှင့် ကိုကျော်ဦး (ရူပဗေဒ နောက်ဆုံးနှစ်၊ ရန်ကုန်တက္ကသိုလ်) တို့အား အိန္ဒိယ အစိုးရက လေယာဉ်ပြန်ပေးဆွဲမှု တားဆီးရေးအက်ဥပဒေ (Anti- Hijacking Act) အရ အရေးယူတရားစွဲထားခဲ့ခြင်းဖြစ်သည်။

အနောက်ဘင်္ဂလားပြည်နယ် ရဲများက ၂၀၀၂ ခုနှစ် ဧပြီလ အစောပိုင်းက ဒေလီနေအိမ်တွင် ကိုစိုးမြင့်အား လာရောက်ဖမ်းဆီးခဲ့သည်။ အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ဂျက်စဝန်ဆင်း မြန်မာနိုင်ငံခရီးစဉ်မှ ပြန်လာပြီး ရက်သတ္တတပတ်အတွင်း ကိုစိုးမြင့်အား ဖမ်းဆီးသွားခြင်းဖြစ်သောကြောင့် အိန္ဒိယအစိုးရသည် မြန်မာစစ်အစိုးရအား လိုက်လျောဆက်ဆံလို၍ လည်းကောင်း၊ မြန်မာစစ်အစိုးရ၏ ဖိအားပေးမှုကြောင့်လည်းကောင်း ဤသို့ ကိုစိုးမြင့်အမှုကို ပြန်လည် ဖေါ်ဆောင်ခြင်းဖြစ်ကြောင်း ဝေဖန်သူများကဆိုကြသည်။ ပြစ်မှုထင်ရှားပါက နှစ်ရှည် ထောင်ဒဏ်ကျခံရနိုင်ကြောင်း ကိုစိုးမြင့်၏ရှေ့နေ ဒေါ် နန်ဒိတာ ဟက်စကာ ကဆိုပါသည်။ ကိုစိုးမြင့်အား ယခုအခါ အာမခံဖြင့် ယခင်ကအတိုင်း အိန္ဒိယနိုင်ငံတွင် နေထိုင်ခွင့်ပြုထားသည်။ အမှုကို ဇွန်လ ဒုတိယပတ်အတွင်း၌ ဆက်လက် ကြားနာစစ်ဆေးမည်ဖြစ်သည်။

ကိုစိုးမြင့်တို့ နှစ်ဦးသည် လေယာဉ် ပြန်ပေးဆွဲရာတွင် လူကိုသေစေနိုင်သော လက်နက်တစုံတရာ မပါသည်သာမက ပြန်ပေးဆွဲရခြင်းရည်ရွယ်ချက်မှာလည်း စစ်အာဏာရှင်အောက်၌ ဒီမိုကရေစီကင်းမဲ့နေသော၊ ဖိနှိပ်ခံနေရသော ပြည်သူလူထု၏ အခြေအနေများကို ကမ္ဘာ့ပြည်သူများအာရုံ စိုက်လာစေရန် ရည်ရွယ်ချက်ဖြင့်ဆွဲခဲ့ခြင်းသာ ဖြစ်သော

ကြောင့် လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ထောက်ခံသူများက ကိုစိုးမြင့်၏ ဤမှုကိုပိတ်ပစ်စေရန် အိန္ဒိယ အစိုးရအားဖိအားပေးတောင်းဆိုလျှက်ရှိသည်။ ဤအမှု အနေအထားကို အကဲခတ်စောင့်ကြည့်လေ့လာသူ ဝါရင့်ရှေ့နေတဦးက ကွင်းလုံးကျွတ်လွတ်နိုင်မလွတ်နိုင်ဆိုသည်မှာ ၅၀-၅၀ အခြေအနေ၌ ရှိကြောင်းပြောဆိုသည်။

## အီဂျစ်နိုင်ငံ၏ အသုံးမရှိသော အရေးပေါ်ဥပဒေ

အီဂျစ်နိုင်ငံတွင်ပြဋ္ဌာန်းထားသော ဖိနှိပ်သောဥပဒေဖြစ်သည့် အရေးပေါ်ဥပဒေဖျက်သိမ်းရန် လှုံ့ဆော်မှုများ ကြီးထွားလာမှုကို အဆုံးသတ်သွားစေရန်ရည်ရွယ်ပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အီဂျစ်အစိုးရက အလျင်စလို သက်တမ်းတိုးမြှင့်ခဲ့ပါသည်။

ထိုဥပဒေအား သက်တမ်းတိုးမည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် အမှတ်မထင် အစိုးရက တင်သွင်းလာပြီး၊ ထို့နေ့ တနေ့ထည်းမှာပင် ၎င်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းရန် အပူတပြင်းဆောင်ရွက်ခဲ့ပါသည်။

ပြည်သူ့လွှတ်တော်တွင် အမတ်နေရာ ၄၅၄ နေရာတွင် လက်ရှိအာဏာရ အမျိုးသားဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၄၂၄ နေရာဖြင့် လွှမ်းမိုးထား ပါသည်။ အီဂျစ်နိုင်ငံကို ၁၉၆၇ ခုနှစ် ကတည်းက အရေးပေါ် ဥပဒေ အမှတ် ၁၆၂ (၁၉၅၈) (Emergency Law No. 162, 1958) ဖြင့် ဆက်တိုက်နီးပါး အုပ်ချုပ်ခဲ့ပါသည်။

ထိုအရေးပေါ် ဥပဒေတွင် သံသယရှိသူများအားအချိန်အခါမရွေး ဖမ်းဆီးပိုင်ခွင့်နှင့် တရားရုံးတင်စစ်ဆေးခြင်းမရှိပဲ ကာလရှည် ကြာစွာ ထိမ်းသိမ်းပိုင်ခွင့်နှင့် အရပ်ဘက်မှ စစ်ဘက်ဆိုင်ရာတရားရုံးသို့ လွှဲပြောင်းခြင်းကိစ္စများ၊ သို့မဟုတ် လွတ်လပ်ပြီးတရားမျှတသော ရုံးတင်စစ်ဆေးရေးဆိုင်ရာ နိုင်ငံတကာ စံသတ်မှတ်ချက်နှင့် မပြည့်မှီသော လုပ်ထုံးများ ကျင့်သုံးသည့် နိုင်ငံတော်လုံခြုံရေးအထူး တရားရုံးများအာဏာများ၊ သပိတ်မှောက်မှုကို တားမြစ်ခြင်း၊ ဆန္ဒပြခြင်းနှင့် လူအများစုဝေးတွေ့ဆုံဆွေးနွေးခွင့်တို့ကိုလည်း တားမြစ်ခြင်းနှင့် ဆင်ဆာပြုလုပ်ခြင်း သို့မဟုတ် နိုင်ငံတော်လုံခြုံရေးအကြောင်းပြချက်ဖြင့် သတင်းစာများ အားပိတ်ပစ်ခြင်း အစရှိသော အခြေခံလွတ်လပ်မှုအခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်နိုင်သော အာဏာများအပ်နှင်းသည့်ပြဋ္ဌာန်းချက်များပါဝင်သည်။

၃ နှစ်တကြိမ် ပြန်လည်သက်တမ်းတိုးမြှင့်ရသော ထိုဥပဒေသည် လွန်ခဲ့သော မေလ ၂၀၀၃ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ၊ အစိုးရသည် သတ်မှတ်ရက်ကို နှောင့်နှေးမှုမရှိပဲ ရှေ့တိုးသတ်မှတ်ခြင်းဖြင့် ပြဋ္ဌာန်းချက်အသစ်ကို လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ၏ ဆန့်ကျင်ကန့်ကွက်သည့် လှုံ့ဆော်မှုများကို ရှောင်ရှားခဲ့ကြောင်း အစီရင်ခံများတွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့ရပါသည်။

ထောင်ချီသောအတိုက်အခံများ အတိအကျဆိုရလျှင် "မူဆလင်ညီနောင်များ" (Muslim Brotherhood) ကဲ့သို့သော မူဆလင်အဖွဲ့အစည်းဝင်များသည် ယခုနှစ်များအတွင်း ဤဥပဒေဖြင့် ဖမ်းဆီးထိမ်းသိမ်းခံခဲ့ရပါသည်။ တချို့သည် နှစ်ပေါင်းများစွာ တရားစွဲဆိုခြင်း၊ ရုံးတင်စစ်ဆေးခြင်းမရှိဘဲ၊ သို့မဟုတ် ဥပဒေအထောက်အကူရရှိစေခြင်းမရှိဘဲ

စဉ်ဆက်မပြတ် အသစ်တိုးမြှင့်ချမှတ်သော အမိန့်များဖြင့် အထိမ်းသိမ်းခံနေရပါသည်။ ဖမ်းဆီးထိမ်းသိမ်းခံနေရစဉ် နိုင်ငံတော် လုံခြုံမှုထောက်လှမ်းရေးအဖွဲ့၏ နှိပ်စက်ညှဉ်းပမ်းခြင်းများ လည်း ကျယ်ကျယ်ပြန့်ပြန့်ရှိနေပါသည်၊

ပြီးခဲ့သောအပတ်များက အီရတ်တွင်ဖြစ်ပေါ်လာနိုင်သောစစ်အား ဆန့်ကျင်သူများသည်လည်း ထိုဥပဒေဖြင့် ထိမ်းသိမ်းခံခဲ့ရပါသည်။ ၎င်းတို့အထဲတွင် ဆိုရှယ်လစ်လေ့လာရေးဌာနချုပ်ကို ကိုင်ရိုတွင် စတင်တည်ထောင်ခဲ့သူလည်းဖြစ် စစ်ဆန့်ကျင်ရေး လှုပ်ရှားသူတစ်ဦးလည်းဖြစ်သူ ကာမယ်လ် ခါလီ (Kamal Khalil) လည်းတဦးအပါအဝင်ဖြစ်သည်။ သူသည် ဖေဖေါ်ဝါရီလ ၁၈ ရက်နေ့တွင်ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော် လုံခြုံရေးအရာရှိများက ၎င်း၏မိသားစုကို သူသည် အထိမ်းသိမ်းခံနေရကြောင်း တိုးတိုးတိတ်တိတ် အသိပေးခဲ့သော်လည်း သူ့အားမည်သည့်နေရာတွင် ထိမ်းသိမ်းထားသည် ကိုမူ မပြောပြချေ။ သူသည် ပန်းနာရင်ကြပ်ဝေဒနာခံစားနေရပြီး မကြာသေးမီကမှ ကြီးမား သောခွဲစိတ်ကုသမှုခံယူခဲ့ရာမှ ပြန်လည်နာလန်ထခါစဖြစ်သည်။ သူအတွက်အရေးတကြီးလိုအပ်နေသောဆေးဝါးကို ၎င်း၏ မိသားစုဝင်များက သူ့ထံပို့ပေး၍ မရနိုင်ဖြစ်နေခဲ့ပါသည်။

ပြည်သူ့လွှတ်တော်တွင်း ထိုဥပဒေအတွက် ခုခံကာကွယ်အချေအတင်ဆွေးနွေးသည့်အချိန်ကာလမှာ အင်မတန်မှတိုတောင်းပြီး အစိုးရအရာရှိများက အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေးစစ်ကို အဓိကအကြောင်းပြချက်အဖြစ်ထောက်ပြပြီး သက်တမ်းတိုးမြှင့်ရန်အထူးလိုအပ်ကြောင်းဆိုပါသည်။ ပြည်သူ့လွှတ်တော်နှင့် အတိုင်ပင်ခံကောင်စီရေးရာ ဝန်ကြီး ကမယ်လ် အီလ်–ရှဇလီ (Kamal El-Shazly) က ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှစ၍ ရဲများ၏ လုပ်ပိုင်ခွင့်အာဏာကို အကြီးအကျယ်တိုးမြှင့်ပေးခဲ့သည့် အမေရိကန်နိုင်ငံမှ အကြမ်းဖက်မှုဆန့်ကျင်ရေး ဥပဒေပြုရေးလုပ်ငန်းစဉ်ကို နမူနာအဖြစ် ထောက်ပြခဲ့သည်ဟုဆိုပါသည်။

လွှတ်တော်ကိုယ်စားလှယ် ၄၅၄ ဦးမှ အတိုက်အခံပါတီမှလာသူ ၃၀ ဦးသာ ဥပဒေသက်တမ်းတိုးခြင်းကို ကန့်ကွက်မဲ ပေးခဲ့ကြပါသည်။ ၎င်းတို့က အီဂျစ်နိုင်ငံတွင် သုံးနှစ်ကျော်လာသည့်တိုင်အောင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများ မယ်မယ်ရရ မရှိခဲ့ကြောင်းဆိုပါသည်။

## ဝန်ကြီးချုပ်ဟောင်း အလွဲသုံးစားမှုဖြင့်စွပ်စွဲခံရ

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဟောင်း ရှိက် ဟစီနာ (Sheikh Hasina) သည် ရုရှားထံမှ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ဝယ်ယူခြင်းနှင့်ပါတ်သက်၍ လာဒ်စားကြောင်း စွပ်စွဲထားသည့် အမှုတခုအတွက် ဖေဖေါ်ဝါရီလ ၂ ရက်နေ့တွင် အာမခံ ရရှိသွားပါသည်။

၁၉၉၆ မှ ၂၀၀၁ခုနှစ်ထိ ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး၊ ယခုအတိုက်အခံခေါင်းဆောင်ဖြစ်သူ မစ်ဇ် ဟာစီနာသည် လူထုရံပုံငွေထဲမှ အမေရိကန်ဒေါ်လာ ၁၂၄ သန်းကို ၁၉၉၉ ခုနှစ်တွင် ရုရှားထံမှ MiG 29 အမျိုးအစား စစ်လေယာဉ် ရှစ် စီးဝယ်ယူ၍ တလွဲအသုံးချခဲ့သည်ဟု စွပ်စွဲခံခဲ့ရပါသည်။ သူမသည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၇ နှစ်အထိကျခံဖွယ်ရာရှိပါသည်။

သူမက ထိုဂျက်လေယာဉ်များကို ရိုးရှင်းသော အပေးအယူဖြင့် ဝယ်ယူခဲ့ဖြစ်ကြောင်း ဆိုကာ သူမအပေါ်စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပါသည်။ သူမ၏ အာမခံအတွက် မစ်ဇ် ဟာစီနာ ဒါကာမြို့လယ်တရားရုံးသို့လာရောက်စဉ် ရာနှင့်ချီသော သူမအားထောက်ခံသူများက ရုံးတော် အပြင်ဘက်တွင် စုရုံးခဲ့ကြပြီး အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။

တကယ်တော့ ထိုအပေးအယူသည် ရုရှားနှင့်နှစ်နိုင်ငံချင်းညှိနှိုင်းဆွေးနွေးမှုကြောင့် ထိုလေယာဉ်များကို ပေါက်ဈေးထက် နည်းသောဈေးဖြင့်ဝယ်နိုင်ခဲ့သဖြင့် နိုင်ငံတော်အတွက် အမေရိကန်ဒေါ်လာ ၁၇၀ သန်းသက်သာခဲ့ကြောင်း သူမ၏ ရှေ့နေ ရိုကိုနူဒင် မာမဒ် (Rokonuddin Mahmud) ကဆိုပါသည်။

ထိုသို့ဝယ်ယူဖို့အပေးအယူလုပ်ရာတွင် ဒါကာငွေ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂၄) သန်းနီးပါး ဖြုန်းတီးခဲ့ကြောင်း၊ လေယာဉ်များသည် မဆိုစလောက်တင်ဒါ ဖြင့်ဝယ်ယူခဲ့သည်ဆိုသည်မှာ အဓိပ္ပာယ်မရှိသောစကားမျှသာဖြစ်ကြောင်း အစိုးရရှေ့နေ အက်ဒူလာ မန်းမဒ် ဟစနာ (Abdullah Mahmud Hasana) ကိုတရားရုံးသို့တင်ပြပြီး အာမခံပေးခြင်းကို ကန့်ကွက်ခဲ့ပါသည်။

လက်ရှိဝန်ကြီးချုပ် ကာလီဒါ ဇီယာ (Khaleda Sia) အစိုးရက ဘင်္ဂလားဒေ့ရှ်ကဲ့သို့ ဆင်းရဲသောနိုင်ငံအဖို့ ခေတ်မီ ဂျက်လေယာဉ်ကို ဝယ်ယူရန် သို့မဟုတ် ပိုင်ဆိုင်ရန်မှာ ခက်ခဲသည့်အရာဖြစ်ကြောင်းဆိုပါသည်။

မစ်ဇ် ဟာစီနာအစိုးရကလည်း ထိုဂျက်လေယာဉ်တွေဖြင့် နိုင်ငံရဲ့ လေတပ်ကို ခေတ်မီအောင်လုပ်ဖို့ရည်ရွယ်ခဲ့ကြောင်းဆိုပါသည်။

နှစ်ဘက်စလုံး၏ လျှောက်ထားချက်ကိုကြားနာပြီးနောက် တရားသူကြီး အမ် အဇီဇူ ဟက် (M Azizul Huq) က သူမအား ဒါကာငွေ ၁၀၀၀၀၀ (၇၂၅၀ ဘတ်) ခံဝန်ချုပ်နှင့် အာမခံပေးလိုက်ပြီး၊ မတ်လ ၁၃ ရက်နေ့တွင် စွပ်စွဲချက်များအားဖြေရှင်းရန် တရားရုံးတော်သို့ လာရောက်ဖို့ အမိန့်ချခဲ့ပါသည်၊

အလွဲသုံးစားမှုတိုက်ဖျက်ရေးဗျူရိုက ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မစ်ဇ် ဟာစီနာနှင့် တခြား ခြောက်ဦးကို အလွဲသုံးစားမှုဖြင့်အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ထိုအမှုကို ဒေသဆိုင်ရာ အထူးတရားသူကြီးများ တရားရုံးတွင်ဇန်နဝါရီလ ၂၉ ရက်နေ့ကတင်သွင်းခဲ့ပြီး၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ကမှ ပထမဦးဆုံးအကြိမ်ကြားနာစစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ ကြည်းတပ်နှင့် လေတပ်အကြီးအကဲဟောင်းအပါအဝင် သူမနှင့်အတူတူတရားစွဲခံရသူ ခြောက်ဦးကိုလည်း တရားရုံးက ဖေဖော်ဝါရီလ ၂ ရက်တွင် အာမခံပေးခဲ့ပါသည်။

မစ္စ ဇီယာ အစိုးရသည် ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၎င်းတို့စတင်အာဏာရယူချိန်မှစပြီး မစ္စ ဟာစီနာနှင့် သူမ၏အစိုးရအဖွဲ့ဝင်ဟောင်းတချို့ကို အလွဲသုံးစားမှု ၁၂ ခုဖြင့် တရားစွဲဆို အမှုဖွင့်ခဲ့ပါသည်။ အဓိကအတိုက်အခံပါတီ အဝါမီ (Awami) ၏ လက်ရှိခေါင်းဆောင်ဖြစ်သူ မစ္စ ဟာစီနာက အစိုးရသည် သူမနှင့် သူမအားထောက်ခံသူများကို အရှက်ရစေရန် အမှုများဖွင့်နေကြောင်းစွပ်စွဲပြောဆိုခဲ့ပါသည်။ မစ္စ ဟာစီနာသည် သူမအပေါ် အမှုဖွင့်ထားသော အလွဲသုံးစားမှုများဆက်စပ်ပြီး အထိန်းအသိမ်းမခံခဲ့ရဖူးပါ။ သူမသည် ငွေကြေး

အကျိုးအမြတ်များမရှိးမသားရယူသည့် နောက်ထပ်အမှုတခုဖြင့်လည်း အာမခံ ရယူခဲ့ရဖူးပါသည်၊ တခြားအမှုများမှာ စုံးစမ်းစစ်ဆေးနေဆဲဖြစ်သည်။

## တရားရုံးက သမတ သား၏ ထောင်ဒဏ်သက်တမ်းကို လျှော့ချလိုက်ခြင်း

အယူခံတရားရုံးက အလွဲသုံးစားမှုဖြင့်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူ တောင်ကိုးရီးယား သမတ ကင်ဒေဂျုံးသား၏ မူလထောင်ဒဏ် ၄၂ လ ကို ၁၈ လသို့ လျော့ပေါ့ချမှတ်ခဲ့ပါသည်။ ဆိုးလ်းမြို့တော် အယူခံတရားရုံးက ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကင်ဟောင်အ (Kim Hong-up) ၅၃ နှစ်အား လာဒ်ငွေများရယူမှုနှင့် အခွန်ရှောင်မှုအတွက် ထောင်ဒဏ် ၂ နှစ်နှင့် ငွေဒဏ် အမေရိကန်ဒေါ်လာ ၅၆၀၀၀၀ ချမှတ်လိုက်ပါသည်။

တရားခံသည် အရင်ကဖြစ်ခဲ့သော အလားတူပြစ်မှုမှ သင်ခန်းစာရယူခြင်း မပြုခဲ့သဖြင့် လူအများအပေါ်သစ္စာဖောက်သလိုဖြစ်ပြီး၊ သမတသားဟူသော ဂုဏ်ပုဒ်ကို ကိုယ်ကျိုးစီးပွားအတွက် မတရားအသုံးချခဲ့ကြောင်း တရားသူကြီးကဆိုပါသည်။ တရားသူကြီး အိုဆီဘင် (Oh Se-bin) က ထိုကဲ့သို့သောအဖြစ်မျိုးထပ်မံမဖြစ်ပွားရန်ကာကွယ်သည့်အနေဖြင့် ကြီးလေးသော ပြစ်ဒဏ်ချမှတ်ရခြင်းဖြစ်ကြောင်းဆိုပါသည်။

သို့သော်လည်း တရားသူကြီးက တရားခံသည် သူ့ရဲ့မှားယွင်းသောလုပ်ရပ်အတွက် လွန်စွာနောင်တရခဲ့ပြီး သူ့ရဲ့လုပ်ဖော် ကိုင်ဖက်မှတဆင့်သာ အကျိုးအမြတ်များရယူခဲ့ခြင်းဖြစ်သောကြောင့် သိပ်ဆိုးဝါးသောအခြေအနေအဖြစ် တရားရုံးက မယူဆကြောင်း ဆိုပါသည်။

## အာချေးတွင် ဘာသာရေးတရားရုံးဖွင့်

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မြို့တော် ဘန်ဒါအာချေးတွင် ထောင်နှင့်ချီသော မွတ်စလင်လူအုပ်ကြီးသည် မြို့တော်လမ်းမတလျှောက် ချီတက်ကာ မူစလင်နှစ်သစ်ကူးအခမ်းအနားနှင့် ပထမဆုံးသော မွတ်စလင်ဘာသာရေး တရားရုံး ရှရီယာ (Sharia Court) ဖွင့်ပွဲ အခန်းအနားကိုမတ်လ ၄ ရက်နေ့တွင်ဆင်နွှဲကြသည်။

လူပေါင်းတသောင်းနီးပါးရှိသော လူအုပ်ကြီးသည် ဘလောင်ပဒေါင် (Blaung Padang) ကွင်းတွင် စုရုံးခဲ့ကြပြီး၊ မြို့တော်ဝန်နေအိမ်သို့ချီတက်ခဲ့ပြီးနောက် မြို့တွင်းလှည့်လည်ကာ မူလကွင်းပြင်သို့ပြန်လာခဲ့ကြပါသည်။ စုရုံးလာကြသူများသည် တန်ဆာဆင်ထားသော ဆင်နှစ်ကောင်ဦးဆောင်ကာ မူဆလင်ဘာသာရေးတရားရုံး (ရှာရီယာ တရားရုံး) နှင့် အာချေး (Aceh) ပြည်နယ်တွင် ရှာရီရှာအား တဖြည်းဖြည်းအကောင်အထည်ဖော်လာမှုကို ကြိုဆိုကြောင်း ပိုစတာများသယ်ဆောင်လှည့်လည်ခဲ့ကြပါသည်။ဘာသာရေးဆိုင်ရာဝန်ကြီးဌာနက ဆိတ် အဂျီ ဟူဆင် အယ် မူနာဝါ (Said Agil Husin al-Munawar) နှင့် ထိပ်ပိုင်းအစိုးရအရာရှိအများအပြားသည် ထိုနေ့က တရားဝင် ရှာရီယာတရားရုံးဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် စီစဉ်ထားသည်ဟုသိရပါသည်။

ဤနယ်သည် ရှာရီယာဥပဒေကို အကောင်အထည်ဖော်ချမှတ်သည့် တခုတည်း

သောနယ်ဖြစ်သည်။ ကမ္ဘာတွင် မူဆလင်လူဦးရေအများဆုံးဖြစ်သောနိုင်ငံဖြစ်သော်လည်း အစ္စလမ်သည် အင်ဒိုနီးရှား၏ နိုင်ငံတော်ဘာသာ မဟုတ်ချေ။

## တရုတ်တရားရုံး ထောင်ဒဏ်တသက်ချမှတ်

အမေရိကန် အခြေစိုက် အတိုက်အခံ ဝန် ဘိုင်ကျင်း (Wang Bingzhang) သည် သူလျှိုလုပ်မှုနှင့် အကြမ်းဖက်လုပ်ရှားမှုကြောင့် သူ့အပေါ်ချမှတ်ထားသော တသက်တကျွန်းအပြစ်ဒဏ်အား ၃၀ ရက်နေ့တွင် အယူခံဝင်ခဲ့ရာ ရှုံးနိမ့်သွားခဲ့ပါသည်။ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမှ ကြားဝင်ဆောင်ရွက်မှုရှိကြောင်း အစီရင်ခံချက်များရှိသော်လည်း ယခုအခါ ရုံးတင်စစ်ဆေးမှုမှာပြီးဆုံးသွားပြီဖြစ်ကာ တရားရုံးက အရင်ချမှတ်ထားသော စီရင်ချက်အမိန့်ကို ထပ်မံအတည်ပြုခဲ့ကြောင်း ဒါဟာ နောက်ဆုံးဆုံးဖြတ်ချက်ဖြစ်ကြောင်း ရှေ့နေ ယန်းမင် (Yang Min) က ဆိုပါသည်။

အသက် ၅၅ နှစ်ရှိ ဝန် (Wang) သည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရှန်ကျင်း (Shenzhen) ရှိအလယ်အလတ်တရား ရုံးတခုက သူလျှိုလုပ်မှုနှင့် အကြမ်းဖက်အုပ်စုတခုကို ဦးဆောင်မှုဖြင့် ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခြင်းခံခဲ့ရပါသည်။

သူသည် ၁၉၈၂ ခုနှစ်နှင့် ၁၉၉၀ အကြား ထိုင်ဝမ်နိုင်ငံသို့ ထောက်လှမ်းရေးသတင်းများပေးပို့ခြင်းနှင့် တဖန် ထိုင်ဝမ်နိုင်ငံမှ ငွေကြေးအစား တရားမဝင် စစ်သုံးပစ္စည်းများကို လျှို့ဝှက်ရယူပိုင်ဆိုင်ခဲ့ခြင်းဖြင့် အပြစ်ရှိကြောင်းဆိုပါသည်။

## ဆေးကုသမှုငြင်းဆို၊ အဖျားလွန်၍ မီလိုဆိုဗစ် တရားရုံးမလာရောက်နိုင်။

စစ်ရာဇဝတ်မှုဖြင့်ရုံးတင်စစ်ဆေးခံနေရသော ယူဂိုဆလပ်သမတဟောင်း မီလိုဆိုဗစ်သည် ဆေးဝါးကုသခံရန် ထပ်မံငြင်းဆန်ပြီးနောက် အလွန်အမင်း နေမကောင်းဖြစ်နေသဖြင့် တရားရုံးသို့ လာရောက်နိုင်ခြင်းမရှိသောကြောင့် အမှုကို နောက်တကြိမ် ထပ်မံ ရွှေ့ဆိုင်းခဲ့ရပါသည်။

ၝင်းရုံးတင်စစ်ဆေးမှုကို ကြားနာလျက်ရှိသော တရားသူကြီး ရစ်ချက် မေ (Richard May) က မီလိုဆိုဗစ်သည် သူ၏ သွေးဖိအားကျဆင်းရန် ဆေးဝါးကုသမှုပိုမိုခံယူဖို့ဆရာဝန်မှ ညွှန်ကြားချက်ပေးသော်လည်း ထိုဆေးပညာအရအကြံပြုချက်ကို ခံယူရန်ငြင်းဆန်ခဲ့ကြောင်းဆိုပါသည်။

ကျန်းမာရေးဆိုင်ရာအကြောင်းပြချက်များကြောင့် မတ်လ ၁၈ ရက်နေ့တွင် ထိုရုံးတင်စစ်ဆေးမှုကို တကြိမ်ရွှေ့ဆိုင်းခဲ့ရပြီး၊ မတ်လ ၂၅ ရက်နေ့တွင်တဖန်ကြားနာစစ်ဆေးရန် သတ်မှတ်ထားခဲ့ပါသည်။ ယူဂိုဆလပ်နိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးတွင် မီလိုဆိုဗစ်၏ ချို့တဲ့သောကျန်းမာရေးကြောင့် အမှုသွားအမှုလာကို နှောင့်ယှက်ကြန့်ကြာစေသည်မှာ ယခုအကြိမ်သည် ခုနစ်ကြိမ်မြောက်ဖြစ်ပါသည်။

တရားလိုရှေ့နေ ဂျော့ဖရီ နိုက် (Geoffrey Nice) က ယခုလိုအခြေအနေမျိုးနှင့် ဆက်လက်စခန်းမသွားနိုင်ကြောင်း တရားရုံးသို့လျှောက်ထားခဲ့ပါသည်။ တရားလိုဘက်အား

ဤအမှုနှင့်ပါတ်သက်သည့် တင်ပြချက်များကို မေလ ၁၆ ရက်နေ့ထိ တရားဝင်ပေးအပ်ထားပြီး ဖြစ်ပါသည်။ သို့သော် သူတို့သည် အချိန်ပိုမိုလိုအပ်ကြောင်း ကြိမ်ဖန်များစွာ ဆင်ခြေပေးခဲ့ကြပါသည်။

မီလိုဆီဗစ်သည် စစ်ရာဇဝတ်မှု၊ လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှု (Crime against humanity) နှင့် ၁၉၉၀နှစ်များအတွင်း ဘော်လကန်ဒေသအား ခရိုအေးရှား၊ ဘော့စနီးယားနှင့် ကိုဆိုဗိုအဖြစ်အပိုင်းပိုင်းခွဲစေခဲ့သော စစ်ပွဲသုံးပွဲအတွင်း ဖြစ်ပွားခဲ့သည့် လူမျိုးများအားမျိုးဖြုတ်သတ်ဖြတ်မှု (genocides)၊ များအတွင်း သူ့၏ အခန်းကဏ္ဍနှင့်ပါတ်သက်သည့် စွဲချက်တစ်ခု၊ စုစုပေါင်း စွပ်စွဲချက် ၆၀ ကျော်ကိုရင်ဆိုင်နေရပါသည်။

## သမတဟောင်း မစ် ပလာဗစ် ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခံရ

သီဟိတ် (The Hague) မြို့ရှိ ကုလသမဂ္ဂတရားရုံးက ဘော့စနီးယား ဆာဘ် သမတဟောင်း ဘီလ်ဂျနာ ပလာဗစ် အား ၁၉၉၂–၉၅ ဘော့စနီးယားစစ်ပွဲအတွင်း ကျူးလွန်ခဲ့သည့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုအတွက် ဖေဖော်ဝါရီလ ၂၇ ရက်တွင် ထောင်ဒဏ် ၁၁ နှစ် ချမှတ်လိုက်သည်။

ဘော့စနီးယားစစ်ပွဲအတွင်း ဘော့စနီးယားရှိ ခရိုအက်နှင့် မူဆလင်များကို နှိပ်ကွပ်သည့် လှုပ်ရှားမှုတွင် ဦးဆောင်မှုအခန်းမှ ပါဝင်လှုပ်ရှားခဲ့ကြောင်း ဘော့စနီးယားလူမျိုး အသက် ၇၂ အရွယ် သံမဏိစိတ်ဓါတ်ပိုင်ရှင်အမျိုးသမီး ပလာဗစ်က လွန်ခဲ့သောနှစ်က ခံဝန်ချက်ပြုကာ အပြစ်ရှိကြောင်းဝန်ခံခဲ့ပါသည်။ ထိုလှုပ်ရှားမှုတွင် ထောင်ပေါင်းများစွာသော လူများ သတ်ဖြတ်ခံခဲ့ရပြီး ထောင်ပေါင်းရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။

အမှုကြားနာစစ်ဆေးသော တရားသူကြီးအဖွဲ့၏ အလှည့်ကျတရားသူကြီးဥက္ကဌ ရစ်ချက် မေ (Richard May) က သူမအပေါ်ချမှတ်သည့် ပြစ်ဒဏ်ဖတ်ကြားစဉ် ပလာဗစ်သည် ဘာခံစားမှုမှမရှိသလိုတွေ့ရပါသည်။

ဘော့စနီးယားဆာဘ်စစ်တပ်ဦးစီးချုပ်နှင့် သူ၏ဒုတိယသမတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော စစ်အတွင်းက ဘော့စနီးခေါင်းဆောင်တဦးဖြစ်သူ ဝါရမ်းပြေး ရာဒိုဗန် ကာရာဒစ်နှင့် အနီးကပ်ဆုံးမဟာမိတ်ဖြစ်ခဲ့သူ ပလာဗစ်ကို တရားလိုရှေ့နေများက ထောင်ဒဏ် ၂၅ နှစ် ချမှတ်ပေးပါရန်တောင်းဆိုခဲ့ပါသည်။

နှိပ်ကွပ်ခြင်း၊ အတင်းအဓမ္မနေရပ်ရွှေ့ပြောင်းစေခြင်း၊ လူသတ်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ ဥပဒေနှင့်မညီသောဖမ်းဆီးချုပ်နှောင်မှုပြုခြင်း၊ ရက်ရက်စက်စက်ပြုခြင်းနှင့် လူသားမဆန်သောလုပ်ဆောင်မှုများအပါအဝင် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုဖြင့် သူမတွင်အပြစ်ရှိကြောင်း လွန်ခဲ့သောနှစ် အောက်တိုဘာလတွင် ပလာဗစ်က မထင်မှတ်ပဲ ထုတ်ဖော် ဝန်ချခဲ့ပါသည်။

အပြန်အလှန်အနေဖြင့် တရားလိုဘက်ကလည်း ၁၉၉၂–၉၅ခုနှစ် ဘော်စနီးယားစစ်ပွဲကာလ အဆိုးဝါးဆုံးသော စစ်ရာဇဝတ်ဖြစ်သည့် မျိုးတုံးသတ်ဖြတ်မှုအပါအဝင်သူမ အပေါ်စွဲချက်တင်ထားသော တခြားစွဲချက်များအားလုံးကို ရုတ်သိမ်းရန် သဘောတူခဲ့ပါသည်။ စစ်

အတွင်း လူမျိုးစုသန့်စင်ခြင်းဟုလူသိများသော လှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အစီအစဉ်ရှိရှိဖော်ဆောင်သည့်ကာလ၌ ထောင်ချီသော ဘော့စနီးယားမူဆလင်နှင့် ဘော့စနီးယားခရိုအက်များကို သုတ်သင်သတ်ဖြတ်မှုအပေါ် တာဝန်ရှိကြောင်းကိုလည်း သူမကဝန်ခံခဲ့ပါသည်။

သူမကိုယ်တိုင်အရေးကြီးသောနေရာက ပါဝင်ခေါင်းဆောင်မှုကြောင့် မရေမတွက်နိုင်သော အပြစ်မဲ့ပြည်သူများ သားကောင်ဖြစ်ခဲ့ရခြင်းအတွက်လည်းကောင်း၊ ထိုကဲ့သို့သော လူအများထိခိုက်နစ်နာခဲ့ရခြင်းနှင့် မိမိ၏ပြည်သူများ၏ဂုဏ်သိက္ခာကို အစွန်းအထင်းဖြစ်စေခဲ့တာကို အမြဲအမှတ်ရနေမှာဖြစ်ကြောင်း သူမက ရုံးတော်ကိုပြောကြားခဲ့ပါသည်။

သူမသည် ဘောလကန်အရေးအခင်းကာလအတွင်း စစ်ရာဇဝတ်မှုဖြင့်အပြစ်ရှိကြောင်းဝန်ခံသည့် ယူဂိုဆလားဗီးယားနိုင်ငံဟောင်း၏ အဆင့်အမြင့်ဆုံးထိပ်တန်းအရာရှိတဦးဖြစ်သည်။

ပလာစစ်၏ အပြစ်ရှိကြောင်းဝန်ချတောင်းပန်ခြင်းသည် ရာဇဝတ်မှုအတွက် တာဝန်ရှိမှုကို မည်သို့မျှ ပြောင်းလဲ၍ရမည် မဟုတ်ဟုဆိုကာ စစ်ရာဇဝတ်မှုတရားလိုရှေ့နေချုပ် ကာလာ ဒယ်လ်ပွန်တီ (Carla del Ponte) ကသူမကိုထောင်ဒဏ် ၁၅ နှစ်မှ ၂၅ နှစ်အထိ ချမှတ်ပေးရန်ရုံးတော်သို့ လျှောက်ထားခဲ့ပါသည်။

စစ်အပြီးတွင်သူမသည် လက်တွေ့ဆန်သောပြောင်းလဲမှုများကြုံတွေ့ခဲ့ရပြီး ဘော့စနီးယားစစ်ပွဲကို အဆုံးသတ်စေခဲ့သည့် ၁၉၉၅ ဒေတန် ငြိမ်းချမ်းရေး သဘောတူညီချက်ထောက်ခံခဲ့ပြီးသည့်အခါ သူမသည် အနောက်တိုင်းလိုလားသည့်ရပ်တည်မှုကို လက်ခံလာခဲ့သည်။

သူမ၏ တရားခံရှေ့နေချုပ်က စစ်ပြီးကာလ သူမ၏လုပ်ဆောင်ရပ်တည်မှုနှင့် အသက်အရွယ်ကြောင့် ထောင်ဒဏ် ခုနစ်နှစ် မှ ရှစ်နှစ်အထိသာ ချမှတ်ပေးပါရန် လျှောက်ထားခဲ့သည်။

သူမ၏ လူမဆန်သောခေါင်းဆောင်မှုအတွက် သူမသည် အလွန်တက်ကြွသော အမျိုးသားရေးဝါဒီအဖြစ် ချီးမြှောက်ခြင်းခံခဲ့ရပါသည်။ တချိန်က ဆာဘ်လူမျိုးမဟုတ်သူများအား လူမျိုးစုသန့်စင်ခြင်းကို ရာဇဝတ်မှုမဟုတ်ပဲ သာမာန်ဖြစ်ရိုးဖြစ်စဉ် သဘာဝအဖြစ် ထင်ထင်ရှားရှားကာကွယ်ပြောဆိုခဲ့သည့် သူမအား သူရဲကောင်းကဲ့သို့လည်း သဘောထားခဲ့ကြပါသည်။

တရားလိုဘက်က ပလာစစ်အား ယူဂိုဆလားဗီးယားနိုင်ငံဟောင်းမှ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးတွင် တရားစွဲဆိုခံရသူ ဘော့စနီးယားဆာဘ်ခေါင်းဆောင်များထဲမှ၊ ခေါင်းအမာဆုံးသူ၊ သဘောထားတင်းမာဆုံးသူနှင့် မူဆလင်ဆန့်ကျင်ဆုံးသူနှင့် တဦးတည်းသော အမျိုးသမီးဟု ဖော်ပြကြပါသည်။

## စစ်ရာဇဝတ်မှုအတွက်ထောင်ဒဏ်

၁၉၉၀ ခုနှစ်များက ရုတ်တရက်စတင် ဖြစ်ပွားခဲ့သော ဆာဘ့်–ခရိုအက်စစ်ပွဲတွင် ဆာဘ်လူမျိုးအပေါ်ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများအတွက် အငြိမ်းစား ခရိုအေးရှား

ဗိုလ်ချုပ် မာကို နော်က် (Mirko Norac) အား ဒေသန္တရတရားရုံးတခုက ထောင်ဒဏ် ၁၂ ချမှတ်လိုက်ပါသည်။

သူ့အား ၁၉၉၁ ခုနှစ် အောက်တိုဘာလ၊ အနည်းဆုံး ဆာဘ်လူမျိုးအရပ်သား ၅၀ ကို ဂိုစ်ပစ် (Gospic) အနီး သတ်ဖြတ်ရာတွင် စီစဉ်ဆောင်ရွက်မှုဖြင့် ရီဂျီကာ (Rijeka) မြောက်ဘက်စွန်းရှိ အက်ဒရီယားတစ် (Adriatic) မြို့ တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

နော်က် (အသက် ၃၄နှစ်) သည် ဒေသန္တရတရားရုံးမှ စစ်ရာဇဝတ်မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရသူ အဆင့်အမြင့်ဆုံး ခရိုအက် အရာရှိဖြစ်ပါသည်။

## မစ္စတာ ဆီဆဲလ် အပြစ်မရှိကြောင်း လျှောက်လဲချက်ပေး။

ဆာဘ်လူမျိုးသဘောထားပြင်းထန်သူ အလွန်အကျွံအမျိုးသားရေးသမား ဗိုဂျီဆလပ်ဆီဆဲ (Vojislav Seselj) က မတ်လ ၂၅ ရက်နေ့တွင် လူသားဖြစ်မှုကိုဆန့်ကျင် ကျူးလွန်သောရာဇဝတ်မှုနှင့် သူ့အပေါ်စွဲဆိုထားသော စစ်ရာဇဝတ်မှုများ အားလုံးအတွက် အပြစ်မရှိကြောင်း ကုလသမဂ္ဂတရားရုံးသို့ လျှောက်လဲချက်ပေးခဲ့ပါသည်။တရားရုံးတွင် ဖတ်ကြားသွားသော သူ့အပေါ်စွပ်စွဲချက် ၁၄ ချက်အတွက် အပြစ်မရှိ ကြောင်းဆိုပါသည်။

မစ္စတာ ဆီဆဲ သည် သီဟိတ်တွင်တရားရင်ဆိုင်နေရသော ယူဂိုဆလပ် သမတ ဆလိုဗိုဒန် မီလိုဆီဗစ်၏ နိုင်ငံရေးအရ မဟာမိတ်တဦးလည်းဖြစ်ခဲ့ပါသည်။ သူသည် ၁၉၉၀ ခုနှစ်များက ဘော်လကန်စစ်ပွဲအတွင်း ရက်ရက်စက်စက်နှိပ်ကွပ်မှု၊ မျိုးဖြုတ်ခြင်း၊ လူသတ်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းများအပါအဝင် ရာဇဝတ်မှုများကို ဘောစနီးယား၊ ခရိုအေးရှားနှင့် ဆားဗီးယားမြောက်ပိုင်း ဗိုဗိုဒီနာ (Vojvodina) ပြည်နယ်တို့တွင် ကျူးလွန်ခဲ့ သည်ဟုဆိုပါသည်။

ဖေဖော်ဝါရီလအတွင်း ကနဦးတရားရုံးသို့လာရောက်ရာတွင် မစ္စ ဆီဆဲက သူ့အပေါ် တရားစွဲဆိုချက်တွင်ပါဝင်သော စကားလုံးများစွာကို နားမလည်ဟုဆိုပြီး ထုချေလွှာတင်ရန် ငြင်းဆိုခဲ့ပါသည်။

## ဗိုလ်ချုပ်ကြီး ဝရန်တိုအား တရားစွဲဆို

အရှေ့တီမောရှိ ကုလသမဂ္ဂတရားလိုရှေ့နေများက အင်ဒိုနီးရှား ကာကွယ်ရေး ဝန်ကြီးဟောင်း၊ စစ်ဘက်ဆိုင်ရာ အကြီးအကဲဖြစ်သူ ဝါရန့်တိုအား ၁၉၉၉ ခုနှစ် အရှေ့တီမော တွင် လူသားချင်းစာနာမှု ကင်းမဲ့သော ရာဇဝတ်ပြစ်မှုဖြင့် တရားစွဲတင်လိုက်ပါသည်။

ဆိုးဝါးသောရာဇဝတ်မှုများဆိုင်ရာအဖွဲ့ (Serious Crimes Unit) က ဝါရန့်တို တခြား ထိပ်ပိုင်းအရာရှိ ခြောက်ဦးနှင့် ထိုစဉ်က အုပ်ချုပ်ရေးမှူးဖြစ်သူတို့အား မဲပေးပွဲ မတိုင်မီနှင့် မဲပေးပွဲပြီးနောက် လူသတ်မှု၊ အတင်း အဓမ္မနေရပ်ရင်းပြန်လည်ပို့ ဆောင်မှုနှင့် လွတ်လပ်ရေး ထောက်ခံသူများအား အပြစ်ပေးစီရင်မှုများအတွက် ၎င်းတို့က တရားစွဲဆိုလိုက်ကြောင်း ဆိုပါ သည်။

ခန့်မှန်းခြေအားဖြင့် လူ၁၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့သည့် အကြမ်းဖက်လုပ်ရှားမှု စတင်ခဲ့သော အင်ဒိုနီးရှားလိုလားသူ ပြည်သူ့စစ်အုပ်စုများအတွက် ထောက်ပံ့ငွေကို အင်ဒိုနီးရှားဗဟိုအစိုးရ ရံပုံငွေထဲမှ ထုတ်ယူပေးခဲ့သည်ဟု ၎င်းတို့ကဆိုပါသည်။ ပြည်သူ့စစ်အုပ်စုများသည် ၁၉၉၉ အတောအတွင်း အရှေ့တီမောနိုင်ငံတဝှမ်းတွင်ကျူးလွန်ခဲ့သော လူသားချင်းစာနာမှုကင်းမဲ့သော ရာဇဝတ်မှုဆီဦးတည်သည့် စနစ်တကျပြင်ဆင်ထားသော လှုပ်ရှားမှုနှင့် စီမံကိန်းကို တီအင်န်အိုင် (အင်ဒိုနီးရှားစစ်တပ်)နှင့်အတူ လုပ်ဆောင်ခဲ့ကြသည်ဟု ၎င်းတို့၏ အမှုစွဲချက်မှာ ဆိုထားပါသည်။ ဤအမှုကို ဒီလီခရိုင်တရားရုံးတွင် တင်သွင်းအမှုဖွင့်ခဲ့ပါသည်။ ဖမ်းဝရမ်းများထုတ်ပြန်ရန် တောင်းဆိုထားပြီး ထိုဝရမ်းများအား အင်ဒိုနီးရှား ရှေ့နေချုပ်နှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (Interpol) သို့လည်း ပေးပို့ထားမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန် ဝိရယုဒ (Hassan Wirayuda) က အင်ဒိုနီးရှားအစိုးရက ၎င်းတို့အား အသိအမှတ်ပြုမည်မဟုတ်ကြောင်း ရည်ညွှန်း ပြောဆိုခဲ့သည်။ ၎င်းက အရှေ့တီမောတွင်ရှိသော တရားရုံးသည် အပြည်ပြည်ဆိုင်ရာ တရားရုံးတခု မဟုတ်ကြောင်းဆိုပါသည်။ တရားရုံးသည် နိုင်ငံအတွင်း ၎င်း၏တရားစီရင်ပိုင်ခွင့် နယ်နမိတ် အတွင်း၌သာ တရားစီရင်ပိုင်ခွင့်ကန့်သတ်သတ်မှတ်ထားသဖြင့် ၎င်း၏တရား စီရင်ပိုင်ခွင့် နယ်ပယ်ကိုကျော်လွန်၍ မည်သူကိုမျှ တရားစီရင်နိုင်စွမ်းမရှိကြောင်းဆိုပါသည်။

လွတ်လပ်သော လူထုဆန္ဒခံယူပွဲကျင်းပရာ၌ ဗိုလ်ချုပ်ကြီး ဝါရန့်တိုသည် လုံခြုံရေး အခိုင်အမာ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်းနှင့်ပါတ်သက်၍ တာဝန်ရှိကြောင်း အမျိုးသား လူ့အခွင့်အရေးကော်မရှင် စုံးစမ်းတွေ့ရှိရသဖြင့် ၂၀၀၀ခုနှစ် ဖေဖော်ဝါရီလတွင် ထိပ်တန်း လုံခြုံရေးဝန်ကြီးအဖြစ်မှ အလုပ်ထုတ်ပစ်ခြင်းခံခဲ့ရသူဖြစ်ပါသည်။

## ခမာနီတရားရုံး

ခမာနီခေါင်းဆောင်များကို ရုံးတင်စစ်ဆေးရန် အပြည်ပြည်ဆိုင်ရာအကူအညီဖြင့် တရားရုံးတခုထူထောင်ရေးအတွက် ကုလသမဂ္ဂနှင့် ကမ္ဘောဒီးယားအစိုးရတို့ မတ်လ ၁၇ ရက်နေ့တွင် သဘောတူညီချက်ရရှိသွားခဲ့ပါသည်။ ယခုသဘောတူညီချက်အသစ်သည် ပြင်သစ်နှင့် ဂျပန်တို့၏ ကြီးမှူးဆောင်ရွက်မှုအောက်မှ အထွေထွေညီလာခံက တင်သွင်း သည့် မူကြမ်းအပေါ်အခြေခံထားပါသည်။

ကမ္ဘောဒီးယားမြို့တော် ဖနွမ်ပင်မှာ ကြေညာခဲ့သည့် သဘောတူညီချက်မူကြမ်းအရ ကမ္ဘောဒီးယား တရားသူကြီးများသည် ဆုံးဖြတ်ချရာတွင် နိုင်ငံခြားသားတရားသူကြီးများနှင့် သဘောတူညီမှုရယူရမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဟွန်ဆန်၏ အစိုးရ အဖွဲ့သည် သဘောတူညီ ချက်မူကြမ်းကို လက်ခံသဘောတူပြီးဖြစ်သဖြင့် ကမ္ဘောဒီယားလွှတ်တော်မှ နောက်ဆုံး အတည်ပြု လက်မှတ်ရေးထိုးခြင်းမပြုမှီ ကုလသမဂ္ဂအထွေထွေညီလာခံ၏ သဘောတူ လက်ခံရန်စောင့်ဆိုင်းနေဟုသိရပါသည်။

ထုတ်ပြန်ကြေညာချက်အရ ကမ္ဘောဒီးယားဘက်မှ စုံးစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းအဆင့်များတွင် ပိတ်ပင်တားဆီးသော လုပ်ရပ်များပြုလုပ်နိုင်မည်

မဟုတ်သော်လည်း ရောနှောထားသော တရားသူကြီးအဖွဲ့ဆုံးဖြတ်ချက်များ ကို ပိတ်ဆို့နိုင်မည်ဖြစ်သည်။ ခုံရုံးကုန်ကျစရိတ်အတွက်ရန်ပုံငွေကိစ္စအပါအဝင် သဘောတူညီချက်ပါအချက် တော်တော်များများသည် ပြီးပြတ်အောင်ဆောင်ရွက်ရန်ရှိနေသေးပါသည်။

ပူးတွဲတရားခုံရုံး တည်ထောင်ရန်လွန်ခဲ့သော ၅ နှစ်ကျော် ကတည်းက ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယား တရားရုံးစနစ်သည် ချစားမှုနှင့် ဝန်ကြီးချုပ်ဟွန်ဆန်၏ နိုင်ငံရေးအရ ထိန်းချုပ်မှုအောက်တွင်ရှိပြီး အဆင့်အတန်းမမှီသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်မြင် တွေ့ရပါသည်။ လူအများအာရုံထားရသော နိုင်ငံရေးအမှုများ၌ ဖမ်းဆီးမှုကို သူ့အမိန့်အရသာ ပြုလုပ်ရပြီး၊ ဆုံးဖြတ်ချက်များသည် မကြာခဏဆိုသလို မည်သို့ချမှတ်ရမည်ကိုကြိုတင်ပြောထားလေ့ရှိပါသည်။ ပြည်သူများက ကမ္ဘောဒီးယား တရားသူကြီးများသက်သက်ဖြင့် အမှုစစ်ဆေးစီရင်ပါက မှန်ကန်မျှတသောဆုံးဖြတ်ချက်ဖြစ်နိုင်မည် မဟုတ်ကြောင်း ယုံကြည်နေကြသည်။ ပူးတွဲတရားရုံးကို သဘောတူလက်ခံလိုက်ခြင်းသည် ပြည်သူလူထု၏ နှစ်ပေါင်းများစွာမျှော်လင့်စောင့်စားချက် အကောင်အထည်ပေါ်လာသည့်သဘောဖြစ်သည်။

သို့သော် ဆက်လက် ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲများစွာရှိသေးကြောင်းနှင့် တရားရုံးတူထောင်နိုင်၊ မနိုင်မှာ ယခုထိအတိအကျမဆိုနိုင်သေးကြောင်း သံတမန်များနှင့် တခြားခွဲခြားစိတ်ဖြာသူများက ဆိုပါသည်။

## တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့် အမေရိကန်နိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့သဘောတူညီ

မိမိတို့၏နိုင်ငံသားများကို နိုင်ငံတဘက်ဘက်ကခွင့်မပြုပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့တရားစွဲဆိုရန်ပို့ဆောင်ခြင်းမှ ကင်းလွတ်ခွင့်သဘောတူညီချက်ကို အမေရိကန်နိုင်ငံနှင့် ရဝမ်ဒါတို့လက်မှတ်ရေးထိုးခဲ့ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကော်လင်းပေါဝဲ (Colin Powell) နှင့် ရဝမ်ဒါနိုင်ငံခြားရေးဝန်ကြီး ချာလ်း မူရီဂန်ဒီ (Charles Murigande) တို့သည် ထိုသဘောတူညီချက်ကို မတ်လ ၄ ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။

အမေရိကန်နိုင်ငံသည် သူ့နိုင်ငံသား အရပ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များကို နိုင်ငံရေးအရင်းခံဖြင့် တရားစွဲဆိုခြင်းများ ပြုလုပ်လာနိုင်သည့်ဟူသော ရှုထောင့်မှနေ၍ အပြည်ပြည်ဆိုင်ရာတရားရုံးကို ဆန့်ကျင်ကန့်ကွက်ခဲ့ပါသည်။သမတဟောင်း ကလင်တန်လက်ထက်တွင် တရားရုံးတူထောင်ရန်သဘောတူညီမှုစာချုပ်ကို အမေရိကန်က လက်မှတ်ရေးထိုးခဲ့သော်လည်း အတည်ပြုရေးအတွက် ဆီးနိတ်သို့လုံးဝရောက်ရှိခဲ့ခြင်းမရှိပဲ မေလတွင် သမတဘုရှ်အစိုးရက စာချုပ်ပါ ပူးပေါင်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများ အားလုံးကို ပယ်ဖျက်ရုတ်သိမ်းရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

အမေရိကန်နှင့်လက်မှတ်ရေးထိုးခဲ့သော တခြားနိုင်ငံများမှာ အာဖဂန်နစ္စတန် (Afghanistan)၊ အာဇာဘိုင်ဂျန် (Azerbaijan)၊ ဘာရိန်း (Bahrain)၊ ဒဂျီဘော့တီ (Djibouti)၊ ဒိုမနီကန် သမတနိုင်ငံ (the Dominican Republic)၊ အရှေ့တီမော (East Timor)၊ အဲလ်ဆာဗေးဒါ (El Salvador)၊ ဂန်ဘီယာ (Gambia)၊ ဂျော်ဂျီယာ

(Georgia)၊ ဟွန်ဒူးရပ်စ် (Honduras)၊ အိန္ဒိယ (India)၊ အစ္စရေး (Israel)၊ မာရှယ်ကျွန်းစု (Marshall Islands)၊ မော်ရီတေးနီးယား (Mauritania)၊ မိုက်ခရိုနီးရှား (Micronesia)၊ နော်ရူး (Nauru)၊ နီပေါ (Nepal)၊ ပါလောက် (Palau)၊ ရိုမေးနီးယား (Romania)၊ သီရိလင်္ကာ (Sri Lanka)၊ တန်ဂျစ်ကစ္စတန် (Tajikistan)၊ တူဗလူ (Tuvalu) နှင့်ဥဘက်ကစ္စတန် (Uzbekistan) တို့ဖြစ်ပါသည်။

## လူထုဆန္ဒခံယူပွဲ ချေချင်းညာတွင်ကျင်းပ

နိုင်ငံတောင်ပိုင်းကို ပြည်ထောင်စုတွင်ထားမထားအဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပြီး၊ ဆယ်စုနှစ်ကြာ ခွဲထွက်ရေးသမားများ၏ တော်လှန်ပုန်ကန်မှုကို နိုင်ငံရေးအရ ပြေငြိမ်းရေးအတွက် ခိုင်မာသော အခြေခံများချမှတ်နိုင်မည်ဟု ရုရှကမျှော်လင့်ထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်တခုအတွက် မတ်လ ၂၃ ရက်နေ့တွင် အန္တရာယ်ကြီးသော လူထုဆန္ဒခံယူပွဲတခုကို ချေချင်းညာ၌ ကျင်းပခဲ့ပါသည်။

စစ်ပန်းနေသည့် ချေချင်းလူမျိုး သန်းတဝက်ကျော်က သူတို့သမတနှင့် လွှတ်တော်ကို သူတို့ကိုယ်တိုင်ရွေးချယ်နိုင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းကို လက်ခံသဘောတူရန် တောင်းဆိုခဲ့ပါသည်။ အကယ်၍ ထိုမူကြမ်းကိုအတည်ပြုလက်ခံကျင့်သုံးမည်ဆိုပါက ၎င်းတို့အား ရုရှား နိုင်ငံအတွင်းမှာ အမြင့်ဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမည်ဟူသော နောက်ထပ်မက်လုံးတခုကိုလည်း ရုရှားသမတ ဗလာဒီယာ ပူတင်ကပြောကြားခဲ့ပါသည်။

သူပုန်သမတ အလန် မာစ်ကဒို့ဗ် (Aslan maskhadov) ခေါင်းဆောင်သော ခွဲထွက်ရေးသမားများက တိုင်းပြည်တွင် စစ်ဖြစ်နေစဉ် ထိုလူထုဆန္ဒခံယူပွဲကျင်းပပြုလုပ်ခြင်းမှာ တရားမဝင်ဟုဆိုခဲ့ပါသည်။ဆန္ဒမဲပေးပွဲအကြိုကာလတွင် သူတို့၏စစ်ဆင်ရေးကို အရှိန်တိုးမြှင့်မည်ဟု သတိပေးစကားပြောကာ မာစ်ကဒို့ဗ်က စစ်ပွဲဖြစ်ပွားနေသေးသရွေ့ မည်သည့်လူထုဆန္ဒခံယူပွဲကိုမှ အသိအမှတ်ပြုမည်မဟုတ်ဟု မတ်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

## လူကြီးလူငယ်မရွေးသတ်သော သူနာပြုဆရာမ ထောင်ဏ် တသက်ကျ

လီသာ (Lethal) ပါဝင်ရောနှောထားသောဆေးဝါးဖြင့် အထူးသဖြင့် မွေးကင်းစကလေးနှင့် သက်ကြီးရွယ်အိုလူနာများ ကိုသတ်ဖြတ်မှုဖြင့် စွပ်စွဲခံထားရသူ ဒက်ချ် (Dutch) လူမျိုး သူနာပြုဆရာမ လူစီ ဒီ ဘာက် (Lucy de berk) အား လူသတ်မှုလေးမှု၊ လူသတ်ရန်ကြိုးစားမှုသုံးမှုအတွက် သီဟိတ် (The Hague) ရှိ တရားရုံးတရုံးက မတ်လ ၂၄ ရက်နေ့တွင် ထောင်ဒဏ်တသက်တကျွန်းအမိန့်ချမှတ်ခဲ့ပါသည်။

ဒီဘာက် (အသက် ၄၁) သည် မူလက ၁၉၉၇ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၀၁ ခုနှစ်စက်တင်ဘာလအကြား သူမအလုပ်လုပ်ခဲ့သောဆေးရုံ ၃ ရုံတွင် လူသတ်မှု ၁၃ မှုနှင့် လူသတ်ရန်ကြိုးစားမှု ၃ မှုဖြင့် စွပ်စွဲခံခဲ့ရပါသည်။

တရားလိုရှေ့နေက လူစီ ဒီ ဘာက် (Lucy de berk) အသက် ၄၅ သည် လူသေခြင်းကို စွဲလန်းနေပြီး၊ ယဉ်ယဉ်လေးနှင့် စိတ်ဝေဒနာခံစားနေရသည့် အပြုအမူရှိသော အမျိုးသမီးဟုဆိုပြီး ထောင်ဒဏ် တသက်တကျွန်းချမှတ်ပေးရန် လျှောက်ထားခဲ့ပါသည်။

သို့သော်တရားလိုဘက်က သူမအပြစ်ရှိကြောင်း တိုက်ရိုက်သက်သေများပြသရန် ပျက်ကွက်ခဲ့ပြီး၊ စိတ်ရောဂါဆိုင်ရာစမ်းသပ်မှုအရ စိတ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများ ရှိသော်ငြားလည်း သူမသည် အကြမ်းပတမ်းလုပ်တတ်သော စိတ်ရောဂါဝေဒနာရှင်တဦးတော့ မဟုတ်ကြောင်း သိရပါသည်။ တိကျရေရာမှုမရှိသောသက်သေနှင့် စိတ်ရောဂါ ဆိုင်ရာအစီရင်ခံစာများကိုထောက်ပြပြီ သူမရဲ့ရှေ့နေက အမှုမှ ကွင်းလုံးကျွတ်လွှတ်ပေးရန် လျှောက်ထားခဲ့ပါသည်။

သူမသည် မွေးကင်းစကလေးငယ်သုံးဦးနှင့် သက်ကြီးရွယ်အိုအမျိုးသမီး တစ်ဦးတို့အားသတ်ဖြတ်မှုလေးမှုကို ကျူးလွန်ခဲ့ကြောင်းနှင့် တခြားမွေးကင်းစကလေးငယ်နှစ်ဦးနှင့် သက်ကြီးရွယ်အို ပင်စင်စားတဦးအားသတ်ဖြတ်ရန်ကြိုးစားခဲ့ကြောင်းဖြင့် ပြစ်မှုထင်ရှားကြောင်း တရားရုံးတော်က ဆိုပါသည်။